
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆)
ဗျူးစာပေ၊ အမှတ်-၅၂၀(က)၊ အင်း၀(၄)လမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျော်ရင် (မြ-၁၀၀၉၈)
(ရွှေခြည်သွယ်ပုံနှိပ်တိုက်)
အမှတ်-၁၇၉၊ ၃၁လမ်း၊ (၁၁)ရပ်ကွက်
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၆ ခုနှစ်၊ မေလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၃၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၇၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၀၉၈၉၄

၈၉၅.၈၃
ရွှင်မြတ်နိုး
ငါနဲ့အဝေးဆုံးကိုမင်းထွက်သွား/ရွှင်မြတ်နိုး။ ရန်ကုန်။
ဗျူးစာပေ၊ ၂၀၁၆။
(၂၃၄)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ငါနဲ့အဝေးဆုံးကိုမင်းထွက်သွား

## အခန်း ( ၁ )

"ငွေမှုံချယ့်ကို မင်း စောင့်ရှောက်ပေးစေချင်တယ် မောင်ချိုသာ ... ဦးလေးသောင်းမှာ ကျန်းမာရေးချို့တဲ့နေလို့ လူ့လောကကြီးထဲမှာနေဖို့က သိပ်မကြာတော့ဘူးလေ ... မင်းလက်ထဲကို အပ်ပါတယ်ကွာ ... နော် ... မင်း တာဝန်ယူပေးပါ"

တကယ်တော့ ငွေမှုံချယ်ဆိုတဲ့ ကောင်မလေးကို စောင့်ရှောက်ပေးချင်တဲ့ဆန္ဒက ခွန်းချိုသာမှာ ရှိမနေပေ။ ဘာဖြစ်လို့လဲဆိုတော့ ငွေမှုံချယ်က ဦးလေးသောင်းရဲ့ မွေးစားသမီးဖြစ်ပြီး ခွန်းချိုသာ ငယ်စဉ်လေးထဲက မုန်းတီးရွံရှာခဲ့ရသော သူတို့မိသားစုနှင့် အိမ်နီးချင်း နေထိုင်လာခဲ့တဲ့ ဦးကျော်ကျော်ငွေရဲ့သမီးဖြစ်နေ၍ ဖြစ်သည်။ ဦးလေးသောင်းက ခွန်းချိုသာရဲ့ကျေးဇူးရှင်ဦးလေးအရင်းအမေရဲ့မောင်တစ်ယောက် ဖြစ်သည်။

"ငွေမှုံလေးကို ဦးလေးသောင်း မွေးစားခဲ့ပေမယ့် မွေးကတည်းက

www.burmeseclassic.com



က ဦးလေးသောင်း လက်ပေါ်မှာကြီးပြင်းလာခဲ့တာပဲ ... ချိုသာ အသိဆုံးပဲလေ၊ တစ်မိသားစုနဲ့တစ်မိသားစု ဆွေမျိုးတွေလိုနေထိုင်ခဲ့ကြတာပဲ မောင်ချိုသာက နိုင်ငံခြားမှာ ပညာသွားသင်နေခဲ့လို့ စိမ်းသွားရတာပါကွာ"

ငွေမှုံချယ့်မိဘတွေ ဆုံးသွားတော့ ခွန်းချိုသာက နိုင်ငံခြားမှာ ပညာသင်နေတဲ့အချိန် ဖြစ်နေသည်။

"ဦးလေးသောင်း တောင်းဆိုပါတယ် မောင်ချိုသာရယ် ... သေတော့မယ့်သူရဲ့ နောက်ဆုံးဆန္ဒပါ"

ခွန်းချိုသာ မငြင်းဆန်ခဲ့ပေ။ ငွေမှုံချယ်ဆိုတဲ့ မိန်းကလေးကို ဦးလေးသောင်းဆန္ဒအတိုင်းပဲ လက်ခံလိုက်သည်။

"မောင်ချိုသာ့ကို ယုံကြည်စိတ်ချလို့ ဦးလေးသောင်း အပ်ခဲ့တာပါ။ ငွေမှုံလေးက လိမ္မာပါတယ် ... ပညာလည်းထူးချွန်တယ်၊ ထူးချွန်ထက်မြက်တဲ့ကလေးပါ"

ငွေမှုံချယ် တက္ကသိုလ်ဝင်တန်းကို ဘာသာစုံ ဂုဏ်ထူးနှင့် အောင်မြင်ထားကြောင်း ခွန်းချိုသာ သိထားသည်။ သူ့ရှေ့မှာ မျက်လွှာလေးချပြီး ထိုင်နေတဲ့ ငွေမှုံချယ်က လွန်စွာရိုကျိုးနေခဲ့၏။ သူ့မဖခင် ဦးကျော်ကျော်ငွေရဲ့ အကျင့်စရိုက်တွေနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

"မောင်ချိုသာရယ် ... ဦးလေးသောင်း စိတ်ချပါရစေကွာ၊ ငွေမှုံချယ်ရဲ့ဘဝလေး သူ့ခြေထောက်ပေါ် သူရပ်တည်နိုင်ပြီး





အေးချမ်းစွာ ဘဝခရီးဆက်စေချင်ပါတယ် ... မောင်ချိုသာလက်ထဲ အပ်ခဲ့ပါရစေ"

သူ လက်ခံလိုက်တယ်ဆိုပေမယ့် ကတိကဝတ်တွေ မပေးခဲ့။ ဦးလေးသောင်းရဲ့အခြေအနေအရ သူတာဝန်ယူပါမယ်ဟုသာ ခေါင်းညိတ်လိုက်သည်။

"ငွေမှုံ"

"ရှင် ... လေးလေးသောင်း"

"မောင်ခွန်းချိုသာက သမီးအစ်ကိုပဲနော် ... လိမ်လိမ်မာမာနေပါကွယ် ... သူ ဆုံးမသွန်သင်တဲ့စကားတွေကို သမီးနာခံရမယ် သမီးဘဝလေးကို တင့်တယ်ပြည့်စုံတဲ့ ဘဝလေးတစ်ခုပိုင်ဆိုင်အောင် ကြိုးစားပါကွယ်"

"ဟုတ်ကဲ့ စိတ်ချပါ လေးလေးသောင်းရယ် ... ငွေမှုံအတွက် ရှာပါနော် ... လေးလေးသောင်း ဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ် ... နားနေပါတော့"

"ကောင်းပါပြီကွယ် ... မောင်ချိုသာက လေးလေးသောင်းအရင်းပါ၊ လေးလေးသောင်း ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေ မောင်ချိုသာ့အမေဆီအပ်ပြီး မောင်ချိုသာ့ကို ပညာသင်စေခဲ့တယ်၊ ဘဝလေးပေါက်မြောက်အောင်မြင်ရင် လေးလေးသောင်း ကျေနပ်ပါတယ် ... ငွေမှုံလေးအလှည့်ကျမှ လေးလေးသောင်း အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်မယူနိုင်တော့ဘူး ဖြစ်ရတာယ်"

"ငွေမှုံလည်း ကတိပေးပါတယ် လေးလေးသောင်း ဖြစ်စေချင်တဲ့ဘဝတစ်ခု ငွေမှုံပိုင်ဆိုင်အောင် ကြိုးစားပါ့မယ်နော်"

ဦးလေးသောင်း၏အပြုံးသည် တစ်ဝက်တစ်ပျက်မှာပင် ရပ်တန့်သွားသည်။ ဖက်ကျိုးကျသွားပြီး လူ့လောကကြီးထဲကနေ အပြီးအပိုင် ထွက်ခွာသွားခြင်းဖြစ်၏။ ငွေမှုံချယ် ဖက်၍ ငိုကျွေးနေသည်။

"ဦးလေးသောင်း သေဆုံးခြင်းက မင်းဘဝရဲ့ကံဆိုးမိုးမှောင်ကျခြင်းရဲ့အစပဲ ငွေမှုံချယ် ... "

ငွေမှုံချယ့်ကို စေ့စေ့ကြည့်လျက် ခွန်းချိုသာရင်ထဲကနေ ခါးခါးသီးသီး ပြောဆိုပြစ်လိုက်မိသည်။ ဦးလေးသောင်းရဲ့စကားတွေကို သူဆန့်ကျင်လိုက်တာ မဟုတ်ပေမယ့် ငွေမှုံချယ်ရဲ့ဖခင် ဦးကျော်ကျော်ငွေကိုတော့ ခွန်းချိုသာ လွန်စွာမုန်းတီးနာကျည်းရှိုးရှာစက်ဆုတ်နေခဲ့၏။ ဘယ်သူမျှ မသိရှိခဲ့ကြ။ လွန်ခဲ့သော ဆယ်နှစ်ခန့် သူ့အသက်နှစ်ဆယ်အရွယ်ထဲက ဖြစ်ခဲ့သည်။

"လေးလေးသောင်းရယ် ငွေမှုံကို အခုလိုစောစောစီးစီး ခြန်မြန်ကြီးထားခဲ့လိမ့်မယ်လို့ မထင်ခဲ့မိဘူး ... ငွေမှုံကို စိတ်ချသွားပြီလားဟင်"

ဦးလေးသောင်းက ခွန်းချိုသာရဲ့ဦးလေးအရင်း ကျေးဇူးရှင်ပါ။ မေမေ့ရဲ့မောင် လူပျိုကြီး။





"မင်းလေးသောင်းက သူ့အမွေစေစုကို မမပဲယူပါဆိုပြီးပေးခဲ့တယ် ... မေမေက မင်းကိုပညာသင်ပေးခဲ့တယ် ... သူကတော့ နယ်မှာပဲနေခဲ့တယ်"

မိဘအမွေတွေခွဲတော့ ဦးလေးသောင်းက အမွေစုမယူခဲ့။ မေမေနှင့်ရန်ကုန်ပြောင်းလာတော့ လေးလေးသောင်းက နယ်မြို့လေးမှာပဲနေခဲ့သည်။ မေမေက မွေးရပ်မြေကိုစွန့်ခွာပြီး ဘာဖြစ်လို့ အလျင်အမြန်ကြီး ပြောင်းရွှေ့လာခဲ့ရတာလဲဆိုတဲ့အကြောင်းအရင်းကို ခွန်းချိုသာ သိနေခဲ့၏။ လေးလေးသောင်းကတော့ ဘာမှမသိခဲ့။ ငွေမှုံချယ်ဆိုတဲ့ကောင်မလေးရဲ့ဖခင် ဦးကျော်ကျော်ငွေနှင့်အချစ်ဆုံးသူငယ်ချင်းတွေဖြစ်၍တဲ့ကြောင်း ငါးနှစ်သမီးအရွယ် ငွေမှုံချယ်ကို လေးလေးသောင်းက သံယောဇဉ်ကြီးလွန်းသူဖြစ်၍ ဖြစ်ခဲ့သည်။

"ကျွန်တော့်အမွေစုကို မမပဲယူပါ ... တူလေး ရှေ့ရေးအတွက် မမကြိုက်သလို သုံးစွဲပါ ... ကျွန်တော်ကတော့ ကျော်ကျော်ငွေနဲ့ပဲ နေခဲ့မယ် ... ငွေမှုံလေးကိုလည်း မခွဲနိုင်လို့"

သူက လေးလေးသောင်းအား အတူတူလိုက်ခဲ့ဖို့ ဇွတ်အတင်း ခေါ်ပေမယ့် လေးလေးသောင်းက ငြင်းဆန်ခဲ့သည်။ သူ စိတ်နာပြီး လေးလေးသောင်းကိုပင် အဆက်အသွယ်ဖြတ်ထားခဲ့၏။ မေမေဆုံးသွားသည်။

"မမဆုံးတာကို ဦးလေးသောင်းဆီ ဘာဖြစ်လို့ အကြောင်းမကြားခဲ့ရတာလဲ မောင်ချိုသာရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"လေးလေးသောင်းသိလည်း ဘာထူးမှာလဲ ... မေမေ့အနားမှာ လေးလေးသောင်းက နေချင်တဲ့ ဆန္ဒမှမရှိခဲ့တာပဲ"

"ဟုတ်ပါတယ်လေ ... သေတဲ့သူက သေပြီပဲ"

လေးလေးသောင်းက သူ့ကို နည်းနည်းလေးမှ အပြစ်မတင်ခဲ့။ စိတ်သဘောထား ပြည့်ဝပြီး ခွင့်လွှတ်နိုင်သူဖြစ်သည်။ ငါးနှစ်လောက်သူနှင့် အဆက်အသွယ်ပြတ်နေခဲ့ပြီးမှ သူ့အားလာတွေ့ရန် ဆင့်ခေါ်သဖြင့် သူလာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

"သမီးကြိုးစားမှာပါ ... လေးလေးသောင်း ဖြစ်စေချင်တဲ့ ဘဝမျိုးကို မဖြစ်မနေ သမီးကြိုးစားပါ့မယ်နော်"

လေးလေးသောင်း အသုဘချပြီး ခုနစ်ရက်ပြည့်တဲ့နေ့တွင် ငွေမှုံချယ်အား သူနှင့်လိုက်ခဲ့ရန် ပြောခဲ့သည်။

"သမီး ဒီမှာတစ်လလောက် နေခွင့်ပြုပါအုံးနော် ... လေးလေးသောင်းအတွက် တစ်လပြည့်ကုသိုလ်လေး လုပ်ဖို့ပါ"

"ကောင်းပြီလေ ... မင်းလိုက်လာခဲ့ပါ ... ငါလာမခေါ်နိုင်တော့ဘူး"

"ဟုတ်ကဲ့ ... "

သူတစ်ယောက်ထဲ ရန်ကုန်သို့ ပြန်လာခဲ့သည်။ သူ ရန်ကုန်ရောက်တော့ သူ့အိပ်ခန်းထဲမှာ ချိတ်ထားတဲ့ မေမေ့ရဲ့ကိုယ်လုံးပေါ်ပန်းချီကားကြီးရှေ့မှာ ရပ်မိ၏။ မေမေသည် ချောမောပြီး ကျက်သရေရှိလွန်းတဲ့ မိန်းမတစ်ယောက်ဖြစ်၏။ မေမေ့ဘေးနားမှာ





ဖေဖေရဲ့ ဓာတ်ပုံရှိနေသည်။

"ဖေဖေနဲ့ မေမေ ... ကျွန်တော့်နှလုံးသားထဲမှာ နှစ်ပေါင်းများစွာ ရှုးနစ်ဝင်နေခဲ့တဲ့ အမုန်းတရားတွေကို ပြေပျောက်အောင်လက်စားချေခွင့်ရတော့မယ် ... ဖေဖေ့အတွက်ပါ မေမေဟာ လင်ယောကျ်ားအပေါ် သစ္စာကြီးမားပြီး အကျင့်သိက္ခာရှိရှိနဲ့ နေထိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ပါ"

ဟိုလူယုတ်မာကြီးကြောင့်ဟု တွေးမိတိုင်း သူဒေါသတွေပေါက်ကွဲခဲ့ရပြီး နံရံအား လက်သီးနှင့်ထိုးပစ်လိုက်မိသည်။ အကြိမ်တွေမနည်းတော့ ဖေဖေသေဆုံးသွားရတဲ့ အဖြစ်အပျက်တွေကို သူမေ့ပစ်လို့မရနိုင် ... ။

"မင်း အဖေက အရက်တွေအလွန်အကျွံ သောက်ပြီး အက်ဆီးဒင့်ဖြစ်တာပဲ ... အခုတလော အရက်တွေအရမ်းသောက်လွန်းနေတယ် ... စိတ်ညစ်စရာတွေ ဘာများရှိနေလဲ မသိဘူး ... "

ဖေဖေဆုံးစဉ်က လေးလေးသောင်းကပြောခဲ့သည်။ သူသိနေ၏။ လေးလေးသောင်း သံယောဇဉ်ကြီးရတဲ့ ဦးကျော်ကျော်ငွေကြောင့်ဆိုတာပဲ ဖြစ်သည်။

"သား မသိတာတွေ လောကကြီးမှာ အများကြီးပါသားရယ် ဘယ်သူ့ကိုမှ မမုန်းပါနဲ့ ... "

မေမေ့ကို သူချစ်သည် အမြဲတမ်းလေးစား ဂုဏ်ယူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမေ့ ဂုဏ်သိက္ခာအတွက် မျှိုသိပ်သင့်သော အရာတွေကို သူ ရင့်နှုတ်ပိတ်နေလာခဲ့သည်။

"တောက် ..."

သူ ဒေါသတကြီးနှင့် တောက်တစ်ချက်ခေါက်ပြီး အပြင်လေသာဆောင်သို့ ထွက်လာခဲ့သည်။ သူ့ရင်တွေ အမြဲတမ်းအတွေးတစ်ခုနှင့် မီးတောက်နေခဲ့တာ နှစ်တွေဘယ်လောက်အထိ ကြာမြင့်ခဲ့ပြီလဲ ... သူမေ့ထားခဲ့သည့် အရာက ငွေမှုံချယ်ကြောင့် အသစ်ပြန်ဖြစ်လာခဲ့ရ၏။ ဆောင်းရဲ့အေးစက်မှုက သူ့ရင်ကိုမအေးချမ်းနိုင်ခဲ့။ ငွေမှုံချယ်ဆိုတဲ့ ကောင်မလေးအား ခွန်းချိုသာ အမုန်းကြီးမုန်းတီးမိနေသည်။

"ငါတကယ်တော့ မင်းကိုလုံးဝ မစောင့်ရှောက်ချင်ခဲ့ဘူး။ ငွေမှုံချယ် မတတ်နိုင်ဘူးလေ ... မင်းကံပဲ"

သူ လသာဆောင်ကနေ အောက်ထပ်သို့ဆင်းလာခဲ့သည်။ ခြံထဲဆင်းလာပြီး ခြံစောင့်ကြီးဦးကြွေထံရောက်လာခဲ့၏။ ငွေမှုံချယ်အား ဦးကြွေတို့လင်မယားနှင့် ထားရန်ဖြစ်သည်။

"ဦးကြွေ ... ဒေါ်နှင်းတို့နဲ့အတူတူနေဖို့ တောကနေအိမ်ဖော်မလေးတစ်ယောက် လာလိမ့်မယ် ..."

"မိန်းကလေးလား ဆရာလေး"

"ဟုတ်တယ် ... ကျွန်တော့်ဦးလေးက ပို့ပေးတာပါ။





ဦးလေးရဲ့ မွေးစားသမီးပဲ ... တိုက်ကြီးထဲမှာ ကျွန်တော်နဲ့နေဖို့ မသင့်တော်လို့"

"ဟုတ်ကဲ့ပါ ... ဆရာလေးရယ် စိတ်ချပါ ဒေါ်နှင်းလက်ထဲသာ အပ်လိုက်ပါ ... စည်းကမ်းတကျ ဖြစ်စေရပါ့မယ်"

ဒေါ်နှင်းက ခွန်းချိုသာရဲ့ စားသောက်ရေးကို စီမံခန့်ခွဲရသူဖြစ်သည်။ ယောက်ျားလေး အိမ်ဖော်တွေပဲရှိပြီး မိန်းကလေးမရှိခဲ့ အပြောအဆိုလည်း ကြမ်းတမ်းသည်။ ဦးကြွေက အရက်သမား။

"ကျွန်တော် မလွှဲမရှောင်သာလို့ လက်ခံလိုက်ရတာပါ ဒေါ်နှင်း ... ကျွန်တော်ကို ဘာမှအားနာစရာမလိုဘူးနော်"

"စိတ်ချပါ ဆရာလေးရယ် ... ဒေါ်နှင်းစည်းကမ်းတွေပေးမယ် ... မကြာခင် ဆရာလေးလည်း ခရမ်းပြာနဲ့ လက်ထပ်တော့မယ် မဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်နှင်း ... ဒီကောင်မလေးကို ခရမ်းအတွက် ရည်မှန်းထားတယ်"

ခွန်းချိုသာမှာ ချစ်သူခရမ်းပြာရှိသည်။ မကြာခင် လက်ထပ်ဖို့ စီစဉ်ထားပြီးသားဖြစ်သည်။ မင်းကိုတော့ ငါ့ချစ်ဇနီးလောင်းခရမ်းပြာအတွက် လက်ဆောင်အဖြစ် သတ်မှတ်ထားတယ် ငွေမှုံချယ်၊ မင်းက ငါ့ရဲ့အစေအပါးပဲ ဖြစ်စေရမယ် ... မင်းကို ပညာဆက်သင်ဖို့ ငါလုံးဝ ခွင့်မပြုဘူး ... မင်းဘဝကို အိမ်စေအဖြစ်ပဲ ငါလက်ခံရလိမ့်မယ် ... မင်း အဖေကြောင့် ငါ့အဖေ စိတ်သောကရောက်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတယ် ... အသေဆိုးနဲ့ သေခဲ့ရတယ် ငွေမှုံချယ် ... ရင်တွေ မီး ထတောက်လာခဲ့ရသည်။

✣

အခန်း ( ၂ )

“ဒီကောင်မလေးက မောင့်ဦးလေးရဲ့ မွေးစားသမီးလေး ငွေမှုံချယ်ပဲ ... မင်း သွန်သင်ဆုံးမနိုင်တယ်နော် ... မောင်က ယောက်ျားဆိုတော့ ဒီကောင်မလေးကို ထိန်းသိမ်းဖို့ အဆင်မပြေနိုင်ဘူး ခရမ်း”

“ခရမ်းအတွက်လည်း လိုအပ်တယ် ... မောင်နဲ့ လက်ထပ်ပြီးရင် လိုအပ်တယ်လေ”

“လောလောဆယ်တော့ ကောင်မလေးကို ဦးကြွေနဲ့ ဒေါ်နှင်းလက်ထဲ အပ်ထားမယ်”

“ကောင်းတယ်မောင် ... ကောင်မလေးကို သွားကြိုရမယ့်နေ့မှာ ခရမ်းနဲ့အတူတူ သွားကြိုမယ်နော်”

“ခရမ်း သဘောပဲလေ ... မောင်ကတော့ ဝင်မစွက်ဖက်ပါဘူး ... ခရမ်းဆန္ဒအတိုင်း စီမံအုပ်ချုပ်ပိုင်ခွင့် ရှိပါတယ်”

ဗိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းနှင့်သူက နိုင်ငံခြားမှာတွေ့ဆုံပြီး ချစ်သူတွေဖြစ်ခဲ့ကြသည်။ လက်ထပ်သင့်တဲ့ မိန်းကလေးဖြစ်တာကိုပဲ သူဆုံးဖြတ်ခဲ့ပြီး အစီအစဉ်တွေ လုပ်နေခဲ့၏။ ခရမ်း ပညာတတ်မိန်းကလေး တစ်ယောက် ... သူ လက်ထပ်မယ့် မိန်းကလေးကလည်း ပညာတတ်ဖြစ်ရမည် ဖြစ်သည်။

"မောင်"

"ဟင် ..."

"ဘာဖြစ်လို့ ငြိမ်သွားရတာလဲ ... တစ်ခုခုကို အလေးအနက် စဉ်းစားနေသလိုပဲ"

တစ်ခါတစ်ရံ မောင်ကတွေဝေလွန်းပြီး ဓိဇာကြောင်တာကို ခရမ်းသဘောမတွေ့မိပေ။ အကြောင်းပြချက် မရှိဘဲ မိန်းမောငေး ငိုင်လျှက် ... တစ်ယောက်ထဲ ဒေါသဖြစ်ချင်လည်း ဖြစ်နေတတ်သည်။

"ကောင်မလေးကို ဘယ်နေ့ သွားကြိုရမလဲမောင်"

"ရှေ့လမှပါ ... လောလောဆယ် လေးလေးသောင်းတစ်လ ပြည့်စောင့်နေတယ်"

"ဘယ်အရွယ်လဲ ..."

"တက္ကသိုလ်ဝင်တန်းကို ဘာသာစုံဂုဏ်ထူးနဲ့အောင်ထားတယ်"





"ဟယ် ... ဟုတ်လား"

"ငွေမှုံချယ်ကိုတော့ ဆေးကျောင်းထားပေးဖို့ မောင်ကတိ ပေးလိုက်ရတယ်"

သူ့ကိုယ်သူ လုံးဝနားမလည်နိုင်အောင် ဖြစ်သွားရသည်။ ငွေမှုံချယ်ကို အိမ်စေအဖြစ် ပညာမတတ် ဘာမတတ်နှင့် နေစေလိုခဲ့တာ ဖြစ်ပေမယ့် ခရမ်းရှေ့မှာ ဆန္ဒနှင့် သူ့စကားတွေက ဆန့်ကျင်ဘက် ဖြစ်သွားရသည်။

"ကောင်မလေးက မခေဘူးပဲမောင် ... နေပါဦး မောင့်လေးလေးသောင်း အကြောင်းလည်း ခရမ်းကို တစ်ခါမှပြောမပြဖူးဘူးနော် ... ဘယ်ကနေ ဘယ်လိုပေါ်လာရတာလဲ ရှင်းပါဦး"

"ဟုတ်တယ် ... မောင့်ဘက်က တမင်တကာ ကင်းကင်းနေခဲ့တာပါ ... စိတ်နာစရာအကြောင်း တစ်ခုရှိနေလို့လေ"

ငွေမှုံချယ့်ကို တာဝန်ယူမွေးစားလိုက်တယ်ဆိုတဲ့ သတင်းက လေးလေးသောင်းအား ချိုသာ မုန်းတီးနာကြည်းစရာ အကြောင်းဖြစ်စေခဲ့သည်။ ငွေမှုံချယ့် သံယောဇဉ်ကြောင့် သူတို့နှင့် လိုက်မပြောင်းခဲ့တာကို သူစိတ်နာကြည်းနေခဲ့၏။ လေးလေးသောင်းက ဆက်သွယ်မှ သူသွားတွေ့ခဲ့သည်။

"ဒီကောင်မလေးနဲ့ ပတ်သက်ပြီး ကိုယ်တာဝန်မယူချင်ခဲ့ဘူး။ ဒါပေမယ့် လေးလေးသောင်း ဆန္ဒဖြစ်နေလို့ မောင်ကတိပေးလိုက်ရတာယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ … ခရမ်း ကြည့်စီစဉ်ပါ့မယ် … ကျောင်းကတော့ [illegible]ပဲ … သူတော်ရင် တော်သလိုပေါ့နော်မောင်"

ငွေခိုချယ်ကို သူ အရမ်းမုန်းတီးနေခဲ့တဲ့အကြောင်းကို သူ ဘယ်သူ့ကိုမှ ထုတ်ဖော်ပြောပြချင်တဲ့ ဆန္ဒရှိမနေပေ။ တစ်သက်လုံး လည်း ဘယ်သူမှ ဖွင့်မပြောပြခဲ့ … မေမေရဲ့ ဂုဏ်သိက္ခာအတွက် ဖြစ်သည်။

"မောင်"

"ဟင် … "

"ခရမ်းတို့ လက်ထပ်ပွဲအတွက်ပဲ အရေးကြီးပါတယ်လေ ဖိတ်စာတွေ သွားကြည့်ရအောင်ပါ"

"ခရမ်းသဘောပဲ"

"မောင်ဟာလေ အမြဲတမ်း ခရမ်းသဘောပဲ … ဘာဖြစ်လို့ ဖြစ်နေရတာလဲ"

"အိမ်မှုကိစ္စတွေက မိန်းကလေးတာဝန်ယူသင့်တယ်လေ ခရမ်း မောင်က စီးပွားရေးပဲ အာရုံစိုက်ထားချင်တယ်"

"မောင်က ခရမ်းကို မောင့်စီးပွားရေးလုပ်ငန်းတွေလောက် စိတ်မဝင်စားဘူး … ခရမ်းကို အိမ်ရှင်အဖြစ် အစေအပါးလို ထားမလို့ လား"

"ခရမ်းရယ် မင်းလည်း စီးပွားရေးရှိတာပဲ … မောင် အမြဲ တမ်း ခရမ်းဆန္ဒကို အလေးအနက် ထားတဲ့သဘောပါ"





မောင်က ခရမ်းကို လက်ထပ်တာ … အေးစက်လွန်းသည်။ ချစ်သူဘဝမှာလည်း ကြင်နာယုယမှုတွေ မပါခဲ့ … မောင့်ခေါင်းထဲ မှာက စီးပွားရေးပဲရှိနေသည်။ လူချင်းတွေ့လျှင် ပညာရပ်တွေ အကြောင်းနှင့် စီးပွားရေးအချက်အလက်တွေပဲ မောင်ကဆွေးနွေး နေသည်။

"ကဲပါမောင်ရယ် … စီးပွားရေးလုပ်တာက လုပ်တာပဲ … ဖိတ်စာအတွက် မောင်ရွေးပေးရမယ် … ဒါပဲ … လာသွားမယ်"

"မဖြစ်သေးဘူး ခရမ်း"

"ဟင် … ဘာဖြစ်လို့လဲ"

"မောင်လုပ်ငန်းရှင်တစ်ယောက်နဲ့တွေ့ဖို့ရှိတယ် … ခရမ်းပဲ စိတ်တိုင်းကျ လုပ်လိုက်ပါ … အရေးကြီးတာက ခရမ်းကျေနပ်ဖို့ပဲ လေ"

ခရမ်းဘာမှ မပြောနိုင်သေးခင်ဘဲ … သူ ထွက်လာခဲ့ သည်။ သူ့လက်ထပ်ပွဲကို အလျှင်အမြန်ကြီး မလုပ်ချင်ခဲ့ပေ။ ခရမ်း တောင်းဆို၍ဖြစ်၏။ သူ့သဘောထားက ဘာလဲ … အသေအချာ စဉ်းစားနိုင် … သူတို့က လက်ထပ်ရမယ့် အရွယ်ဖြစ်နေ၍ဖြစ် သည်။

"အား … အလုပ်တွေက ရှုပ်နေတယ် … ခရမ်းက ဘာဖြစ် လို့များ အလောတကြီးလက်ထပ်ချင်ရပါလိမ့်နော်"



www.burmeseclassic.com

www.burmeseclassic.com



ချိုသာက စီးပွားရေးကို လောဘတကြီးလုပ်ချင်သည်။ ငွေမလိုပေမယ့် အောင်မြင်မှုက အထွတ်အထိပ်လိုအပ်နေခဲ့၏။ ခရမ်းက အပျော်နှင့်အချစ်ကို ဦးစားပေးလွန်းသည်။

"အင်းလေ ... ခရမ်းမှာလည်း အပြစ်မရှိပါဘူး ... အရွယ်လွန်နေပြီပဲ အရေးထဲမှာ ငွေမှုချယ်ကတစ်မျိုး ... မလွဲမရှောင်သာလို့ ငါ လက်ခံလိုက်ရတာ ... ဒီကောင်မလေး မျက်နှာကိုမမြင်ချင်ဘူး"

သူ ဘယ်လောက်ပဲ အိမ်စေအဖြစ် နှိမ့်ချဆက်ဆံနေပါစေ ပညာရေးတော့ အားပေးချင်နေသည်။ ရုပ်ပါတယ် ခရမ်းသဘောပဲ ခရမ်းစီစဉ်လိမ့်မယ် ... ဒီကောင်မလေးအကြောင်း မတွေးတာပဲကောင်းတယ်ဟု အတွေးကို ဖြတ်ပစ်လိုက်သည်။ အလုပ်ထဲမှာ သူ့စိတ်တွေကို နှစ်ထားပစ်လိုက်၏။ ခရမ်းဆီက ဖုန်းလာမှ သူ အလုပ်ကို လက်စသတ်ရသည်။

"မောင် ... တွေ့ရအောင် ခရမ်းဖိတ်စာတွေရပြီ ... မောင့်ကို နမူနာပြချင်လို့နော်"

သူ အလုပ်တွေကိုဖြတ်ပြီး ခရမ်းအပြေးအလွှားရောက်လာသည်။

"ဒီမှာ ... ဖိတ်စာ နမူနာလေ မောင် ... ကြည့်ပါဦး"

"အင်း ... ကောင်းပါတယ် ... အရေးကြီးတာက ခရမ်းကြိုက်ဖို့ပဲလေ"





"မောင်ရယ် ... တကယ်ပါပဲ ... ခရမ်းတို့ မင်္ဂလာပွဲကိစ္စက မောင့်အတွက် အရေးမကြီးသလိုကြီးပဲ စိတ်ပျက်တယ်"

"ခရမ်းရယ် ယောကျာ်းတစ်ယောက်က စီးပွားရေးကို ဂရုစိုက် စိတ်ဝင်စားတာကောင်းတဲ့ ကိစ္စပဲ"

သူ့ ဂုဏ်သိက္ခာတွေအတွက် မိန်းမတစ်ယောက်ကို ချစ်စကားတွေပြောနေရတာရော ... ပွေ့ဖက်နမ်းရှိုက်ရတာရော သူ အရှက်ကြီး ရှက်နေမိသည်။ လူကြီးလူကောင်း ပီသစွာပဲ ခရမ်းကို တည်တည်ကြည်ကြည် ဆက်ဆံပြောဆိုချင်ခဲ့၏။ ခရမ်းနှင့် သူ အမြဲတမ်း ပဋိပက္ခ အသွင်ဆောင်ရသည်။

"မောင် ..."

"ဟင် ..."

"ခရမ်းကို ချစ်လား"

"လက်ထပ်ဖို့တောင် စီစဉ်နေပြီပဲ ... ခရမ်းရာ ဘာတွေလာ နေတာလဲ"

"မရဘူး ... ဒီတစ်ခါတော့ မောင် အတိအကျဖြေရမယ် ဖြေ"

"ဟာ ... မောင် အခုမှ သတိရတယ် အိမ်ပြန်ရမယ် ခရမ်း Sorry ပါကွာ"

"မောင် ..."

"မောင်ပြန်တော့မယ် ... မောင့်အလုပ်တွေ အရေးကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းကိုထားခဲ့ပြီး ချိုသာ ကားကိုအလောတကြီးမောင်း၍ ပြန်လာခဲ့သည်။ ခရမ်းကို အားနာပေမယ့် ချိုသာ အလုပ်ထက် ဘာကိုမှ ဦးစားမပေးလိုပေ … ခရမ်းက အရေးမပါတာတွေ လုပ်တတ်သူဟု သူ ထင်နေခဲ့၏။ အိမ်ပြန်ရောက်မှ သူ့စိတ်တွေ ပေါ့ပါး လွတ်လပ်သွားသလိုပင်။

"မောင်ချိုသာ … ညစာ အပြင်ကစားခဲ့ပြီးပြီလား"

"မစားရသေးဘူး ဒေါ်နှင်း"

"ဒေါ်နှင်း ပြင်လိုက်မယ်နော်"

"ကျွန်တော် မစားတော့ဘူး ဒေါ်နှင်း … အိပ်ပါတော့ ကျွန်တော့်မှာ အလုပ်တွေပါလာလို့ … "

"မောင်ချိုသာ … "

"ဟုတ်ကဲ့ … "

"မင်း အိမ်စေကောင်မလေးက တက္ကသိုလ်ဝင်တန်းမှာ ဘာသာစုံ ဂုဏ်ထူးနဲ့အောင်ထားတာဆို"

"ဒေါ်နှင်းကို ဘယ်သူပြောလဲ"

"ခရမ်း … "

"အင်း … "

"ဆေးကျောင်းတက်မှာဆို … "

"ဒေါ်နှင်း … "

"ဟင် … "





"ကျွန်တော်ပြောတဲ့ အတိုင်းသာလုပ်ပါ … သူဟာသူ ဘယ်ကျောင်းပဲတက်တက် ဒီကောင်မလေးက အစေခံပဲ ပြန်နားတော့"

"ဟုတ် … ဟုတ်ကဲ့"

ဒေါ်နှင်းက အရမ်းစပ်စုပြီး စကားများလွန်းသည် … ပွစိ ပွစိပြောတတ်တဲ့ အကျင့်လည်းရှိ၏။ အပြောအဆို ကြမ်းသည် … ဦးကြွေကြောင့် ချိုသာ သည်းခံထားရပြီး သူ့အပေါ်တာဝန်ကျေလွန်းသည်။

"မဟုတ်ပါသေးပါဘူး … ဘာတွေလဲ ရှုပ်ရှုပ်ယှက်ယှက်"

ဒေါ်နှင်းပွစိ ပွစိပြောပြီး ပြန်ထွက်သွားသည်။ သူကလည်း သူ့ပဲ လေးလေးသောင်းရှေ့မှာ ကတိပေးလက်ခံထားခဲ့ပြီး အမုန်းတွေ နာကြည်းတွေမှုနှင့် ငွေမှုံချယ့်ကို အနိမ့်ချဆုံး ဘဝတစ်ခုမှာ ရှိနေစေချင်တာပဲဖြစ်သည်။

"မင်းဘဝကြီးတစ်ခုလုံး အမြင့်ဆုံးကို ရောက်သွားအောင် ငါလုံးဝ မလုပ်ပေးနိုင်ဘူး … ငွေမှုံချယ် အဲဒီအချက်ကို ငါလုံးဝ ဆန့်ကျင်ရမယ်"

လေးလေးသောင်းက ငွေမှုံချယ့်ဘဝလေးကို မြင့်မားတိုးတက်စေရန် ပညာရေးကို ဆက်သင်ပေးပါဟု ကတိတောင်းခဲ့သည်။

"လေးလေးသောင်းက မင်းဦးလေးအရင်းပါ … ငွေမှုံချယ့်ဟာ ဦးလေးသမီးပဲ … မှင်းဇီစာင့်ရှောက်ပေးပါ … မင်းညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ပဲကွယ်"

လေးလေးသောင်းက ချီုသာတို့သွေးသားထဲမှာ နောက်ဆုံးကျန်ရစ်သူပါ ... မေမေ ကိုယ်တိုင်က မသေခင် ... လေးလေးသောင်းကို သွားတွေ့ဖို့ သားရဲ့ကျေးဇူးရှင်ဖြစ်တယ်ဟု အထပ်ထပ်ပြောနေတတ်သည်။

"လေးလေးသောင်း သားတို့နဲ့လိုက်ခဲ့ပါ ... ဦးကျော်ကျော်ငွေဆိုတဲ့ လူကြီး ... ဘာပဲဖြစ်ဖြစ် လေးလေးသောင်းနဲ့ ဘာဆိုင်လို့လဲ မေမေနဲ့ သားကိုတော့ စိတ်ချလား"

"ကျော်ကျော်ငွေက အရက်တွေ အရမ်းသောက်နေတယ် မကြာခင် သေလောက်တဲ့ ရောဂါတွေဖြစ်လာလိမ့်မယ် ... ငွေမှုချယ်လေး ရှေ့ရေးစိတ်ပူလို့ပါ ... ချီုသာနဲ့ မမကို စိတ်ချတယ် ... အထူးသဖြင့် ချီုသာက အရွယ်ရောက်နေပြီပဲ"

လေးလေးသောင်း အရမ်းရက်စက်တယ်ဗျာဟု တစ်ခွန်းပြောပြီး ချီုသာ ချာခနဲလှည့်ထွက်လာခဲ့သည်။

"မင်း ဘယ်သူ့ကို နာကြည်းပြီး တလောကလုံးကို ဘာတွေမကျေမနပ်ဖြစ်နေရတာလဲ သား ... လေးလေးသောင်းက မေမေတို့ သားအမိအပေါ် တာဝန်ကျေခဲ့တာပဲ ... မင်းငယ်ငယ်လေးထဲက ထိန်းကျောင်းချိုပိုး မွေးမြူလာခဲ့တာပဲ"

ဦးကျော်ကျော်ငွေနှင့် မေမေတို့ ဖေဖေကွယ်ရာမှာ ဖောက်





ပြန်ခဲ့ကြတဲ့ မြင်ကွင်းကို ချီုသာတွေ့ခဲ့တာ ဘယ်သူမှ မသိခဲ့။ ရှက်လွန်း၍ ဘယ်သူ့ကိုမှလည်း ထုတ်ဖော်ပြောပြခြင်း မရှိခဲ့။ ဖေဖေသိသွားခဲ့ပြီး ဒေါသတွေ ပေါက်ကွဲခဲ့တာလည်း သူသိနေခဲ့သည်။

"ဖေဖေ သေသွားတာ မေမေအရမ်းပျော်နေလား ... မေမေငိုတောင် မငိုဘူး ... ဟန်ဆောင်လေးတောင် မငိုဘူး ... ဟန်ဆောင်လေးတောင် နည်းနည်းလေးမှ ဝမ်းနည်းမပြခဲ့ဘူး"

ချီုသာ လုံးဝမကျေမနပ်နှင့် မျိုသိပ်ခံစားနေခဲ့သည်။ မေမေ့ကိုလည်း သူထုတ်ဖော် အပြစ်တင်တာတွေ မလုပ်ခဲ့ ... သူ့ဘဝတစ်လျှောက် နိုင်ငံခြားမှာပဲနေထိုင်ခဲ့ပြီး မေမေသေဆုံးမှသာ သူပြန်လာခဲ့၏။ လေးလေးသောင်းနှင့်လည်း အဆက်အသွယ်မလုပ်ခဲ့။ သူ့ဘဝက တကယ့်ကို ယောင်ချာချာနှင့် ရှုပ်ထွေးပူလောင်စွာနေထိုင်ဖြတ်သန်းခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃ )

"ဟိုမှာ လျှောက်လာနေတာ ငွေမှုံချယ်ပဲ ခရမ်း"

"ဟင် ... သူလား"

"ဟုတ်တယ် ..."

"ကောင်မလေးက ချောချောလေးပဲ ... မောင်တို့ဘ ဘာတွေလဲ ... ခရမ်းက တောသူမ အစုတ်အနုတ်လေးထင်နေ တာ"

ခရမ်းစိတ်ထဲမှာ လုံးဝကို မထင်မှတ်ထားမိ ... ငွေမှုံချယ်ဘ ချောမောလှပလွန်းတဲ့ မိန်းကလေးဖြစ်နေသည်။ ဘာတွေလဲ အချစ် ယေားတွေလားပဲ ... မောင့်ဦးလေးအကြောင်း ဘယ်တုန်းကမှ ထုတ်ဖော်ပြောမပြခဲ့ ... ခရမ်းစိတ်ထဲမှာ သံသယတွေဖြစ်လာရ ငွေမှုံချယ်က အိတ်လေးဆွဲပြီး ခရမ်းတို့အနားရောက်လာသည်။

"မင်းပဲ သူ့ကို ဦးဆောင်ခေါ်လာခဲ့ပါ ခရမ်း ... ကားပေါ်ဘ ပဲ မောင်စောင့်နေမယ်"





ပြောပြီး မောင်လှည့်ထွက်သွားသဖြင့် ခရမ်းပဲ မိတ်ဆက်ပြီး ခေါ်လိုက်ရသည်။

"မင်းက ငွေမှုံချယ်လား ..."

"ဟုတ်"

"မမက မောင့်ရဲ့ဇနီးလောင်း ခရမ်းပြာပဲ ... လာ မောင် ကားပေါ်မှာ စောင့်နေတယ်"

"ဟုတ် ..."

ဖေဖေသောင်းက ငွေမှုံအား ဦးချိုသာနှင့်နေရမည်။ ပညာ ရေးအတွက်ပဲ အာရုံစိုက်ကြိုးစားပါ ... သမီးဘဝ ကိုယ့်ခြေထောက် ပေါ် ကိုယ်ရပ်နိုင်ဖို့ပဲ ... အရေးကြီးပါတယ်ဟု တဖွဖွမှာကြားထား ခဲ့သည်။ ငွေမှုံ ဆယ်နှစ်သမီးမှာ ဒက်ဒီဆုံးသွားပြီး အရက်သမားကြီး လုံးလုံးဖြစ်နေတဲ့ ဒက်ဒီကြောင့် စီးပွားလည်းပျက်၍ လေးလေး သောင်းရဲ့ စောင့်ရှောက်မှုနှင့် ကြီးပြင်းလာခဲ့ရသည်။

"ဖေဖေသောင်းတစ်ယောက်လုံး ရှိပါတယ် ငွေမှုံ ... ဘာမှ အားမငယ်နဲ့ သမီးလေး ပညာသာကြိုးစားပါ လိမ်လိမ်မာမာနေ"

ငွေမှုံ ပညာရေးကိုကြိုးစားသည်။ ဖေဖေသောင်းစကားတွေ အသွေမတိမ်း နာခံလျက် သူမဘဝအဆင့်မြင့်စေဖို့ ကြိုးစားနေထိုင် ခဲ့ရာ မထင်မှတ်ဘဲနှင့် ဆိုးဝါးတဲ့ ကံကြမ္မာကြောင့် ဖေဖေသောင်း အစာအိမ်ကင်ဆာရောဂါ ဖြစ်လာပြီး သေဆုံးသွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချိုသာ နောက်ကို သမီးလိုက်သွားရမယ် ... လိမ်လိမ်မာမာနေပါ ... မောင်ချိုသာက လေးလေးသောင်းကို အထင်လွဲပြီး စိတ်နာနေတယ် ... သမီးကို အပ်စရာက မောင်ချိုသာပဲရှိတော့တာလေ"

ဖေဖေသောင်းစကားကို ငွေမှုံနားထောင်ရမည်ဖြစ်သည်။ ဘယ်လိုပဲဖြစ်နေပါစေ ဦးချိုသာရဲ့စကားကို ငွေမှုံနားထောင်မည်ဖြစ်၏။ ဦးချိုသာက လေးလေးသောင်းရှေ့မှာသာ ငွေမှုံကိုလက်ခံခဲ့ပြီး ဖေဖေသောင်းဆုံးတဲ့ နောက်ပိုင်းတွင် အလိုမကျသလို တင်းတင်းမာ ဆက်ဆံပြောဆိုခဲ့လေသည်။

"ငွေမှုံချယ်"

"ရှင် ..."

"မောင်နဲ့ ဘယ်အချိန်က စသိတာလဲ"

"လွန်ခဲ့တဲ့ တစ်လလောက်ကမှပါ ... ဖေဖေသောင်းဆုံးခါနီး အချိန်းလေးပဲ တစ်ရက်ပဲတွေ့ဖူးပါတယ် မမခရမ်းပြာ"

"လေးလေးသောင်းဆိုတာ မောင့်ဦးလေး အရင်းလား"

"ဟုတ် ... ငွေမှုံသိရတာတော့လေ ငယ်ငယ်တုန်းက ဦးချိုသာတို့နဲ့ အိမ်ချင်းကပ်နေကြတာပါ ... ငွေမှုံဒက်ဒီက အရက်တွေအရမ်းသောက်ပြီးနေလို့ ဖေဖေသောင်းက ဦးချိုသာတို့နဲ့ လိုက်မပြောင်းဘဲ ဒက်ဒီနဲ့ကျန်ရစ်ခဲ့တာပါ ... ငွေမှုံကို သံယောဇဉ်တွယ်





လို့တဲ့ ... လေးလေးသောင်းက ပြောပြပါဖူးပါတယ် ... ဦးချိုသာက ဖေဖေသောင်းကို အထင်လွဲနေတယ် ... စိတ်နာနေတယ်တဲ့"

"သြော် ... ဒီလိုလား"

ငွေမှုံချယ်ဆိုတဲ့ ကောင်မလေးကတော့ စွဲမက်စရာ အလှတွေကို ပိုင်ဆိုင်ထားသူလေးဖြစ်နေသည်။ ခရမ်းပင် မနာလိုဖြစ်နေရ၏။ မောင် စိတ်မဝင်စားဘူးဆိုတာ ဖြစ်နိုင်ပါ့မလား ... ငယ်ကျွမ်းဆွေတွေ မောင်က အချစ်ရေးကိစ္စတွေ မိန်းကလေးကိစ္စတွေ လုံးဝစိတ်မဝင်စားတတ်ဘူးဆိုတာတော့ ခရမ်းသိထား၏။ ဒါပေမယ့်လည်း ခရမ်းစိတ်မချ ... မောင် အလေးအနက်မထားပဲ ခရမ်းလက်ထဲ အပ်နေတာလည်း မောင့်ရဲ့ရိုးသားမှု ထင်နေမိပြန်သည်။

"တကယ်တော့ ဦးချိုသာက ငွေမှုံကို သိပ်လက်ခံထားချင်တာတော့ မဟုတ်ပါဘူး ... ဖေဖေသောင်းကြောင့်ပါ ... "

မမခရမ်းပြာနှင့် ဦးချိုသာတို့နှစ်ယောက် သံသယမပွားစေဖို့ ငွေမှုံ အမှန်အတိုင်းပြောပြလိုက်ခြင်းဖြစ်သည်။ ငွေမှုံလည်း မလွဲသာ မရှောင်သာလို့နေခဲ့ရခြင်းဖြစ်၏။ ဖြစ်နိုင်လျှင် ငွေမှုံအလုပ်လုပ်ရှင်း တစ်ယောက်ထဲပဲ လွတ်လွတ်လပ်လပ် ကင်းကင်းနေချင်သည်။

"ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် မောင်ချိုသာနဲ့ပဲနေပါသမီး ... မောင်ချိုသာက ဖေဖေသောင်းအပေါ် အထင်လွဲနေလို့ပါ ... စိတ်သဘောထား ရိုးဖြောင့်တယ် ... လူတော်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါ ... ”

ဖေဖေသောင်း ဆန္ဒအရ ငွေမှုံနေထိုင်ခြင်းဖြစ်သည်။ ငွေမှုံကို ဖေဖေသောင်း ဘယ်လောက်အထိ အနစ်နာခံကျွေးမွေး စောင့်ရှောက်လာခဲ့လည်းဆိုတာ ငွေမှုံအသိဆုံးပဲဖြစ်သည်။

“ကားပေါ်တက်တော့ ငွေမှုံ”

“ဟုတ် ... ”

ဦးချိုသာ မျက်နှာထားတည်တည်ကြီးနှင့် ထိုင်နေသည်။ ငွေမှုံကို နည်းနည်းလေးမှ အရေးအရာမလုပ်ခဲ့ ... အင်းလေ ဦးချိုသာ ဘယ်လိုပဲနေပါစေ ... သူ့ထားရာမှာ ငွေမှုံနေဖို့ပဲ ကြိုးစားရမည် မဟုတ်လား ... ငွေမှုံမှာ ငွေလည်းမရှိဘူး ... ဖေဖေသောင်းက သူ့ကိုယ်သူဆေးမကုဘဲ ငွေမှုံအတွက် စုပေးထားတဲ့ ငွေတွေကို ဖေဖေသောင်း မသိအောင် ငွေမှုံဆေးကုပေးခဲ့၏။ သူများတွေက ဆေးကုပေးသလိုလိုနှင့် ဖေဖေသောင်းကို ဒီလောက်အထိ အနစ်နာ မခံစေလို၍ ဖြစ်သည်။

“သမီး ပညာရေးအတွက်ပဲထားပါ ... ဖေဖေကသေမယ့်သူပဲ ငွေကုန်မခံနဲ့တော့ ... သမီးက အသက်ရှင်လျက် ဘဝကို ရှေ့ဆက်ရမှာလေ ... သေမယ့်သူက သေမှာပဲ ဆေးမကုနဲ့တော့ သမီးက အတင်းကုပေးလည်း ဖေဖေ လက်မခံဘူး”

ပတ်ဝန်းကျင်က အကုန်အကျခံပြီး ဆေးကုပေးတာဆိုပြီး ငွေမှုံဆေးကုသခဲ့သည်။ ဖေဖေသောင်း ဝေဒနာတွေကို ကြိတ်မှိတ်ခံစားနေရတာ ငွေမှုံမကြည့်ရက်လို့ပါ။ ငွေလည်း မရှိတော့။ ဖေဖေသောင်းစကားတွေကို ဒီတစ်ခါတော့ သမီးအတိအကျ နားထောင်ပါ့မယ် ဆိုပြီး ဦးချိုသာဆီမှာ ဘယ်လိုပဲနေရနေရ သည်းခံနေပါတဲ့ ... ပညာရေးအတွက် ရှေ့ဆက်နိုင်အောင် ကြိုးစားပါတဲ့ ငွေမှုံကတိပြုခဲ့ရလေသည်။





“ငွေမှုံချယ်”

“ရှင်”

“ခြံတံခါးဆင်းဖွင့်လိုက်စမ်း ... ရောက်ပြီ၊ ဦးကြွေ ဘယ်ရောက်နေလည်း မသိဘူး ... ဦးကြွေကို ခရမ်းမကြိုက်တာ အဲဒါပဲ သိလား ... သူ့ မိန်းမကို ဝိုင်းပြီး လုပ်ပေးနေပြီ”

မမခရမ်း အမိန့်နှင့် ငွေမှုံ ကပျာကယာဆင်းဖို့ ပြင်တော့ ကားတံခါးကို မဖွင့်တတ်ဘဲ ဖြစ်နေသည်။

“ဟဲ့ ... တောက် ညံ့ဖျင်းလိုက်တဲ့ တောသူမပဲ ... ဒါကို ချွဲရတယ်ဟဲ့ ဖျင်းလိုက်တာ ... ”

“ဟုတ်ကဲ့ ... တောင်းပန်ပါတယ်”

ငွေမှုံကလည်း ငွေမှုံပဲ တံခါးပေါက်ဖြောင့်အောင် မဖွင့်တတ်ဘူး ... ကိုယ်ပိုင်ကားမှ မစီးဖူးတာပဲ ... မမခရမ်းပြောလည်း ပြောချင်စရာ ... ငွေမှုံအောက်သို့ဆင်းပြီး တံခါးကြီးတွန်းဖွင့်သည်



www.burmeseclassic.com

www.burmeseclassic.com



လုပ်တော့ ခြံစောင့်ကြီးထွက်လာပြီး ဖွင့်ပေးသည်။

"တီ … တီ … တီ … ကဲ မောင် ကားစက်နိုးလေ … ဘာဖြစ်လို့ စက်ရပ်ထားရတာလဲလို့ မောင်းဝင်လေ … "

ခရမ်းပြောမှ ချိုသာလည်း အသိတွေဝင်လာပြီး စက်ကို ပြန်နိုး၍ မောင်းဝင်လာခဲ့သည်။ ငွေမှုံချယ်လည်း ခြံထဲလိုက်ဝင်လာပြီး မတ်တတ်လေးရပ်နေ၏။ ချိုသာတိုက်ကြီးထဲသို့ တန်းဝင်လာခဲ့သည်။

"ကလေးမက ငွေမှုံချယ်ဆိုတာလား"

"ဟုတ်ကဲ့ … "

"လာ … သမီးက ဦးကြွေတို့နဲ့ နေရမှာ"

"ရှင် … "

"မောင်ချိုသာက ငွေမှုံချယ့်ကို ဦးကြွေတို့လင်မယား လက်ထဲ အပ်ထားတယ်လေ … ဦးကြွေက ခြံစောင့် မိန်းမက ထမင်းဟင်းချက် … "

"ဩော် … ဟုတ်လား"

ဦးချိုသာက ငွေမှုံကို အိမ်ဖော်အဆင့်ပဲထားချင်ပုံပင်။ အင်းလေ ဘယ်လိုပဲနေရပါစေ … နေဖို့ပဲ ဆုံးဖြတ်ထားသည်။ သူက ချမ်းသာလိုက်တာ ဒီလောက်ချမ်းသာတာကို ဆင်းရဲဒုက္ခရောက်နေတဲ့ ဖေဖေသောင်းအား အဆက်အသွယ် လုံးဝ မလုပ်ခဲ့ပေ။ ရက်





စက်လိုက်တာ ငွေမှုံကြောင့်ပဲ ဖြစ်နိုင်၏။ ဦးချိုသာကို အထင်မကြီးတော့ စိတ်ခတ်မြင့်မြတ် ယောကျ်ားမဟုတ်ဟုပဲ သတ်မှတ်ပစ်လိုက်သည်။

"မင်းအတွက် အခန်းပဲကလေးမ ဦးကြွေဇနီးကတော့ နည်းနည်း အပြောကြမ်းတယ် … ဒါပေမယ့် စိတ်ရင်းတော့ ကောင်းပါတယ်"

"ဟုတ်ကဲ့ … ငွေမှုံနေတတ်ပါတယ် … ဆုံးမသွန်သင်စရာရှိရင်လည်း သွန်သင်ပေးပါ ခိုင်းစရာရှိရင်လည်း ခိုင်းပါနော်"

ငွေမှုံချယ်လေးက ရုပ်ရည်ရူပကာ ချောမောလွန်းပြီး သိမ်မောယဉ်ကျေးပုံပါ … မောင်ချိုသာရဲ့ ဦးလေးကမွေးစားထားတာပဲ … ဘာဖြစ်လို့များ နှိမ်ချဆက်ဆံနေတာ စဉ်းစားမရ။ မောင်ချိုသာကလည်း စိတ်ယုတ်မာသူလည်း မဟုတ်ပါဘူး မိန်းမ ရောက်လာသည်။

"ဒီမှာ ငွေမှုံချယ်ဆိုတဲ့ ကောင်မလေးရောက်လာပြီ"

"ဟင် … ညည်းလား အရမ်းချောတဲ့ ကောင်မလေးပဲ ဒါကြောင့်ထင်တယ် … မောင်ချိုသာက ငါတို့လက်ထဲအပ်ထားတာ သူယူမယ့် မိန်းမကလည်း အပြောကြမ်းကြမ်းပဲ"

"ရှင် … "

"ညည်းလေး ညည်းအနေအထိုင် တတ်အောင်နေ … ဒို့ မောင်ချိုသာက ဘာပဲလုပ်လုပ် မိန်းမသဘောပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ငွေမှုံကို သွန်သင်ဆုံးမပေးပါနော်"

"ညည်း ... ကျုပ်နဲ့တွဲလုပ်ရမယ် အိမ်မှုကိစ္စတွေရော့ပဲ"

"ဟုတ်ကဲ့ ... ခိုင်းပါ"

"ညည်း လက်လေးတွေက နုဖက်နေတာပဲ ... အိမ်မှုကိစ္စတွေ လုပ်နိုင်ပါ့မလား ..."

"ဟုတ်ကဲ့ ... ကျွန်မလုပ်နိုင်ပါတယ် ... ကျွန်မက သူဌေးသမီး မဟုတ်ပါဘူး ... ဖေဖေသောင်း မသိအောင် ကျွန်မ တခြားအိမ်တွေမှာ အဝတ်တွေသွားလျှော်ခဲ့ပါတယ်"

"ဟင်"

ဖေဖေသောင်းက ငွေမှုံကိုခြေမွေးမီးမလောင် လက်မွေးမီးမလောင်ထားခဲ့ပေမယ့် ဖေဖေသောင်းမသိအောင် ငွေမှုံပိုက်ဆံရှာဖွေခဲ့သည်။

"ညည်း အလုပ်လုပ်ရင်း စာမေးပွဲဖြေတာ ... ဘာသာစုံဂုဏ်ထူးထွက်တယ်လား"

"ဟုတ်ကဲ့ ... ငွေမှုံ အရမ်းကြိုးစားခဲ့ပါတယ် ... မွေးစားအဖေရဲ့ ဆန္ဒပြည့်ဝစေဖို့ပါ ... အသေအလဲ ကြိုးစားခဲ့တာ"

"မင်းက လိမ္မာလိုက်တာကွယ် ... ဘာပဲဖြစ်ဖြစ် ငွေမှုံကို ဦးကြွေတို့ သမီးလေးအဖြစ်စောင့်ရှောက်ပေးပါ့မယ် အားမငယ်နဲ့နော်"

"ကျေးဇူးတင်လိုက်တာ ဦးလေးကြွေရယ် ... ဘယ်လိုပဲနေ





ရ နေရ ဦးချိုသာ ထားရာမှာနေပါ့မယ် ... ဒေါ်လေးနှင်း အလုပ်တွေကိုလည်း ဝိုင်းကူပေးပါ့မယ်"

ဦးကြွေရော ဒေါ်နှင်းရော ကောင်မလေးရဲ့ လိမ္မာရေးခြားရှိမှုကို သဘောကျသွားကြသည်။ ရိုးသားဖြူစင်လွန်း၏။ မာနကင်းသည်။

"ကဲ ... သမီးငွေမှုံ အနားယူလိုက်ဦးနော် ... ဒေါ်နှင်းလည်း နားပြီ ... ခရမ်းပြာရှိနေရင် အလိုက်သိသိ ရှောင်ပေးကြရတယ်လေ"

ငွေမှုံ အခန်းလေးထဲဝင်လာခဲ့သည်။ ဖေဖေသောင်းသိရင်တော့ စိတ်မကောင်းဖြစ်နေမလားပဲ။ ဝိညာဉ်ဘဝနဲ့အထိ ငွေမှုံကို စောင့်ရှောက်မနေပါနဲ့တော့နော် ... လွတ်ကျွတ်သွားပါတော့ ... ငွေမှုံ ဘယ်လိုဘဝမျိုးမှာပဲ ဖြစ်ဖြစ်နေတတ်ပါတယ် ... ဖေဖေသောင်းကို သတိရနေမိ၏။ မျက်ရည်တွေ ပြည့်တက်လာသည်။

"ဦးချိုသာ အထင်လွဲပြီး ဖေဖေသောင်းကို စိတ်နာရတာလည်း ငွေမှုံကြောင့်ပါ"

ဦးချိုသာတို့ သားအမိပြောင်းရွှေ့သွားထဲက ဒက်ဒီ အရက်သမားကြီးဖြစ်သွားသည်။

"မင်း ဒီလိုသာ အရက်ထဲမှာ မင်းဘဝကို နှစ်ထားရင် ငွေမှုံလေး ဘယ်လိုရှင်သန်နေထိုင်ရမလဲ ... ကျော်ငွေ သတိရှိစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဒက်ဒီက ပြောမရ … အရက်တွေသောက်ပြီး အသည်းကင်ဆာနှင့် ဆုံးသွားသည်။ ဖေဖေသောင်းက အစ်မနှင့် တူအရင်းကို ပစ်ထားကာ ငွေမှုံကိုပဲ တာဝန်ယူစောင့်ရှောက်ပေးခဲ့၏။ ဦးချိုသာ အမုန်းကို ခံယူခဲ့သည်။

"ငွေမှုံလေးဘဝအတွက် ရပ်တည်နိုင်အောင် ကြံ့ကြံ့ခံစမ်းပါကွယ်"

ဖေဖေသောင်းက ငွေမှုံ့အပေါ် သွေးသားရင်းကဲ့သို့ သံယောဇဉ်ကြီးရှာသည်။

"ဦးချိုသာရယ် … ငွေမှုံထားရာမှာ နေပါ့မယ် … ဒါပေမယ့်လေ ငွေမှုံပညာရေးကိုတော့ ဆက်ပြီး တာဝန်ယူပေးပါနော် … တောင်းပန်ပါတယ် … ငွေမှုံ ဆရာဝန်ဖြစ်ချင်တယ်"

ဖေဖေသောင်းရဲ့ ကြီးမားသော ဆန္ဒတစ်ခုဖြစ်သည်။ ဦးချိုသာက ငွေမှုံကို ဘယ်လိုသဘောထားမှာလဲ … ဖေဖေသောင်းဆီမှာ ကျောင်းဆက်ထားပေးပါ့မယ်ဟု ကတိပြုခဲ့ပေမယ့် ဦးချိုသာရဲ့ ပြုမူဆက်ဆံပုံက စိမ်းလွန်းနေကာ အိမ်ဖော်အဆင့်ပဲ သတ်မှတ်ထားပုံရသည်။

✣

အခန်း ( ၄ )

"ငွေမှုံချယ်"

"ရှင် … "

"မမခရမ်းရဲ့ ထမီတွေကို မီးပူတိုက်ပေးဦး … အိမ်မှာ အလုပ်သမားတွေ မအားကြဘူး … မမခရမ်း မကြာခင်ဒီမှာပြောင်းနေတော့မယ် … ပစ္စည်းတွေ တဖြည်းဖြည်းချင်း ရွှေ့နေတာလေ"

"ဟုတ်ကဲ့ ထားခဲ့ပါ ငွေမှုံ အားလုံးလုပ်ပေးပါ့မယ် … ညနေ အားလုံး အဆင်သင့် လုပ်ထားပေးပါ့မယ် မမခရမ်း"

ငွေမှုံချယ်ဆိုတဲ့ ကောင်မလေးအား ခပ်နှိမ်နှိမ်ဆက်ဆံထားဖို့ ခရမ်း ဆုံးဖြတ်ထားသည်။ ဒီကောင်မလေးက ခေသူတော့ မဟုတ်ဘူး … ထူးချွန်ထက်မြက်ပုံပင် … ဆေးကျောင်းလည်း တက်ခွင့်မပြုနိုင်ဘူး … မောင်က ဘာမို့လို့လဲ … အခုတောင် မောင့်အပြုအမူတွေက သွေးအေးလွန်းသည်။ မောင် မိန်းကလေးတွေကို စိတ်မဝင်စားဘူးဆိုပေမယ့်လည်း ခရမ်းစိတ်မချ … ငွေမှုံချယ်က



www.burmeseclassic.com

www.burmeseclassic.com



ညှို့ယူဖမ်းစားနိုင်တဲ့ အလှအပတွေကို ပိုင်ဆိုင်ထားသည်။

"ကြမ်းပြင်တွေကို သေသေချာချာ တိုက်နော် ... မမခရမ်းက သန့်နေမှ နေတတ်တယ်"

"ဟုတ်ကဲ့ ... စိတ်ချပါ ... မမခရမ်း အားလုံး စိတ်တိုင်းကျ ငွေမှုံလုပ်ပေးထားပါ့မယ်"

"ငွေမှုံချယ် ... "

"ရှင် ... "

"ညည်းက ထင်ထားတာထက်တောင် လူမှုဆက်ဆံရေး ကောင်းနေသေးပါလား"

"ရှင် ... "

"ညည်းနေထိုင်ရတဲ့ဘဝကို နှိမ်ချဆက်ဆံတာလို့ မထင်ဘူးလား"

"ဟင့်အင်း ... မထင်ပါဘူး ... မမခရမ်းရယ် လက်ခံပြီး စောင့်ရှောက်ပေးထားတာကိုပဲ ကျေးဇူးတွေအများကြီးတင်ပါတယ် ... တစ်ခုပဲရှိပါတယ် ငွေမှုံဆေးကျောင်းတက်ချင်ပါတယ် ဦးချိုသာကို ငွေမှုံမပြောရဲဘူး ... မမခရမ်းက တဆင့်ပြောပေးပါနော်"

"မောင်က လက်မခံဘူး ငွေမှုံ ... မဖြစ်နိုင်ဘူးထင်တယ်"

"ရှင် ... "

"ညည်းကို မောင်က အိမ်ဖော်အဆင့်ပဲ သတ်မှတ်ထားတာ





ကျောင်းတက်ဖို့ ညည်းလေး စိတ်ကူးမယဉ်နဲ့တော့"

ဒီကောင်မလေးကို ဆေးကျောင်းထားပေးလို့ မဖြစ်နိုင်ဘူး မောင်က ပြောထားပေမယ့် ခရမ်းတားဆီးရမည်ဖြစ်သည်။ ညည်းလေး အစေအပါးပဲဖြစ်ရမယ် ... မောင့်ကို ကြည့်ရတာ ငွေမှုံချယ်ကို မျက်နှာမပေး မာမာထန်ထန်ကြီး ဆက်ဆံနေတာ ခရမ်း သတိထားမိနေ၏။ ဘယ်လိုပဲဖြစ်ဖြစ်လေ ဒီကောင်မလေးနှင့်မောင်က သွေးသားတော်စပ်ကြတာ မဟုတ်ဘူး ... ခရမ်းစိတ်ထဲမှာ မနာလိုစိတ်တို့မှုတွေ ဖြစ်ပေါ်နေရသည်။

"ညည်း စာပေးစာယူနဲ့ ရိုးရိုးဘွဲ့တစ်ခုတော့ ရအောင် မမခရမ်းကူညီမယ် ... ဒီလောက်လေးနဲ့ပဲ ကျေနပ်"

ငွေမှုံ ဘာမှဆက်မပြောနိုင်ခင်မှာပင် မမခရမ်းက ထွက်သွားသည်။

"မောင်က ညည်းလေးကို မမခရမ်းအတွက် လက်တိုလက်တောင်းခိုင်းဖို့ ခေါ်လာခဲ့တာတဲ့ ... မမခရမ်းလိုအပ်တာတွေက အများကြီးပဲ ... ညည်းလေးကို ပြောပြထားရဦးမယ်"

ဖေဖေသောင်းက ငွေမှုံကို ဆရာဝန်တစ်ယောက်ဖြစ်စေချင်တာ ဘယ်လိုလုပ်ရမလဲ ... မဖြစ်ဖြစ်အောင် ကြိုးစားပါသမီးရယ်တဲ့ ... ငွေမှုံငိုချင်လာသည်။ ဦးချိုသာရက်စက်တယ် ငွေမှုံမှာ ဘာအပြစ်ရှိလို့လဲ ... ပြောတော့ စိတ်ထားပြည့်ပါတယ်တဲ့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



အညိုးနဲ့များ ငွေမှုံကို ကျွန်တစ်ယောက်လုံးလုံးဖြစ်စေရန် တမင်ရည်ရွယ်ချက်ရှိရှိနှင့် ကျွန်ဓာတ်သွင်းနေပုံရသည်။

"အဟင့် ... ဟင့် ဟင့်"

"အဟင့် ... ဟင်"

"အဟင့် ... "

တွေးမိပြီး ငွေမှုံဘယ်လိုမှ စိတ်မထိန်းနိုင်တော့ပဲ ... ထောင့်ကွယ်လေးမှာ ငုတ်တုတ်လေးထိုင်လျှက် ငိုမိသွားသည်။

"အဟင့် ... ဟင့် ဦးချိုသာ အရမ်းရက်စက်တယ် ... ငွေမှုံကို ကျွန်တစ်ယောက်အဖြစ်ပဲ ထားချင်တာ အညိုးအတေးကြီးလွန်းတာပါတယ် ... ငွေမှုံမှာ ဘာမပြစ်ရှိလို့လဲလို့ အဟင့် ဟင့် ... ကတိမတည်တဲ့ လူကြီး"

"ဟင် ... "

ခြေသံကြား၍ မော့ကြည့်လိုက်တော့ ငွေမှုံအထိတ်တလန့်နှင့် ကြမ်းပြင်လေးပေါ် ခွေကျသွားသည်။ ဘုရားရေ ... သူမရှေ့မှာ ရပ်နေသူက ဦးခွန်းချိုသာရယ်ပါ ... မီးဝင်းဝင်းတောက်နေသလို မျက်နှာထားကြီးနှင့် ခက်ထန်စွာ ကြည့်နေသည်။

"ရှင် ... ဟို ... ဟို ဦးချိုသာ ဟိုလေ ငွေမှုံ ငွေမှုံ"

"တိတ်စမ်း ... "

"ဟုတ်ကဲ့ ... "





"မင်း အလုပ်မင်းလုပ် ... ငါထားရာမှာနေ စေရာသွား ဒါပဲ မင်းဘာတစ်ခုမှ စောဒကတက်ပိုင်ခွင့် မရှိဘူး"

"တောင်းပန်ပါတယ် ဒါပေမယ့်လေ ... "

"မင်း ဘာမှဆက်မပြောနဲ့လို့ ပြောနေတယ်လေ ... မင်းပြောချင်တာရှိရင် ခရမ်းတဆင့်ပြော"

ငွေမှုံချယ်အနားကနေ ချိုသာထွက်လာခဲ့သည်။ ဒီကောင်မလေး မျက်ရည်ကျနေတာကို သူကျေနပ်မိသလိုပင်။ ငွေမှုံချယ် ပြောလိုက်တဲ့ စကားတွေကို သူအားလုံးကြားခဲ့၏။ ကျွန်ထက်တောင် နိမ့်ကျတဲ့ဘဝမှာ ငါထားချင်ခဲ့တာပါ ... မင်း ဒက်ဒီရဲ့စော်ကားမှုကြောင့် ငါ့အမေ နာကျင်ခံစားခဲ့ရတာ ... ငါ့မျက်စိနဲ့ တပ်အပ်တွေ့ပြီး ငါကြိတ်မျက်ရည်ကျခဲ့ရတာ ... အရှက်ကြီးရှက်ခဲ့ရတယ် ငွေမှုံချယ် ... မင်း မသိပါဘူး ... သူ့အခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ဦးချိုသာ ရက်စွက်တယ် ... ငွေမှုံမှာ ဘာအပြစ်ရှိလို့လဲ"

သူ့ကို ရက်စက်သူအဖြစ်သတ်မှတ်တာကိုပဲ သူကျေနပ်သည်။ မင်းကို ဒီထက်အဆပေါင်းများစွာ ပိုပြီး ရက်စက်ချင်နေခဲ့တာပါ။ ဒါပေမယ့်လည်း ဒီကောင်မလေးကို ပညာရေးတော့ ဆက်သင်ပေးလိုခဲ့သည်။

"ငါက လူတစ်ယောက်ရဲ့ ပညာရေးကို လုံးဝ ပိတ်ပင်ဟန့်တားတာမျိုး မလုပ်ချင်ဘူး ငွေမှုံချယ် ... မင်းက ဘာဖြစ်လို့အားဒီလောက်အထိ ထူးချွန်ထက်မြက်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံချယ်ပညာရေးမှာ ထူးချွန်နေတာကိုတော့ သူကြိတ်ပြီး ချီးမွမ်းမိသည်။ လူတစ်ယောက်ရဲ့ ဘဝကို စုတ်ပြတ်သပ်သွားစေရန်အထိတော့ ချိုသာ မလုပ်လိုပေ။ သူ့နှလုံးသားတွေက မာကျောပြတ်သားမှု မရှိခဲ့။ သူ့ကိုယ်သူတောင် မကျေမနပ်ဖြစ်ရသည်။

"အလကား လူကြီး ... အကြင်နာတရား လုံးဝ မရှိဘူး။ မုန်းတယ် ..."

"ဟင် ... အို ... တောင်းပန်ပါတယ်နော် ... ငွေမှုံက မကြားဘူးထင်လို့ပါ"

သူမ ထွက်လာခဲ့သည်။ နှုတ်ခမ်းလေးက စူထော်နေ၏။ လုံးဝ မကျေနပ်ဘူး ဖေဖေသောင်းရှေ့မှာတော့ ကတိတွေအထပ်ထပ်ပေးပြီး တခြားစီပဲ ... ငွေမှုံ အရမ်းပဲကြေကွဲဝမ်းနည်းနေမိသည်။

"အဟင့် ... ဟင့်"

"ဟဲ့ ... ကလေးမ ဘာဖြစ်လာရတာလဲ ... မျက်ရည်တွေနဲ့ ခရမ်းဆူလိုက်လို့လား ..."

"အဟင့် ... ဟင့်"

"ငွေမှုံ ဘာဖြစ်လို့လဲ ... ဒေါ်နှင်းကိုပြောလေ"

"ဟို ... ဟို ... ဦးချိုသာပေါ့ ငွေမှုံကို ကျောင်းဆက်မထားဘူးတဲ့"

"အဲဒီလို ပြောလား"





"အင်း ..."

ငွေမှုံ မျက်ဝန်းတွေထဲမှ မျက်ရည်တွေ တလိမ့်လိမ့် စီးဆင်းကျလာသည်။

"ငွေမှုံ ဘယ်လိုလုပ်ရမလဲဟင် ... ငွေမှုံ ကျောင်းဆက်တက်ခွင့်ရမှ ဖြစ်မယ် ... ဖေဖေသောင်း ဖြစ်စေချင်တဲ့ ဆရာဝန်မကြီးဖြစ်မှ ဖြစ်မယ်"

"ဒေါ်နှင်းလည်း ဘယ်တတ်နိုင်မလဲအေ ... မောင်ချိုသာက စိတ်သဘောထား ပြည့်ဝပါတယ် ညည်းလေးကိုမှ ..."

"မောင်ချိုသာ စနိုးလောင်း ခရမ်းပြာကြောင့်လား"

ဦးလေးကြွေရော ဒေါ်လေးနှင်းတို့ပါ ငွေမှုံ့အတွက် စိတ်မကောင်းဖြစ်နေကြသည်။ မောင်ချိုသာက ငွေမှုံချယ့်ကို အိမ်ဖော်တစ်ယောက်အဖြစ်ပဲ ထားချင်သည်တဲ့ ... ဖေဖေသောင်းကို ငွေမှုံ အပိုင်စားထားလို့လား ... ယောကျ်ားလေးတစ်ယောက်ဖြစ်ပြီး ဒီလောက်အထိ အညှိုးအတေးမထားသင့်ဟု ထင်မိသည်။

"အင်းလေ ... ဘယ်တတ်နိုင်ပါ့မလဲ ... ငွေမှုံမှာ ခိုနားစရာမှ မရှိတာပဲ ... မမခရမ်း ထမီတွေ လျှော်ရဦးမယ်"

"ငွေမှုံ ..."

"ရှင် ..."

"ညည်းလေးဘဝက အိမ်ဖော်အဖြစ်နဲ့ မတန်ပါဘူးအေ ..."



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းလိုက်တာ ခရမ်းပြာတို့အိမ်မှာ အစေအပါးတွေ အများကြီးရှိပါတယ်"

ငွေမှုံလေးကို ထမီလျှော်ခိုင်းတဲ့ အထိတော့ မလုပ်ခိုင်းသင့်ပါဘူးဟု ဒေါ်နှင်းထင်မိသည်။ ပြောပစ်ချင်တယ် ငွေမှုံလေး ပညာရေးရော ရုပ်ရည်လက္ခဏာအရရော အိမ်ဖော်အဆင့်မထားသင့်ဟု ထင်မိနေ၏။ ထမီးတထပ်ကြီးကိုင်ပြီး ထွက်သွားရတဲ့ ငွေမှုံလေးကို သနားလွန်း၍ မောင်ချိုသာ့ဆီ ထွက်လာခဲ့သည်။

"မောင်ချိုသာ ..."

"ဗျာ ... ဘာကိစ္စများရှိလို့လဲ"

"ဒေါ်နှင်း တစ်ခုလောက်ပြောစရာရှိလို့လာတာပါ"

"ပြောပါ ..."

"မောင်ချိုသာရဲ့ ဇနီးလောင်းက တရားဝင်ဇနီးတောင် မဖြစ်သေးဘူး ... ငွေမှုံလေးကို ထမီးတွေလျှော်ခိုင်းတဲ့အထိ မနှိမ်ချသင့်လို့ထင်တယ် ... ကလေးမလေးကို အိမ်ဖော်အဆင့်လည်း မထားသင့်ပါဘူး မောင်ချိုသာ့ဦးလေးအရင်းရဲ့ မွေးစားသမီးလေးပါပဲ ညှာထောက်ထားသင့်ပါတယ်"

ဒေါ်နှင်းဒေါသတကြီးနှင့် မကျေမနပ်ပြောလိုက်မိသည်။ လွန်တယ် ကလေးမလေးအပေါ် တမင်သက်သက် နှိမ်ချဆက်ဆံသလိုကြီး ဖြစ်နေ၏။ ဒေါ်နှင်းက ပြောစရာရှိလျှင် ညှာတာထောက်ထားတတ်ခြင်း မရှိ။ အလုပ်မှာ တာဝန်ကျေကျေ သစ္စာရှိရှိ လုပ်





ဆောင်ပေးခဲ့သည်။ ခရမ်းပြာကိုတော့ ဒေါ်နှင်း အမြင်မကြည်လင်မိ။ အကြောကြီးနှင့် ဆက်ဆံတတ်သူဖြစ်၏။ မောင်ချိုသာက အရေး ပေးလွန်းသည်။

"မင်း ဘယ်လိုပဲသဘောထားပါစေ ကလေးမပညာရေးကိုတော့ ဆက်ပြီးထားပေးသင့်ပါတယ်ကွယ် ... မင်း မသင်ပေးဘူးဆိုရင်တော့ ဒေါ်နှင်းတို့ ချွေတာစုဆောင်းပြီး ထားပေးမယ် ဒါပဲ"

မောင်ချိုသာ့ဆီက အဖြေအတိအကျမရခဲ့။ ဒေါ်နှင်း ဒေါသတွေထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"ကျေးဇူး တင်လိုက်တာ မောင်ရယ် ... ခရမ်းလေ အခရမ်းကို စွဲစပ်သေချာတဲ့ အိမ်ဖော်ကောင်မလေး တစ်ယောက်ကိုရလိုက်တာပါ ... ငွေမှုံက အလုပ်လုပ်တာ သေသပ်တယ် ... ခရမ်းထမီတွေလျှော်ထားတာ ဖြူစင်ပြီး သေသပ်နေတာပဲ"

ချီသာ ရင်တွေနာကျင်ရူးရှသွားသည်။ ငွေမှုံချယ်ကို မုန်းတီးပေမယ့် ပညာရေးအထိ စုတ်ပြတ်သပ်သွားအောင် လုပ်ပစ်ဖို့အထိ ချီသာ ရှက်မိလာသလို ဖြစ်လာ၏။ လေးလေးသောင်း ရှေ့မှာသူ ကတိပေးခဲ့သည်။

"ငွေမှုံလေးကို ပညာဆက်သင်ပေးပါ ... ဆရာဝန်မလေးအဖြစ် လေးလေးမြင်ချင်တယ် ... မောင်ချီသာ ကတိပေးပါ"

"စိတ်ချပါ လေးလေးသောင်း ... ကျွန်တော် တာဝန်ယူပါတယ် ကတိပေးတယ် ... ပူပင်သောကရောက်မနေပါနဲ့နော်"

"ငွေမှုံချယ်လေးမှာ အပြစ်မရှိပါဘူး ... မောင်ချီသာရယ်





သားထက်လည်း သံယောဇဉ်ပိုတွယ်တာ မဟုတ်ပါဘူး ... ကလေးမလည်း ဘဝအတွက်ပါ"

သူ့ဘာကြောင့် ငွေမှုံချယ်ကို မုန်းတီးနာကြည်းခဲ့ရလည်းဆိုတာ သူပဲသိထားသည်။ ဦးကျော်ကျော်ငွေကြောင့်ပါ ... ငွေမှုံချယ်ကို ခရမ်းလက်ထဲ အပ်ပြီးမှ သူ့စိတ်တွေက မပျော်ရွှင်နိုင်ပဲနောင်တတွေရမိလာ၏။ ခေါ်နှင်းပြောတဲ့ စကားတွေကိုလည်း ဖြန့်၍ ကြားယောင်နေသည်။

"မောင်"

"ဟင် ..."

"ခရမ်းပြောနေတဲ့ စကားတွေကို မောင် စိတ်မဝင်စားဖြန့်ဘူး မဟုတ်လား ... မောင် ဘာတွေစဉ်းစားနေတာလဲ"

"ခရမ်း သဘောပဲလို့ မောင်ပြောထားတာပဲ ... ခရမ်းစိတ်ချမ်းသာဖို့ အရေးကြီးပါတယ်"

ငွေမှုံချယ်နှင့် ပတ်သက်တာတွေ သူ လုံးဝမစဉ်းစားသင့်ဘူး ကောင်မလေးနဲ့ တန်တဲ့ဘဝပဲ မင်းစိတ်တွေ ဘာဖြစ်လို့ ပျော့ညံ့ချင်ရတာလဲ ချီသာ ... နေပါစေ မင်းက အစေအပါးဘဝပဲ ပိုင်ဆိုင်သင့်တယ် ... ။

"ကျောင်းကတော့ စာပေးစာယူဆိုရင် တော်ပါပြီ ... ဒီအောက်အထိ ချီးမြှောက်စရာ မလိုဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ခရမ်း"

"ဆေးကျောင်းတက်ရင် ရည်းစားထားလိမ့်မယ် … အရမ်းလည်းမြောက်ပြီး ခရမ်းတို့ကို တော်လှန်ဆန့်ကျင်လာမှာပဲ ခရမ်းပဲကြည့်ပြီး စိစဉ်မယ် … ခရမ်းသဘောပဲ မဟုတ်လားမောင်"

"အင်းလေ … ခရမ်းသဘောပါပဲ ဒါပေမယ့် သူ့စရိတ်နဲ့သူ ကျောင်းဆက်တက်မယ်ဆိုရင်လည်း ခရမ်းခွင့်ပြုရလိမ့်မယ်"

"ဘယ်က သူ့စရိတ်လဲ မောင် … ဒီဟာမလေးမှာ ဘယ်က ဝင်ငွေရှိလို့လဲ"

"လေးလေးသောင်းက မောင့်ဆီမှာ ကျောင်းစရိတ်အဖြစ် အပ်ထားခဲ့တာရှိတယ် … ငွေမှုံချယ်တောင် မသိဘူး … သိန်းနှစ်ရာလေ … "

"ဟင် … "

ချိုသာ လိမ်ညာပြောတဲ့အထိတောင် ကိုယ်ကျင့်တရားတွေ ပျက်ပြားလာသည်။ သူ့စကားနှင့်သူ ငွေမှုံချယ်အား အစေအပါးဘဝ သွပ်သွင်းဖို့ ကြံစည်ပြောဆိုထားမိ၍ ပြန်ပြင်ရန် မလွယ်ပေ။ ခရမ်းတစ်မျိုးထင်မှာလည်း သူစိုးရိမ်စိတ်ဝင်လာ၏။ ငွေမှုံချယ်ကို ကျောင်းဆက်ထားပေးဖို့ သူ ဆုံးဖြတ်နေမိသည်။

"ငါ ဒီလောက်အထိ လူမဆန်တဲ့ အပြုအမူတွေ မလုပ်နိုင်ဘူး … မင်းဟာမင်း ကြိုးစားတည်ဆောက်ပါငွေမှုံချယ် … မင်း





သိမိုင်းပဲ"

သူ တွေးနေမိသည်။ လေးလေးသောင်းကို ပေးထားတဲ့ ကတိထက် လူသားတစ်ယောက်ရဲ့ဘဝကို ဖျက်စီးခြေမှုန်းရမှာပါ ငွေမှုံချယ်ကို မုန်းတီးနာကြည်းမှုတွေက ရက်စက်တဲ့ အပြုအမူတွေ မလုပ်ရက်ပဲ ဖြစ်နေသည်။

"မောင်ကိုယ်တိုင်က ဒီဟာမလေးကို ကျောင်းထားပေးချင်နေတာ မဟုတ်လား"

"မောင်က ဝတ္တရားအရပဲ လုပ်ပေးချင်တာပါ … ငွေမှုံချယ်ကို မောင်အိမ်တန်းလျားမှာ ထားတာပဲလေ … ဒါပေမယ့် လေးလေးသောင်း ဆန္ဒဖြစ်နေတယ် … လေးလေးသောင်းထားခဲ့တဲ့ ငွေနဲ့လေ … မောင်လုပ်ကိုလုပ်ပေးသင့်တယ်ထင်လို့ပါ … အလုပ်တွေ ခိုင်းစေတာကတော့ ခရမ်းသဘော ဆန္ဒအတိုင်းပါပဲကွာ … "

ချိုသာ မင်း မုသာဝါဒတွေ ပြောတတ်နေပြီပဲ … ဒီကောင်မလေးကို ဘဝပျက်သွားတဲ့အထိ လုပ်မယ်ဆိုတဲ့ မင်းဆန္ဒတွေ ဘယ်ရောက်ကုန်ရတာလဲ … သူ့ စိတ်တွေ မတည်ငြိမ် ရက်စက်ရမယ့် အကြံအစည်တွေက ပြေပြောလျော့လျော့ ခရမ်းရှေ့မှာ မလုံမလဲဖြစ်လာရသည်။

"အင်းလေ … ထားပေးလိုက်ပေါ့ ခရမ်းကို ဆန့်ကျင်တော်က ပြီသလာရင်တော့ ကျောင်းထုတ်ပစ်ရလိမ့်မယ် … မောင်သဘော



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ် မဟုတ်လား"

"အင်း ... ခရမ်းသဘောပဲလေ"

သူ စီးပွားရေးကလွဲပြီး တခြားကိစ္စတွေကို ခရမ်းသဘောပဲ ဟုပြောခဲ့သည်။ လက်ထပ်တယ်ဆိုတာ ဘဝတစ်ခုကိုတည်ဆောက်တာဟုပဲ လက်ခံထားမိ၏။ အချစ်ဆိုတာကို လုံးဝ မခံစားမိ။ ခရမ်းပြာက လက်ထပ်သင့်သူဟုပဲ ဆုံးဖြတ်ခံယူထားသည်။

"ခရမ်းကတော့ နိုင်းစရာရှိတာနိုင်းရမှာပဲလေ ... မောင်က လက်ဆောင်ပေးထားတဲ့ အိမ်ဖော်မလေးပဲ"

ငွေမှုံချယ်တို့ ဒီလောက်အထိ ချောမေလှပလွန်းနေလိမ့်မည်ဟု ခရမ်းမတွေးမိ။ ပညာကလည်း ထူးချွန်နေသေးတယ်။ မောင်ကတော့ မိန်းမကိစ္စတွေ ဒီလောက်အထိ စိတ်မဝင်စားတာ ခရမ်းသိသည်။ တရားဝင်လက် မထပ်ရသေးသဖြင့် ခရမ်းနည်းနည်း အလျှော့ပေးထားလိုက်ခြင်းဖြစ်၏။ ငွေမှုံချယ်ကို အရမ်းကြီးမြောက်စားထားလို့ မဖြစ်ဘူးဟု ခရမ်းဆုံးဖြတ်ထားသည်။

"ကဲပါ ... မောင်ရာ ငွေမှုံချယ့်ကိစ္စ အရေးမကြီးပါဘူး ... ခရမ်းတို့ လက်ထပ်ပွဲကိစ္စပဲ အရေးကြီးတာပါ ... ဖိတ်စာတွေဝေရမယ် ... မောင် မိတ်ဆွေ အသိုင်းအဝိုင်းတွေလည်း ဖိတ်ဦး"

"ခရမ်းပဲ စီစဉ်လိုက်လေ"

"စာရင်းပေးပါ ... မောင်ကလေ လက်ထပ်ပွဲကိစ္စ ပေါ့ပျက်ပျက်နဲ့ ဘာမှန်းကို မသိဘူး"





"မောင်မှာ အလုပ်တွေများနေတယ် ... ခရမ်းကို မောင်လက်ထပ်တာက ခရမ်းက မောင့်ကိုယ်ပွားအဖြစ် တချို့ကိစ္စတွေ ဝင်ပြီး စီမံပေးနိုင်အောင်လေ"

"ဟွန် ... မိန်းကလေးတစ်ယောက်ကို လက်ထပ်တဲ့မောင့် ရည်ရွယ်ချက်ကြီးကလည်း ထားပါတော့ လက်ထပ်ပွဲကြီးပြီး မြောက်အောင်မြင်သွားတာပဲ ကျေးဇူးတင်ပါပြီ"

ခရမ်း မကျေနပ်ဆုံးက မောင့်ရဲ့အေးစက်စက် အပြုအမူပဲ မောင်ရယ်မော ပျော်ရွှင်နေတာ ခရမ်းမတွေ့ဖူးခဲ့ ... အမြဲတမ်း တွေဝေ ငြိမ်သက်လျှက် စီးပွားရေးမှာပဲ အာရုံတွေ နှစ်ထားသလို ကြီးဖြစ်နေသည်။

"တစ်ခါတလေ မောင့်အမူအရာက တလောကလုံးကို မကျေမနပ်ဖြစ်နေသလိုပဲ ... မောင့်မှာ ဘာခံစားချက်တွေရှိနေလဲ ခရမ်းသိချင်တယ် ပြောပြပါမောင် ... "

"ခရမ်းနဲ့ မဆိုင်တဲ့ကိစ္စပါကွာ ... မောင် အထီးကျန်နေခဲ့လို့ ထင်တာပဲ"

မောင် ထိုစကားကလွဲပြီးတော့မှ ဆက်မပြောခဲ့ ... ခရမ်းနှင့် ချစ်သူတွေဖြစ်သွားတာတောင်မှ အနေနီးစပ်သွားလွန်း၍ဖြစ်သည်။ အချစ်ကို မမေးပါနဲ့တဲ့ ... အချစ်ဆိုတာကြီးကို မောင်မကြိုက်လို့တဲ့ ... မောင်က စီးပွားရေးလုပ်ငန်းကြီးလုပ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ခနီးမယားရှိမှ တင့်တယ်မယ်ထင်လို့ ခရမ်းကို ရွေးချယ်လက်ထပ်တာတဲ့ ... ခရမ်းလည်း စောဒကတက်မနေတော့ဘဲ ခွန်းချိုသာလို ယောကျ်ားတစ်ယောက်ကို အမိအရ ဖမ်းဆုပ်ထားနိုင်ဖို့ပဲ ခရမ်းပြာ ကြံစည်ကြိုးစားနေခဲ့သည်။

"ဇီတ်စာလည်း ခရမ်းပဲ လိုက်ဖိတ်လိုက်ပါတော့မယ် ... ခရမ်းရဲ့ သတို့သားလောင်းအဖြစ် ရောက်ရှိလာပေးဖို့လိုအပ်ပါတယ် ရှင်ရယ် ... "

"မောင်က တာဝန်ယူတတ်တဲ့ ယောကျ်ားတစ်ယောက်ပါ ခရမ်း ... တာဝန်မမဲ့တတ်ပါဘူးကွာ"

ခရမ်းပြန်သွားသည်။ ချိုသာစိတ်တွေကို တခါတရံ ချိုသာ ကိုယ်တိုင်ပင် နားမလည်နိုင်ပဲဖြစ်ရသည်။ သူ့မှာ စိတ်ဒဏ်ရာရနေတာ သူကလွဲပြီး ဘယ်သူမှ မသိခဲ့။ မေမေကိုယ်တိုင်ပင် မရိပ်မိခဲ့ပေ။ သူ့အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ မိဘတွေရဲ့ ဓာတ်ပုံကြီး ရှေ့မှာ သူရပ်မိသွားသည်။

"မေမေ ... အတိတ်က ဖြစ်ရပ်တွေကို သားပြန်ပြီးသတိ မရချင်ပါဘူး ... မေ့ပစ်ဖို့ ကြိုးစားနေခဲ့ပေမယ့် ပြန်သတိရစရာ အကြောင်းတွေက ဖန်တီးနေတယ်"

သူ့အိပ်ယာဆီ လျှောက်သွားပြီး အဝတ်အစားတွေပင် မလဲ နိုင်တော့ပဲ ပစ်လှဲချပစ်လိုက်သည်။ အတိတ်တွေကို မေ့ပစ်ထားရာမှ





နေ ပြန်၍ သတိရနေသည်။ မေမေ့ အိပ်ခန်းထဲမှာ ဦးကျော်ကျော် ငွေကို မထင်မှတ်ဘဲ တွေ့လိုက်ရာကနေ နာကျင်ကြေကွဲမှုတွေ သူ့ရင်ထဲသို့ အစိုင်အခဲထုထည်ကြီးမားစွာ ဝင်ရောက်လာခဲ့သည်။

"ကိုကျော်ငွေ ထွက်သွားပါတော့ ... သော်တာ့အမှားတွေပါ ... သော်တာ အရမ်းခံစားရပါတယ် ... အချစ်ဆိုတာ ပူပြင်းလောင်မြိုက်စေတဲ့ မီးတောက်တစ်ခုလိုပဲနော် ... သော်တာ အရမ်းခံစားနေရပါတယ် အဟင့် ဟင့် ... "

"မငိုပါနဲ့ သော်တာရယ် ... ဘယ်တတ်နိုင်ပါ့မလဲ ... သော်တာ ကျန်းမာရေးအတွက်ပဲ ဂရုစိုက်နေပါ ... သော်တာ့ ခံစားချက်တွေကို နားလည်ခံစားနိုင်ပါတယ်ကွာ ... သော်တာဖြစ်ချင်တဲ့ ဆန္ဒတွေ ဖြစ်စေရပါမယ် ... ပျော်အောင်နေပါ"

မေမေ့ဆီက ညည်းညူသံ ငိုရှိုက်သံတွေကို ချိုသာဆက်ပြီး နားမထောင်လိုတော့သဖြင့် ချာခနဲ လှည့်ထွက်လာခဲ့မိသည်။ ရှက်လိုက်တာ ဖေဖေ အပြင်သွားနေခိုက်မှာ မေမေ့ အိပ်ခန်းထဲ တဘက်ခြံက ဦးကျော်ကျော်ငွေ ဘာကြောင့်ရောက်နေရတာလဲ ... ဖေဖေ့ ကွယ်ရာမှာ ဖောက်ပြန်နေတာပဲဖြစ်နိုင်၏။ ပေါက်ကွဲပစ်ချင်တဲ့ ဒေါသတွေကို အနိုင်နိုင် ထိန်းချုပ်ထားရသည်။

"အရမ်းရှက်စရာကောင်းတာပဲ ... ဖေဖေ့ကို ပြောပြလိုက်ရမလား ... မဖြစ်သေးပါဘူး ... မေမေ့ကိုလည်း အရှက်မကွဲစေချင်ပါဘူး ... ပတ်ဝန်းကျင်ကလည်း သိလို့ လုံးဝ မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှက်သည်။ ထိုကိစ္စကြီးအား ပတ်ဝန်းကျင်မှာ မသိစေချင်ခဲ့။ သူ တစ်ယောက်တည်း သိထားခြင်းဖြစ်သည်။

"ဦးကျော်ကျော်ငွေ ခင်ဗျားကြီးကြောင့်ပဲ ... ကျုပ်အမေက ဒီလိုကိုယ်ကျင့်တရား ပျက်ပြားတာ မဟုတ်ဘူး ... အရမ်းတည်ငြိမ် ဖြူစင်ခဲ့တာ ခင်ဗျားကြီး ဖြားယောင်းသွေးဆောင်လို့ ဖြစ်ရတာ"

လေးလေးသောင်းရော ဖေဖေပါ ဦးကျော်ကျော်ငွေတို့မိသားစုနှင့် တရင်းတနှီး ဆွေမျိုးတွေလို နေထိုင်ခဲ့ကြသည်။ ချိုသာကတော့ ရန်ကုန်မှာကျောင်းသွားတက်နေခဲ့တဲ့ အချိန်ကများ၌ ဦးကျော်ကျော်ငွေတို့နှင့် တရင်းတနှီးရှိမနေခဲ့။ သူ မှတ်မိသလောက် မေမေက ယောကျ်ားအပေါ် သည်းခံနားလည်ပေးတတ်တဲ့ သစ္စာရှိ မိန်းမတစ်ယောက်ဖြစ်၏။ ဦးကျော်ကျော်ငွေ ဇနီးဆုံးသွားတာ ဘာမှ မကြာသေးပဲနှင့် မေမေ့ကို ဖြားယောင်းသွေးဆောင်ခဲ့ခြင်းဟု သူထင်မှတ်ထားခဲ့သည်။

"ဖေဖေ ပြန်ရောက်လာရင် ... ငါမပြောပြသေးဘူး ရှက်စရာကြီးပဲ ... ဒီလူကြီးကိုပဲ ငါသတ်ပစ်လိုက်ချင်တယ်"

မေမေ အရှက်သိက္ခာအတါက် သူ သည်းခံထိန်းချုပ်နေခဲ့ရသည်။ ဖေဖေပြန်ရောက်လာပြီးထဲက အရက်တွေ အရမ်းသောက်နေတတ်ပြီး မေမေနှင့်လည်း တကျက်ကျက်ရန်ဖြစ်ပြီး မေမေက ဖေဖေ့ကို ဆန့်ကျင်နေခဲ့သည်။





"ရှင့်ကို မပေါင်းချင်တော့ဘူး ... ကွာပေးပါ ရှင့်ကို မုန်းတယ်"

ချိုသာ ဘယ်လိုဝင်ရောက်ဖြေရှင်းပေးရမလဲ စဉ်းစားနေစဉ်မှာပဲ ဖေဖေကားအက်စီးဒင့်ဖြစ်၍ သေဆုံးသွားသည်။

"ကောင်းတယ် ... ဒင်းသေမှ အေးမယ် ... မျက်ရည်မကျဘူး ... အသုဘတောင် မလွှဲသာလို့ လိုက်ပို့ရတာ ... ပတ်ဝန်းကျင်ကြောင့်"

လေးလေးသောင်းကို မေမေပြောနေသံကို သူကြားလိုက်ရသည်။ မေမေ အရမ်းရက်စက်တာပဲ ဦးကျော်ကျော်ငွေကိုပဲ မေမေချစ်နေမှာပေါ့ ... ချိုသာ ငယ်စဉ်လေးထဲက မေမေ့ကို ချစ်ခင်လေးစားလာခဲ့ရလို့ မေမေ အရှက်ကွဲရမယ့် ကိစ္စ ထုတ်ဖော်မပြောရဲပေ။ သူ့ရင်ထဲမှာ မွန်းကြပ်နာကျင်စွာ ထိန်းသိမ်းထားခဲ့ရ၏။ မေမေ့ကို အဝေးသို့ ခေါ်ထုတ်သွားဖို့ပဲ သူကြိုးစားခဲ့သည်။

"သားပညာရေးအတွက် ရန်ကုန်ကို ပြောင်းကြရအောင်ပါနော် ... မေမေ၊ ဒီမှာ ဆက်မနေချင်တော့ဘူး လေးလေးသောင်းတို့ပြောပါ"

"အင်းပါ ... သားဆန္ဒအတိုင်းပါပဲလေ ... မေမေတို့ ရန်ကုန်ပြောင်းကြတာပေါ့လေ"

ဖေဖေဆုံးပြီး မေမေနှင့်ဦးကျော်ကျော်ငွေတို့ သိပ်ပြီး တရင်း



www.burmeseclassic.com

www.burmeseclassic.com



တနီး လူရှေ့မှာ မနေကြတော့ ... ဦးကျော်ကျော်ငွေက တဖြည်းဖြည်း အရက်တွေကို အလွန်အကျွံသောက်တတ်နေကာ ဘဝကို ရေစုန်မျောနေသည်။ ဘာကြောင့်လဲ ဖေဖေသေဆုံးတာ မကြာသေးလို့ မေမေက ဆင်ဆင်ခြင်ခြင် နေလာလို့လား ... ဦးကျော်ကျော်ငွေဆိုတဲ့ လူကြီးအား ချိုသာနည်းနည်းလေးမှ ကြည့်မရဘဲ မုန်းတီးနေခဲ့သည်။

"မနဲ့တူလေးပဲ ပြောင်းကြပါ ... ကျွန်တော်ကတော့ ကျော်ငွေကို စိတ်မချဘူး ... ကလေးက ရှိသေးတယ် ... မမနဲ့တူလေးကတော့ စိတ်ချရပါတယ်လေ ... ကျွန်တော့်အမေဝေစုပါ မမယူသွားပါ ကျွန်တော်နေခဲ့မယ် ... "

"လေးလေးသောင်း မနေခဲ့ပါနဲ့ ချိုသာတို့နဲ့လိုက်ခဲ့ပါ ... သူတို့ဟာ သူတို့ဘာပဲဖြစ်ဖြစ်ပါ"

ချိုသာတောင်း တောင်းတောင်းပန်ပန်နှင့် လေးလေးသောင်းကိုပါ စိတ်နာခဲ့၏။ သူ လုံးဝမပတ်သက်တော့ မေမေနှင့်ဝေးသွားတာကိုပဲ တော်ပါသေးရဲ့ဟု တွေးပစ်လိုက်သည်။ တစ်ခါတလေ မေမေနှင့် ဦးကျော်ကျော်ငွေတို့ ဖုန်းပြောခဲ့ကြ၏။ သူ လုံးဝမကျေနပ်ခဲ့ ... ဒါပေမယ့် မေမေ့ကို အခြေအနေကို စောင့်ကြည့်ပြီး မတားဆီးခဲ့ ... ဦးကျော်ကျော်ငွေနှင့် မေမေတို့ ဖောက်ပြန်တဲ့ ကိစ္စလည်း သူ့ရင်ထဲမှာပဲ မျိုသိပ်ထားခဲ့သည်။ ဦးကျော်ကျော်ငွေ





သေသွားမှပဲ သူ့စိတ်တွေ နည်းနည်း မွန်းကျပ်နေမှု ပြေလျော့သွားရ၏။ သူ့ဘဝကို ပညာရေးနှင့် စီးပွားရေးလုပ်ငန်းတွေထဲမှာပဲ မြှုပ်နှံနေထိုင်ခဲ့တာပါ ... ထိုအဖြစ်အပျက်တွေကြောင့်လည်း သူ့ဘဝမှာ အပျော်တွေကင်းမဲ့နေသလို တွေးမိတိုင်းလည်း တလောကလုံးအား မကျေမနပ်ဖြစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၆ )

"မင်းအဖေကြောင့် ငါတို့မိသားစုဘဝတွေ ပျက်စီးခဲ့ရတယ်၊ ငွေမှုံချယ် မင်းဘဝတိုးတက်အောင်မြင်ရေးကို ငါကလုပ်ဆောင်ပေးရမှာလားကွ"

သူ့ရင်တွေ ဆောက်တည်ရာမရအောင် နာကျင်ရသည်။ လေးလေးသောင်း စောစီးစွာ သေဆုံးရတာကရော မင်းကိုအလုပ်အကြွေးပြုရင်း ပင်ပန်းနွမ်းနယ်မှု ဒဏ်ကြောင့်ပဲ လေးလေးသောင်းက သူ့ထက်ပင် ငွေမှုံချယ့်ကို သံယောဇဉ်ပိုမိုတွယ်တာခဲ့သည်။

"ငါ ဘာဆက်လုပ်သင့်သလဲ ... မင်းဘဝကို တစ်စစီဖြစ်အောင် ချေမှုန်းပစ်ချင်ခဲ့တာကွ"

အတိတ်အကြောင်းတွေကို ပြန်တွေးမိလာသဖြင့် ဒေါသတွေ ပေါက်ကွဲခဲ့ရပြန်သည်။ မေမေ ဂုဏ်သိက္ခာအတွက် ယနေ့အထိ သည်းခံမျိုသိပ်ထားခဲ့ရ၏။ ငါ မေ့ပစ်ချင်နေပြီကွ ... ဘာဖြစ်လို့ ဒီအရိပ်မဲကြီးက တထပ်ပြီးတစ်ထပ် ငါ့အပေါ် အုပ်မိုးနေဆဲဖြစ်နေရ





တာလဲ ... ငွေမှုံချယ့်ဘဝကို ဆွဲဖွဲချိုးပြစ်လိုက်ဖို့ ဆန္ဒတွေပဲရှိနေခဲ့ပြီး လက်တွေ့တွင် မလုပ်ပစ်နိုင်ခဲ့ ... ခရမ်းရဲ့ ထမီတွေကို လျှော်ဖွပ် မီးပူတိုက်ပေးရတဲ့ ငွေမှုံချယ့်အား တွေ့မြင်ကြည့်ရှုနေရတာပင် စိတ်ပင်ပန်းလာခဲ့သည်။

"ငါ့စကားနဲ့ ငါမိနေပြီ ... မင်းကို နိမ့်ကျတဲ့ဘဝတစ်ခုလို ဖန်တီးပေးဖို့ ငါ့မှာ သတ္တိတွေ တဖြည်းဖြည်း ဆုတ်ယုတ်လျော့ကျလာတယ် ... ငါ သတ္တိကြောင်နေတယ် ငွေမှုံချယ်"

သူ့ရှေ့မှာ မြင်မြင်သမျှအရာတွေကို တစ်ခုစီဆွဲယူပစ်ပေါက်မိသည်။ အသံတိတ်ပါ မကြာခင် သူလက်ထပ်ရတော့မည် ... ခရမ်းက သူရွေးချယ်ခဲ့သူ ... တွေ့ကာစ ချစ်သူဘဝမှာ ခရမ်းအကျင့်စရိုက်က ဟန်ဆောင်မှု ချိုမြိန်မှု နားလည် အလိုက်သိမှုတွေနှင့် လွှမ်းခြုံနေခဲ့၏။ ချိုသာက မိန်းကလေးတွေနှင့် ကင်းရှင်းခဲ့သူပါ။ ခရမ်းအပေါ် နှစ်သက်ခဲ့သလိုလို ဖြစ်ခဲ့ပေမယ့် လက်ထပ်ပွဲကျင်းပတာနီးလေ ... သူ့စိတ်တွေက အေးစက်လာခဲ့သည်။

"အရာရာ ခရမ်းသဘောပဲဖြစ်နေရတယ် ... ငါ့စိတ်တွေ ဘာဖြစ်လို့များဒီလောက်အထိ အေးစက်သွားခဲ့ရတာလဲ ... ခရမ်းရဲ့ လွှမ်းမိုးမှုကို ငါမတွန်းလှန်နိုင်တာလား"

တလောကလုံးကို မကျေမနပ်ဖြစ်နေခဲ့ရတာက သူ အိမ်ထောင်မြှုလိုက်လျှင် ချုပ်ငြိမ်းသွားမလားဟု တွေးမိခဲ့ရာ ... ခရမ်း



www.burmeseclassic.com

www.burmeseclassic.com



ကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့သည်။

"မင်းပြောသလိုပဲ ငွေမှုံချယ် ... ငါက ယောကျ်ားမပီသဘူး ဆုံးဖြတ်ချက်လည်း မရေရာဘူး ... ကတိလည်း မတည်ဘူး ... ခရမ်းအပေါ်လည်း တာဝန်မကျေဘူး"

သူ တည်ကြည်ခန့်ညားတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ချင်ခဲ့သည်။ အကြင်နာတွေနှင့် ပြည့်နှက်နေစေချင်ခဲ့၏။ ဒါပေမဲ့ သူ့စိတ်တွေက သူဖြစ်စေချင်တာတွေနှင့် လုံးဝ ဆန့်ကျင်ဘက်ဖြစ်သွားခဲ့ရသည်။

"အဲဒါ မင်းကြောင့်ပဲ ... မင်းတို့ မိသားစုကြောင့်"

ဒေါ်နှင်းလာပြောတဲ့စကားလည်း သူပြန်၍ ကြားယောင်လာသည်။

"မောင်ချိုသာရဲ့ ဦးလေးက မွေးစားထားတာပါ ... မောင်ချိုသာ့ လက်ထဲ စိတ်ချလို့အပ်ခဲ့တာပဲ ငွေမှုံချယ်လေးမှာ အပြစ်မရှိပါဘူး ... မရက်စက်ပါနဲ့ကွယ်"

ကျွန်တော်က ရက်စက်တာ မဟုတ်ဘူး ... ငွေမှုံချယ် အဖေကြောင့်ပါ ... ဒေါ်နှင်းရယ် ကျွန်တော်တို့ မိသားစုဘဝကို တစစီဖျက်စီးပစ်လိုက်ခံရတာပဲ ... သူ့ အိပ်စက်ဖို့ အတော်လေး ကြိုးစားလိုက်ရသည်။ နောက်နေ့မှာတော့ သူ့မင်္ဂလာပွဲအတွက် ခရမ်းအတင်းအကျပ်ခေါ်သံဖြင့် စိတ်မပါဘဲ လိုက်ခဲ့ရပြန်၏။ ငွေမှုံချယ်





ကြောင့်လည်း ချိုသာ့ စိတ်တွေ ထိုင်းမှိုင်းညှိုးနွမ်းနေရတာလား ခရမ်းက ငွေမှုံချယ့်ထံ ဖုန်းဆက်၍ လုပ်စရာရှိတာတွေ ခိုင်းစေနေသည်။

"ငွေမှုံချယ်လုပ်တာ ကိုင်တာကိုတော့ ခရမ်းကြိုက်တယ် မောင် ... စေတနာပါပါတယ် ... မောင့်ကို ကျေးဇူးအရမ်းတင်တယ်၊ ငွေမှုံလို အစေခံမလေးကို ရလို့ပါ"

ချိုသာ ဘာမှတုန့်ပြန်မပြောနိုင်တော့ ... သူကိုယ်တိုင်ခေါ်ကိုတီးလုပ်ဆောင်လိုက်တာပဲ ... ငွေမှုံချယ်တန်တဲ့ ဘဝတစ်ခုပဲလေ ... အိမ်စေတန်းလျားမှာ ထားခဲ့တာလည်း သူကိုယ်တိုင်ပဲ ဆောင်ဆက်မထားဘူးလို့တောင် သူဆုံးဖြတ်ထားပြီးမှ စိတ်ကပြောင်းချင်နေသည်။

"ငွေမှုံ ... အခန်းသန့်ရှင်းရေးကို သေသေချာချာ လုပ်နော် မောင်တို့ မင်္ဂလာဦးအိပ်ခန်းပြင်ဖို့ပဲ"

ဟုတ်သားပဲ သူတို့မင်္ဂလာအိပ်ခန်းကြီးတောင် ပြင်ဆင်တော့မည်။ သူ့ မင်္ဂလာပွဲကျင်းပမည့်ရက် နီးကပ်လွန်းသည်။

"ငွေမှုံက ခရမ်းအမိန့်ကိုနာခံတယ် ... ဒေါ်နှင်းကတောင် သိပ်မနာခံချင်ဘူး စကားပြောရတာ အပေါက်အလမ်းမတည့်တာ"

ဒေါ်နှင်းကို အလုပ်ထုတ်ပစ်ဖို့ ခရမ်းမကြာခဏတောင်းဆိုတတ်မေမယ့် သူက လက်မခံနိုင် ... ဒေါ်နှင်းက သစ္စာရှိသည်။ အကျင့်စာရိတ္တလည်း လငယ်မယားနှစ်ယောက်လုံးကောင်းမွန်သူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ဒီကိစ္စမှာတော့ ခရမ်းအလိုကို မလိုက်နိုင်ပေ။ သူပြတ်သား စွာ ပယ်ချခဲ့သည်။

"အလုပ်သမားက ရှားတယ်ခရမ်းရယ် ... လူယုံတွေကို လိုအပ်တယ် ... မောင့်စီးပွားရေး လူမှုရေးကိစ္စတွေမှာတော့ ခရမ်း သဘောမလုပ်ပါနဲ့ကွာ ဒါကတော့နားလည်မှုပဲ ... မောင်နဲ့ခရမ်း ကြားမှာလေ ... "

"အင်းပါ ... ဟုတ်ပါပြီ ... ဟုတ်ပါပြီ ခရမ်းက မောင့်ကိုချစ် တယ် ... မောင့်ကို ပိုင်ဆိုင်ချင်သူဖြစ်လို့ မောင်နဲ့နားလည်မှုထားပါ့ မယ်"

ခရမ်းလည်း စီးပွားရေးရှိ၍ မောင့်ကို စည်းကမ်းတွေ မတင်း ကျပ်လိုပေ ... ခရမ်း လူမှုရေးကိစ္စတွေကိုလည်း မောင်ဝင်မစွက် ဖက်တတ် ... မောင့်အကျင့်စရိုက်ကို ခရမ်းနှစ်သက်သည် အေးစက် စက်နဲ့ စီးပွားရေးမှာပဲ ဘဝကြီးကို မြှုပ်နှံထားတာပဲ ခရမ်းမကြိုက် ဘူးပြောလည်း မောင်က လက်မခံပေ။ ခေါင်းမာသူဖြစ်သည်။

"ခရမ်းကိုလေ မောင်က အရမ်းအလေးပေးခဲ့တာ ခရမ်း သိပါတယ်နော် ... မောင်က ရင်ထဲကနေ ကြိတ်ပြီး ချစ်တတ်သူပါ နော်"

မောင့်ကို ခရမ်းသိပ်ပြီး နှစ်ခြိုက်သဘောကျခြင်း မရှိပေ မယ့် မောင်က လူချောတစ်ယောက် စီးပွားရေးလည်းအောင်မြင် သူပါ ... ခရမ်းအကြိုက်ဆုံးက မောင့်မှာ မိဘတွေမရှိကြတော့ခြင်း





ပါ ... ဆွေမျိုးတွေလည်း မရှိဘူး ... ခရမ်းအပိုင်ချုပ် ကိုင်နိုင်တဲ့ အခွင့်အရေးဖြစ်နေသည်။

"မောင် ... "

"ဟင် ... "

"ပင်ပန်းနေလားကွာ"

"ရပါတယ် ခရမ်းရယ် ... ဒါပေမယ့် မောင့်ကုမ္ပဏီကို ပြန်သွားရမယ် ... လုပ်ငန်းကိစ္စတွေ ရှိသေးတယ်လေ"

"အင်းပါ ... ခရမ်းပဲ အားလုံးစီစဉ်ပါ့မယ် ... မောင့်ကို စိတ် ပင်ပန်းအောင် ခရမ်းမလုပ်ပါဘူးနော် မောင့်ကို အရမ်းချစ်တယ်"

အချစ်ဆိုတာကြီးကို မောင်ဘယ်တော့မှ စတင်မမြူဆွယ်ခဲ့ ခရမ်းက ရေလာမြောင်းပေးလုပ်ရင်တောင် မောင့်ဘက်ကနေ ကွေ့ ကောက်ပြီး စီးဆင်းသွားတတ်သူပါ ... ထားလိုက်ပါတော့ အရေး ကြီးတာက ခရမ်းနှင့်မောင် လက်ထပ်ပွဲဖြစ်ဖို့ပဲလေ ထုံးစံအတိုင်း မောင်က အလုပ်အကြောင်းပြပြီး အချစ်ကို ဆက်မဆွေးနွေးတော့ ဘဲ ပြန်သွားသည်။

"မောင် လူဆိုး"

ခရမ်း နှုတ်ခမ်းလေးကိုစုပြီး မကျေမနပ်နှင့် ကျန်ရစ်နေကျ ဖြစ်သည်။ မောင့်အပြုအမူတွေအတွက် သဘောမကျသလိုကြီး အမြဲ တမ်းဖြစ်နေခဲ့ရပေမယ့် မောင့်ကိုတော့ ပိုင်ဆိုင်လိုနေခဲ့သည်။ ခရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အခြေအနေမျိုးရောက်ဖို့ ဘယ်လောက်အထိ ကြံစည်ကြိုးစားခဲ့ရလဲ ... မောင်မလိုက်တဲ့ နေရာတွေကို ခရမ်းတစ်ယောက်တည်း သွားရသည်။ ညနေ အူမပြန်လာတော့ မောင်မရောက်သေးသော မင်္ဂလာအိပ်ခန်းကြီး ပြင်ဆင်ဖို့ ခရမ်းဝင်ပြီး စစ်ဆေးရ၏။ ငွေမှုံချယ်က သန့်ရှင်းရေးအပြီးသတ် လုပ်၍ပြန်ထွက်ဖို့ ပြင်နေသည်။

"ငွေမှုံ"

"ရှင် မမ"

"ပြီးပြီလား"

"ဟုတ်"

"အမလေး ... ငွေမှုံ သိပ်ပြီးတော်တာပဲ ... သပ်ရပ်သန့်ရှင်းနေတာပဲ ကြိုက်တယ်"

"မမခရမ်း လိုတာပြောနော် ... ငွေမှုံက နည်းနည်းလေး တောကျနေမလားလို့ပါ"

"ငွေမှုံ ... "

"ရှင် ... "

"ဘာအလုပ်ရှိသေးလဲ"

"ငွေမှုံ ရေချိုးမလို့ပါ"

"မချိုပါနဲ့ဦးကွယ် ... မမခရမ်းညောင်းညာလာလို့ နည်းနည်းလေး နှိပ်ပေးစမ်းပါဦး"





"ဟုတ်ကဲ့ ... မမခရမ်း ဘယ်မှာ အနှိပ်ခံမလဲဟင်"

ငွေမှုံချယ် မျက်နှာလေးက ဖြူစင်ပြီးနိုင်လိုက်လျှင် နည်းနည်းလေးမှ ပျက်ပျယ်သွားခြင်း မရှိပေ။ ပျာပျာသလဲ လုပ်ပေးတတ်သည်။

"လာ ... မောင့်အခန်းမှာ သွားလုပ်မယ်"

"ဖြစ်ပါ့မလား မမခရမ်းရယ် ... ဦးချိုသာက ကြိုက်ပါ့မလား"

ဦးချိုသာက ငွေမှုံကိုနည်းနည်းလေးမှ မျက်နှာသာမပေးတာ ငွေမှုံသိသည်။ အမြဲတမ်းရန်လို သုန်မှုံနေတတ်သူပါ ... ငွေမှုံလည်း ရှုပ်ရှုပ်ယှက်ယှက် သွားမလုပ်လိုပေ။

"မမခရမ်း ပိုင်ပါတယ် ... ဘာမှမကြောက်နဲ့လာပါ"

တမင် မောင့်အိပ်ခန်းထဲ ခေါ်ဆောင်လာခြင်းဖြစ်သည်။ ခရမ်း ဘယ်လောက်ထိ မောင့်ကိုပိုင်လည်းဆိုတာ ငွေမှုံသိစေချင်၏။ အလကားနေရင်း ဒီကောင်မလေးနှင့် ခရမ်းပြိုင်ဆိုင်ချင်နေမိသည်။

"မမခရမ်း ဝင်နေကျပါ ... မောင်ကလေ မမ ဒါဆိုဒါပဲ နေရာတကာ ခရမ်းသဘောကြီးဖြစ်နေလို့ မမစိတ်ညစ်ရတာ"

"မမခရမ်းဘဝက ကံကောင်းလွန်းပါတယ် ... မွေးကတည်းက အစစအရာရာ ပြည့်စုံနေခဲ့တယ် ... ကောင်းလိုက်တာ မမကို အရမ်းချစ်ပြီး အလိုလိုက်တတ်တဲ့ ချစ်သူလည်း လက်ထပ်ခွင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

ငွေမှုံဘဝနှင့်တော့ လုံးဝဆန့်ကျင်ဘက်ပါပဲလေ ... ငွေမှုံကို မွေးထဲက ဒက်ဒီနှင့် မာမီတို့အဆင်မပြေခဲ့ကြ ... ရန်ဖြစ်တာ တကျက်ကျက်ပဲ ငွေမှုံကို မိဘတွေက ချစ်ကြပေမယ့်လည်း သူတို့ချင်း အဆင်မပြေမှုကြောင့် ငွေမှုံမှတ်မိသလောက် ချောင်မှာကစ်ပြီး ကြိတ်မှိတ်ကြေကွဲ ဝမ်းနည်းစွာနေထိုင်လာခဲ့ရသည်။ မာမီ ဆုံးသွားတော့ ဒက်ဒီက အရက်သမားကြီး ဘဝကျန်ခဲ့၏။ ဖေဖေ သောင်းကလည်း အသက်မရှည်ခဲ့ပေ။ အခုလည်း ငွေမှုံကို မုန်းတီး နေတဲ့ လူတစ်ယောက်နှင့် တွေ့ဆုံနေထိုင်ခဲ့ရသည်။

“ငွေမှုံ ...”

“ရှင်”

“မမခရမ်းလေ အလုပ်တွေများလွန်းလို့ ညောင်းညာနေတယ် ... သေသေချာချာလေး နှိပ်နယ်ပေးနော်”

“ဟုတ်”

ငွေမှုံ ကျောင်းဆက်တက်ချင်ပါတယ် ... မမခရမ်းအလိုကျ နေပြပြီး ကျောင်းတက်ခွင့်ရရန် ဦးချိုသာကိုပြောပေးစေလိုခဲ့သည်။

“မောင်ချိုသာက ဇနီးမလောင်း ခရမ်းပြာကို အရမ်းအလို လိုက်တယ်လေ ... ခရမ်းသဘောကြီးပဲ ... အဲဒီအချက်ကြီးကိုတော့ ဒေါ်နှင်း သဘောမကျပါဘူး ... ငွေမှုံလေး ဘာမှမပူနဲ့ မောင်ချို သာက မထားပေးရင် ဦးကြွေနဲ့ ဒေါ်နှင်းတို့ လုပ်အားခနဲ့ ထားပေး





မယ်”

ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ကလည်း အသက်ကြီးပါပြီ ငွေမှုံ ဒုက္ခမပေးလိုတော့ ဦးချိုသာက ထားပေးနိုင်တာပဲ ငွေမှုံ နောက်ဆုံးအထိ အောက်ကျို့တောင်းခံမည်ဟု ဆုံးဖြတ်ထားမိသည်။

“အမလေး ... ငွေမှုံက အနှိပ်လည်းကောင်းတာပဲ အကြောပြေတယ် ... တကယ့်ကို စေတနာပါလိုက်တာကွယ်”

မမခရမ်း ကျေနပ်စေရန် ငွေမှုံအစွမ်းကုန် ပြုစုပေးနေမိသည်။ ငွေမှုံအား ကျောင်းဆက်ထားပေးရန် ပြောချင်ပေမယ့် နှုတ်ကအထွက် ... မမခရမ်း စိတ်ညှိုးငြင်သွားမှာကို ငွေမှုံကြောက်ရွံ့နေမိ၏။ ငွေမှုံ ဘယ်လိုဘဝမျိုးမှာပဲနေထိုင်ရသည် ဖြစ်ပါစေလေ၊ ဖေဖေသောင်းဆန္ဒအတိုင်း ငွေမှုံဘဝလေးကို လုပ်ဆောင်ပေးသင့်တယ် ... စိတ်ပုတ်တဲ့လူကြီး ငွေမှုံ့ကို မနာလိုဝန်တိုဖြစ်နေတာပဲဟု ထင်သည်။

“ငွေမှုံကို မမတစ်ခုလောက်မေးချင်တယ် ... စပ်စုတာတော့ မှတ်ဘူးနော်”

“မေးပါ မမ ...”

“မောင်နဲ့ငွေမှုံက စိမ်းတယ်နော် ... ငွေမှုံမွေးစား အဖေက ပညာရေးအတွက် ငွေတွေဘာတွေ စုဆောင်းထားတယ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောမပြခဲ့ဘူးလား”

“မပြောပြပါဘူး မမ … ငွေမှုံရှေ့ရေးအတွက် စီစဉ်ထားပေး ခဲ့ပါ့မယ်လို့တော့ ပြောပါတယ် … ဦးချိုသာက ငွေမှုံထင်တာတော့ လေ ဖေဖေသောင်းက ငွေမှုံတို့နဲ့နေခဲ့လို့ ဦးချိုသာက မကျေနပ် ဘူး … ငွေမှုံနဲ့ကတော့ သိပ်မဆိုပါဘူး”

ငွေမှုံ့အပေါ် မောင်စိတ်ဝင်စားမှု နည်းပါးတာကတော့ ခရမ်းသိသည်။ ဒါပေမယ့် ခရမ်းစိတ်က မချ … ငွေမှုံချယ်က လှ ချောမောအိစက်နေ၍ဖြစ်၏။ တကယ်ပါပဲ ငွေမှုံ အရှုပ်မလေးပဲ … မောင်က ငွေမှုံအတွက် လေးလေးသောင်းက ငွေတွေထားခဲ့တ ဖြစ်နိုင်ပါ့မလား ငွေမှုံပင် မသိရှိတဲ့ ကိစ္စဖြစ်သည်။

“ငွေမှုံ ဒက်ဒီဆုံးတော့ ငွေကြေးက အရမ်းခက်ခဲနေပါပြီ ကြ အိမ်ပဲ ကျန်ရစ်ခဲ့ပါတယ် … ဖေဖေသောင်း အလုပ်တွေလုပ်တယ် ငွေမှုံကို အကောင်းဆုံးထားပေးခဲ့ပါတယ် … ဖေဖေသောင်း ကျန်း မာရေးချို့တဲ့လာလို့ အိမ်ရောင်းခဲ့ရတယ် … ငွေတွေ ကုန်ခဲ့တယ် ဖေဖေသောင်း မသိအောင် ငွေမှုံ အိမ်အကူအလုပ်တွေတောင် လု ခဲ့ဖူးပါတယ်”

ငွေမှုံပညာရေးအတွက် ငွေတွေပေးထားခဲ့တယ်ဆိုတ ဖြစ်နိုင်ပါ့မလား … ဒါပေမယ့် မောင်က မလိမ်ညာတတ် ကော မလေးကိုလည်း မုန်းနေတာဖြစ်လို့ မောင် အမှန်အတိုင်းပြော





လည်း ဖြစ်နိုင်သည်။ ငွေမှုံကို မောင်စိတ်နာလို့ အိမ်စေအဆင့်သာ ထားခဲ့တာပဲဖြစ်၏။ ခရမ်း ဘာတွေသွားပြိုင်နေရတာလဲ မောင် ကိုယ်တိုင် ငွေမှုံကို နှိမ်ချဆက်ဆံနေသည်။ ခရမ်းကိုတောင် အစေခံ အဖြစ် ပေးထားခဲ့၏။ ငွေမှုံချယ့်ကိုတော့ ခပ်နှိမ်နှိမ်ထားမှဖြစ်မယ်။ သာမလေး အမှားတွေ့မှာပါ … ဘုမသိ ဘမသိ တောက်တက် သာတာပဲ … ငွေမှုံချယ့် ဘဝကို ဖျက်ဆီးပစ်မယ့် တစ်ယောက် ယောက်ပေါ်လာပါစေဟုသာ ခရမ်းကြိတ်ဆုတောင်းနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ငွေမှုံရေ ... သမီးအတွက် မင်္ဂလာသတင်းပဲ မောင်ချိုသာက သမီးကို ကျောင်းဆက်ထားပေးမယ်တဲ့ ... သမီး အိမ်ဖော်လေး နဲ့တွဲ ကျန်တာ သူစိုက်မယ်တဲ့"

"တကယ်လားဟင် ဦးလေးကြွေရယ် ... အရမ်းဝမ်းသာတာ ပဲ ... ဦးချိုသာကိုယ်တိုင် ပြောလိုက်တာလားဟင်"

"ဟုတ်တယ် ... သမီးဒေါ်လေးနှင်းလည်း ပြတ်ပြတ်သား သား သွားပြောခဲ့တာတဲ့လေ ... မောင်ချိုသာ မထားပေးရင် ဒေါ်နှင်းထားပေးမယ်လို့ ပြောခဲ့တယ်"

"ကျေးဇူးတင်ပါတယ် ဦးလေးကြွေရယ် ... ဒေါ်လေးနှင်းကို ရောပဲ ... ငွေမှုံပျော်သွားပြီ အလုပ်တွေကိုလည်း ကြိုးစားလုပ်ပါ့ မယ် ... ဦးချိုသာ စိုက်ထားတာကိုလည်း ပြန်ဆပ်မှာပါ"

"သမီး ရည်မှန်းချက်အောင်မြင်ဖို့သာ အာရုံစိုက်ထားပါတော့ ဦးလေးကြွေတို့ လုပ်အားခတွေစုဆောင်းထားတာလည်း ရှိပါတယ်





သမီးအတွက်ပဲ သုံးရတော့မယ် ... ဦးလေးကြွေတို့က အသက်ကြီး ပြီလေ ... သုံးစွဲစရာ မရှိတော့ပါဘူး"

"ငွေမှုံ ကြိုးစားပါ့မယ် ... "အစွမ်းကုန် ကြိုးစားမှာပါ ... ငွေမှုံ ရည်ရွယ်ချက်တွေ အောင်မြင်နေမယ် ... "

"ငွေမှုံလေး ... "

"ရှင် ... "

"ခရမ်းပြာ ခိုင်းတာတွေက ငွေမှုံလေးအပေါ် မတရားဖြစ်နေ တယ်လို့ မနှင်းလာပြောနေတယ် ... မနေ့ညနေက နှိပ်နယ်ပေးနေ ရတာ အကြာကြီးပဲဆို ... "

"ရပါတယ် ... ဦးချိုသာရဲ့ ဇနီးလောင်းပဲလေ ... ငွေမှုံလုပ် ပေးရမှာပေါ့ ... မမခရမ်း မကျေနပ်ရင်လည်း ငွေမှုံကျောင်းကိစ္စ အဆင်မပြေနိုင်ဘူးလေ ... ရတယ် ငွေမှုံလုပ်ပေးနိုင်ပါတယ် ... ငွေမှုံ့ကို နှိမ်ချဆက်ဆံတာမျိုးလည်း မဟုတ်ပါဘူးလေ ရပါတယ်"

ငွေမှုံကတော့ ဘယ်သူကပဲနှိမ်ချဆက်ဆံသည်ဖြစ်ပါစေ ဖေဖေသောင်း ဖြစ်စေချင်တဲ့ ဆန္ဒတွေ ဖြည့်စွမ်းပေးနိုင်ရင် ကျေနပ် ပါပြီ ... မမခရမ်းက ဦးချိုသာချစ်မြတ်နိုးတဲ့ ဇနီးလောင်းပါ ... ကြောခင် ဒီတိုက်ကြီးရဲ့ အရှင်သခင်မ ဖြစ်လာမည်ဖြစ်သည်။

"ငွေမှုံအရမ်းပျော်သွားပြီ ဒေါ်လေးနှင်း တိုက်ကြီးထဲမှာ သား ... ငွေမှုံသွားပြီး ကူညီဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံပြောပြီး ဝမ်းသာအားရနှင့် တိုက်ကြီးထဲပြေးဝင်လာခဲ့ကာ စားသောက်ခန်းထဲဝမ်းသာအားရ ဝင်၍ ထမင်းစားပွဲနားမှာရပ်နေတဲ့ ဒေါ်လေးနှင်းအား ပွေ့ဖက်ထားလိုက်သည်။

"ဟော့ ဟော့ ... ကောင်မလေး ဘာဖြစ်လာတာလဲ ... လွှတ်စမ်း ငါ့ကိုများ ဘာထင်ပြီး လာဖက်ရတာလဲ"

"ဟင် ... "

ဦးချိုသာရဲ့ အသံမာမာကြီး ထွက်ပေါ်လာသဖြင့် သူမသတိဝင်လာပြီး သူမဖက်ထားတဲ့ လူကိုသေသေချာချာ ကြည့်လိုက်ရာ ဒေါ်လေးနှင်းမဟုတ်ပဲ ဦးချိုသာဖြစ်နေသည်။

"အဲတော့ ... တောင်းတောင်းပန်ပါတယ် ဦးချိုသာ ... ငွေမှုံကလေ ဒေါ်လေးနှင်းရပ်နေတယ်ထင်လို့ပါ ... ဟို ဦးချိုသာက ဒီမှာ ဘယ်လိုလုပ်ပြီး လာရပ်နေရတာလဲ ... မထင်ဘူး"

ဒေါ်လေးနှင်းက ရေချိုးခန်းထဲကနေ ထွက်လာသည်။

"ဒေါ်လေးနှင်းက ရေချိုးခန်းထဲဝင်နေတာလား ... ငွေမှုံ လူမှားသွားတယ် ... ဦးချိုသာ ကုမ္ပဏီကိုသွားပြီထင်တာ ... ဟို ဟို ... ငွေမှုံ ကျောင်းတက်ရမယ်ဆိုတဲ့ သတင်းကြားပြီး ဝမ်းသာလွန်းလို့ ဒေါ်လေးနှင်းဆီ လာတာပါ"

ချိုသာကတော့ ငွေမှုံချယ်လက်ကို ခပ်ဆတ်ဆတ် ဆွဲဖယ်ပစ်လိုက်ပြီး စားသောက်ခန်းထဲကနေထွက်လာခဲ့သည်။





"မောင်ချိုသာ ဘာများလိုအပ်လို့လည်း ဒေါ်နှင်းလာပို့ပေးမယ်လေ"

"ရေကုန်နေပြီ"

"ဟုတ်လား ... အခုပဲလာပို့ပေးပါ့မယ် ... ငွေမှုံလေး သမီးဦးကြွေကို သွားပြောလိုက်နော်"

"ဟုတ် ... "

ချိုသာကတော့ ဘာမှဆက်ပြောမနေတော့ဘဲ သူ့အိပ်ခန်းထဲပြန်ဝင်လာခဲ့သည်။

"ဟူး ... ကောင်မလေး နမော်နမဲ့နဲ့ လူမှားစရာရှားလို့"

ငွေမှုံချယ့် အပြုအမူကိုတွေးမိပြီး ဒေါသထွက်ရမည့်အစား ချိုသာရယ်ချင်လာသည်။ စိတ်ကို ထိန်းချုပ်ထားပေမယ့် မရတော့ လွှတ်လွှတ်လပ်လပ်ကြီး ရယ်မောပစ်လိုက်မိ၏။ ကလေးဆန်လွန်းတဲ့ ကောင်မလေးဟုလည်းတွေးပြီး ရယ်ပစ်မိသည်။

"ဟား ဟား ဟား"

"ဟား ဟား"

"ဟား ဟား ဟား"

"ဒေါက် ... ဒေါက် မောင်ချိုသာ ရေမရှိဘူးဆို ... မောင်ချိုသာ"

"ဟင် ... "

အပြင်ကနေ ဦးကြွေတံခါးခေါက်လိုက်မှ ချိုသာ အသိပြန်



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာပြီး အထိတ်တလန့်ဖြစ်သွားရကာ အရှက်ပြေ သူငယ်ချင်းတစ်ယောက်နှင့် ဖုန်းပြောနေသလိုလို အသံပြန်ပြုလိုက်ရသည်။

"ဟေ့ကောင် ကိုနိုင် မင်းပြောတဲ့စကားက အရမ်းရယ်ရတယ် ... မင်းကကွာ နောက်စရာရှားလို့ ဟား ဟား ..."

"ဒေါက် ... ဒေါက် မောင်ချိုသာ တံခါးဖွင့်ပါဦး ... ရေလာပို့တာပါ"

သူ ဖုန်းပြောနေသလိုလိုနှင့် တံခါးကိုဖွင့်ပေးလိုက်မိသည်။

"တော်ပြီ ... ဟေ့ကောင် နောက်မှတွေ့မယ် ... မင်းတို့လုပ်ထားကြဦးပေါ့ကွာ ... ဟား ဟား"

ဦးလေးကြွေက ရေသန့်ဗူးကိုလဲပေးနေသည်။ ချိုသာမကြည့်ရဲ စိတ်တွေမလုံမလဲနှင့် စားပွဲပေါ်မှာ ပစ္စည်းရှာသလိုလိုနှင့် ဦးကြွေအား ကျောခိုင်းနေလိုက်၏။ ရှက်နေသည်။

"မောင်ချိုသာ ..."

"ဟင် ... ဦးလေးကြွေ ဘာလဲ"

"ဦးကြွေ မေ့လျော့နေလို့ တောင်းပန်ပါတယ်နော် ... မောင်ချိုသာ ရယ်မောနေသံ ဒီတစ်ခါပဲကြားဖူးတယ် ... ဘာတွေများပျော်ရွှင်စရာတွေ ကြုံတွေ့ရလို့လဲ"

"ဗျာ ..."

ချိုသာ မလုံမလဲနှင့် ဘာဖြေရမှန်း မသိဖြစ်သွားပြီးမှ ဦးကြွေဘာမှ သိပုံမရ၍ စိတ်တွေကိုပြန်ထိန်းလိုက်ရသည်။





"ဟို ... ဟို ... ဘာမှ မဟုတ်တော့ပါဘူး မောင်ချိုသာရယ် ဒီတစ်ပတ်လုံးလုံး မောင်ချိုသာ အခန်းကပိတ်ထားလို့ ဦးလေးစစ်ဆေးဖို့ ခက်သွားတယ် ... နောက် ဒီလိုမဖြစ်စေရပါဘူးနော်"

"ရပါတယ် ... ကျွန်တော့် မင်္ဂလာပွဲကိစ္စနဲ့ အလုပ်များသွားလို့ပါ ..."

"မောင်ချိုသာ မင်္ဂလာပွဲကိစ္စ ဦးလေးကြွေတို့ ဘာများကူညီရမလဲ ပြောပါ"

"မလိုပါဘူး ဦးကြွေ ... ကိစ္စတွေအားလုံး ခရမ်းတာ့ဝန်ယူထားပါတယ် ... ညစာစားပွဲကိုသာ ဒီခြံကြီးထဲမှာ လုပ်မှာမို့ အဲဒီအချိန်ကျမှ ကူညီပါ"

"လိုအပ်တာတွေပြောပါနော် အားမနာပါနဲ့ခိုင်းပါ"

"ကောင်းပါပြီ ..."

ဦးကြွေ ထွက်သွားမှ ချိုသာ့စိတ်တွေ သက်သာရာရသွားသလိုပင်။ သက်ပြင်းမောကြီးကို ဟူးခနဲမှုတ်ထုတ်ပစ်လိုက်ရသည်။

"ငွေမှုံချယ် မင်းတော်တော် ကလေးဆန်တာပဲကွာ"

ချိုသာ့ရင်ထဲက အမုန်းတွေလျော့ပါးသွားသလိုပင် ... ခေါ်နှင်းပြောသလိုပင် ငွေမှုံချယ်နဲ့တော့ ဘာမှမဆိုင်ပါဘူး ... သူ့အဖေ လွန်ကျူးခဲ့တာပဲ ... ချိုသာ မင်းစိတ်တွေ ဘယ်လိုပျော့ပြောင်းသွားရတာလဲကွာ ... ငွေမှုံချယ့်ကို မင်းလက်စားချေမယ်ဆို ခေါ်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ငွေမှုံချယ့်အတွက် စိတ်မပူဖို့ သူကျောင်းဆက်ထားပေးမယ်ဆိုတဲ့အကြောင်း တကူးတကသွားပြောပြခဲ့သည်။

"မနေ့ကလည်း မင်းကို ခရမ်းက နှိပ်နှင်းခိုင်းနေတာ ငါ့အဖြစ်လို့များ စိတ်ထိခိုက်သွားရတာလဲ မဖြစ်သင့်ဘူး ... မင်းပဲ အစေအပါးတစ်ယောက်လို ထားမယ်ဆို"

ငွေမှုံချယ့်ကို အိမ်စေမအဆင့်ကို သူထားခဲ့တာပဲ အိမ်စေတန်းလျားမှာနေစေခဲ့သည်။ ခရမ်းက နှိပ်စက်တော့ မလားပဲ ... စိတ်ပူနေမိပြန်၏။ လေးလေးသောင်း ငွေတွေပေးထားခဲ့သည်ဟု လိမ်ညာပြောဆိုခဲ့သည်အထိ သူ့ စိတ်တွေပျော့ညံ့နေသည်။

"ငွေမှုံ လူမှားသွားလို့ပါ ဦးချိုသာ ... ကျောင်းတက်ရမယ်ဆိုလို့ အပျော်လွန်သွားတာပါ"

မင်း ဒီလောက်အထိပဲပျော်သွားရလား ငွေမှုံချယ် ဟာကွာ ငါရင်တွေခုန်နေတယ် ငါလည်း ပျော်သွားသလိုပဲ အရယ်အမောဘယ်တုန်းကမှ မရှိခဲ့တဲ့ ငါ ရယ်ဖြစ်သွားတယ် ... အမြဲတမ်း အေးစက်မာကျောနေတဲ့ ငါ့နှလုံးသားတွေ ပူနွေးလာသလိုပဲ ... ရင်တွေနွေးထွေးနေသည်။

"ဟာ ... ဒါကလည်း ငါ့အိပ်ထဲမှာ ဘာကြီးလဲ"

သူ့အိပ်ကို စမ်းမိပြီး ပစ္စည်းတစ်ခုရှိနေတာ သတိထားမိတော့ သူကြည့်လိုက်တော့ ကလစ်လေးတစ်ခုဖြစ်နေသည်။





"ကလစ်လေးပဲ အပေါစားလေးဆိုတော့ ခရမ်းသုံးတာတော့ မဖြစ်နိုင်ဘူး ... ဟာ ငွေမှုံ ဒီကောင်မလေး ပစ္စည်းလား"

ချိုသာ အထိတ်တလန့်ဖြစ်သွားရသည်။ ခရမ်း ပစ္စည်းမဖြစ်နိုင်ပါဘူး ... ငွေမှုံ ကလစ်လေးပဲ ... ကလေးသုံး ပစ္စည်းလေးပါ ကော်နှင့်ပြုလုပ်ထားပြီး အသဲပုံကျောက်လေးတွေ စီချယ်ထား၏။ ငွေမှုံချယ့် ပစ္စည်းလေး သေချာသည်။

"ဟုတ်တယ် ... ငွေမှုံချယ်ခေါင်းပေါ် တစ်ခုရှိနေသေးတယ် ဒီကောင်မလေး ပြုတ်ကျခဲ့တာ သေချာတယ်"

ချိုသာပြန်ပေးဖို့ စဉ်းစားမိပေမယ့် သိမ်းထားချင်တဲ့ ဆန္ဒကဖိုပြီး ပြင်းပြလာသဖြင့် သူ အမှတ်တရပစ္စည်းတွေ သိမ်းထားတဲ့ သီးသန့် ဗီဒိုလေးကို ဖွင့်၍ ထည့်ထားလိုက်သည်။

"ဒါလား ... မေမေ့ဒိုင်ယာရီပဲ ငါတစ်ခါမှ မဖတ်မိဘူး မေမေ ရေးထားမယ့် အမှတ်တရတွေကို မသိချင်လို့ပဲ"

မေမေသေဆုံးတော့ မေမေ့ဗီဒိုထဲမှာ ဒိုင်ယာယီစာအုပ်လေးကို သူတွေ့ရသည်။ မဖတ်ဖြစ်ခဲ့ ဦးကျော်ကျော်ငွေအား ချစ်တဲ့အကြောင်းတွေပဲ ရေးထားမှာပဲဟု တွေးပြီး မဖတ်ပဲထားလိုက်တာပဲဖြစ်၏။ မေမေ့ ပစ္စည်းတွေ့တော့လည်း အတိတ်ကိုပြန်၍ သတိရသွားရပြန်သည်။

"ငွေမှုံချယ့်ကို ငါမုန်းသင့်တယ် ... ဒီကောင်မလေး အကို အမြင့်ဆုံးရောက်အောင် ငါက လုပ်ပေးရမှာလား ... နင်က ငါ့ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



အစေခံဘဝနဲ့ပဲနေရမယ် ... ငွေမှုံချယ် နင့်အဖေကြောင့် ငါတို့မိသားစု ဘဝပျက်စီးခဲ့ရတာပဲ ...”

သူ့ရင်ထဲက အမုန်းထုထည်တွေ တဖြည်းဖြည်း လျော့ကျလာခဲ့တာကို ချိုသာ သိလာ၍ ပြန်မောင်းတင်ရန် မေမေ့ဒိုင်ယာရီကို ပြန်ဖတ်ရန် ဆုံးဖြတ်လိုက်သည်။

“အခုချိန်မှာတော့ မေမေ့ဒိုင်ယာရီစာအုပ်ကို ငါပြန်ဖတ်သင့်ပြီ ငွေမှုံချယ်ကို မုန်းတီးနေဖို့လိုအပ်တယ် ... အမုန်းတွေကို ပြန်ထည့်ပစ်ရမယ်”

မေမေ့ဒိုင်ယာရီစာအုပ်ကို ထုတ်ယူပြီးဖတ်ကြည့်မိသည်။

ကိုယ် ...

ကျွန်မ ကိုယ့်ကို ဘယ်လောက်ချစ်မြတ်နိုး တန်ဘိုးထားခဲ့လဲ သားမွေးပြီးတဲ့အချိန်မှာတောင် ကိုယ့်အချစ်တွေကို ကျွန်မ လုံးဝမေ့မရခဲ့ဘူး”

“ဟင်”

ချိုသာ နားမလည်နိုင်အောင် ဖြစ်သွားရသည်။ မေမေ ရေးထားတာက ဖေဖေ့ကိုချစ်တဲ့အကြောင်းတွေပဲ ဖြစ်နေ၏။ သူ ထင်ထားတဲ့အတိုင်း မဟုတ်ဘဲ ဆန့်ကျင်ဘက်ဖြစ်သည်။

“ကိုယ် ချစ်တာက ကိုကျော်ကျော်ငွေရဲ့ ဧနီးဖြစ်သည် သူတို့ နှစ်ယောက်က ငယ်ရည်းစားတွေပါ လူကြီးတွေက အတင်းအကျပ် ပေးစား၍ လက်ထပ်လိုက်ခြင်းဖြစ်သည်”





မေမေဒိုင်ယာရီစာအုပ်ကို သူနည်းနည်းလေးမျှပင် ဖွင့်ဖတ်ခြင်း မရှိခဲ့။ ဦးကျော်ကျော်ငွေနှင့် ဖောက်ပြန်တာတွေပဲ မှတ်တမ်းတင်ထားမည်ဟု ထင်ထားခဲ့၍ဖြစ်သည်။

“ကိုကျော်ကျော်ငွေမှာ သမီးလေးမွေးလာတဲ့အထိ ကိုယ်က ငယ်ချစ်ဦးကိုရအောင် ကြံစည်ကြိုးစားနေခဲ့သည်”

တကယ်တော့ ဖေဖေက ဖောက်ပြန်နေခြင်းဖြစ်သည်။ ဦးကျော်ကျော်ငွေက နိုင်ငံခြားသင်္ဘောသားဖြစ်၏။ ဖေဖေက အခွင့် ဦးကျော်ကျော်ငွေ မိသားစုရှိရာသို့ စုံစမ်း၍ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။

“ကျွန်မလည်း မသိပါဘူး ... မရိပ်မိဘူး ... ကျွန်မသားကိုပဲ ပြုစုနေရတာကိုး ... ကျွန်မတို့ကိုလည်း လူကြီးတွေက အတင်းအကျပ် လက်ထပ်ပေးခဲ့တာပါပဲ ... ကိုကျော်ကျော်ငွေတို့က လက်ထပ်တာ နောက်ကျတယ်လေ”

ဖေဖေနှင့် မေမေကို လူကြီးတွေ လက်ထပ်ပေးပြီးမှ ဦးကျော်ကျော်ငွေတို့က လူကြီးတွေ စီစဉ်ပေးမှုနဲ့လက်ထပ်ဖြစ်ကြသည်။

“ကိုယ်က ဦးကျော်ကျော်ငွေတို့ မိသားစုနဲ့ပေါင်းခဲ့တယ် ကျွန်မကို ပထုတ်ထားတယ် ... ဦးကျော်ကျော်ငွေ နိုင်ငံခြားထွက်သွားနဲ့ ရှင်တို့ဖောက်ပြန်ကြတာပဲ ... ကျွန်မကတော့ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်ပြီး အိမ်ထောင်ရေးလည်း မပြိုကွဲချင်တာရော ကိုယ့်အရှက်သိက္ခာအတွက်ရော သိသိကြီးနဲ့ မောင်လေးသောင်း မသိအောင် ကြိတ်မှိတ်ခံရင်း ဖုန်းကွယ်ပေးခဲ့တယ်"

ချိုသာ့ ခန္ဓာကိုယ်ကြီးက အိပ်နေရာကနေ ဆတ်ခနဲသူ မတ်ထကြွလာသည်။ ခေါင်းချေးတွေပင် သီးထလာရ၏။ ဖောက်ပြန်ခဲ့တာက ဖေဖေပဲ ... သူတွေ့ခဲ့ရတာက မေမေ့အိပ်ခန်းထဲ ဦးကျော်ကျော်ငွေ ရောက်နေခြင်းကိုပါ ဒိုင်ယာရီ စာအုပ်လေးကို ဆက်ဖတ်မိသည်။

"တစ်နေ့တော့ ကိုကျော်ကျော်ငွေ့ မိန်းမကို ကိုယ်ကနိုးပြေးသည် ... ကိုကျော်ကျော်ငွေ သွားသဖြင့် ပြဿနာတွေ တက်တော့သည်။ ကျွန်မဆီ ရောက်လာသည်။

"ဘယ်လိုဖြစ်ရတာလဲ ... ခင်ဗျားယောကျ်ားနဲ့ ကျွန်တော့်မိန်းမ ခိုးပြေးသွားကြပြီနော်"

"ဟင် ... "

ထိုသတင်းကို မေမေက မသိခဲ့ပေ။ ဦးကျော်ကျော်ငွေလာပြောမှ သိရပြီး မူးမေ့လဲကျသွားသဖြင့် ဦးကျော်ကျော်ငွေက ပွေ့ထူ၍ အိပ်ခန်းထဲပို့ပေးခဲ့ခြင်းဖြစ်ကြောင်း ရေးသားထားသည်။ သူ စာအုပ်ကို ဆက်မဖတ်ချင်တော့ ... သူ့အဖေကြောင့် ငွေမှုံချယ်တို့ မိသားစုပြိုကွဲခဲ့ရတာပဲ ငွေမှုံအမေဆုံးရပြီး ဖေဖေပြန်ရောက်ခဲ့သေ





ယ့် အရက်တွေအလွန်အမင်း သောက်နေကာ အရူးတပိုင်းဖြစ်နေလေသည်။ သူက သိပ်မသိခဲ့ ... ရန်ကုန်မှာရှိတဲ့ မေမေ့ဝမ်းကွဲအဒေါ်တွေထံတွင် ပညာရေးအတွက် ကျောင်းသွားတက်နေရ၍ ဖြစ်သည်။ လေးလေးသောင်းလည်း သူ့ဆီလာလာနေရ၍ မိသားစုပြဿနာတွေ မသိခဲ့။ မေမေကိုယ်တိုင် ဖုံးဖိထား၍ဖြစ်၏။ နှစ်ပေါင်းများစွာ သူ့အထင်မှားခဲ့ပြီး ဦးကျော်ကျော်ငွေကို မုန်းတီးနာကြည်းနေခဲ့မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၈ )

"ချိုသာ ... မင်း တော်တော်အသုံးမကျတာပဲ စဉ်းစား ဆင်ခြင်တုန်တရား မရှိဘူး ... ကျောင်းပိတ်မှ အိမ်ပြန်လာပြီး မိသားစု ဘာတွေဖြစ်နေလည်းဆိုတာ မင်း မသိခဲ့ဘူး"

ချိုသာ ဖြေလို့မရအောင် နောင်တတွေရနေခဲ့သည်။ ခံရသူ က ဦးကျော်ကျော်ငွေပဲ ဖေဖေကြောင့်ပဲ ဖေဖေနှင့်ပေါင်းသင်းရင်း ငွေမှုံအမေ သေဆုံးသွားခဲ့ခြင်းဖြစ်၏။ နောက်ပိုင်း လေးလေး သောင်းလည်း သိသွားခဲ့ပုံပင် ... ဦးကျော်ကျော်ငွေကို ပစ်ထားလို့ မဖြစ်ဘူးဆိုပြီး သူတို့နောက် မလိုက်ပဲ ကျန်နေရစ်ခဲ့ခြင်းဖြစ်သည်။

"ငါ ဘာဆက်လုပ်ရတော့မလဲ ... ငွေမှုံချယ်မှာ အပြစ်မရှိ ဘူး ... ငါ မစဉ်းစားမဆင်ခြင်ပဲ လေးလေးသောင်းအပေါ်မှာရော ငွေမှုံ အပေါ်ပါ အမုန်းတွေ အငြိုးအတေးတွေ ထားခဲ့တယ်"

လေးလေးသောင်းအတွက် ချိုသာပို၍ စိတ်ထိခိုက်ကြေကွဲ ခဲ့ရသည်။





"မောင်ချိုသာရယ် လောကကြီးထဲမှာ သားမသိသေးတဲ့ ...သွ အများကြီးပါ ... မသိသင့်တာတွေလည်း ရှိသေးတယ်"

သမီးလေးက အပြစ်မဲ့သူပါ လေးလေးသောင်း မှသေခင်မှာ ...ပြောသွားခဲ့သည်။ မေမေဒိုင်ယာရီကို ချိုသာ ပစ်ထားခဲ့၏။ ဒေါသ ...စရာ အကြောင်းတွေပဲရှိနေမည်ထင်၍ မဖတ်ခြင်းဖြစ်၏။ ချိုသာ ...တ်ထိခိုက်ကြေကွဲနေရသည်။

"ငါ မှားတယ် ငွေမှုံ ငါအကြီးဖြစ်ပြီး စဉ်းစားဆင်ခြင်တုန် ...ရားကင်းမဲ့ခဲ့တယ် ... မင်းက သိနားစရာကောင်းမလေးပဲ"

ငွေမှုံချယ့်ကို ချိုသာသနားနေမိသည်။ အိမ်ဖော်ကောင် ...လေးအဖြစ် အိမ်မှုကိစ္စတွေကို မနားမနေ ညီးညူခြင်း မရှိဘဲ ...ဆက်ကျခံကာ လုပ်ဆောင်ပေးနေသည်။

"ဦးချိုသာ ရက်စက်တယ် ... ငွေမှုံမှာ ဘာအပြစ်ရှိလို့လဲ ...ပါဦး"

ငွေမှုံ တိတ်တဆိတ်လေး ငိုယိုလျှက် ပြောနေသံလေးကို ...ကြားလိုက်ရသည်။

"ငွေမှုံရယ် မင်းဘဝလေးကို ငါ မနှစ်ရက်တော့ဘူး ... ကယ် ...စောင့်ရှောက်ဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး"

တွေးရင်းတွေးရင်း ရင်ထဲမှာနာကျင်ကြေကွဲမှုတွေ ခံစားနေ ...ည်။ ငွေမှုံကို သနားလာ၏။ ခရမ်းဘယ်လောက်အထိ နိုင်းခဲ



www.burmeseclassic.com

www.burmeseclassic.com



နှိပ်စက်နေမလဲ သူ့ကိုလာပြေးဖက်ထားတဲ့ အတွေ့အထိတွေ စိမ်း တွေလှုပ်ရှားရလွန်းသည်။

"မောင် ..."

"ဟင် ... ခရမ်း"

"ထဝါဦးကွာ ... မင်္ဂလာပွဲက နီးနေပြီ ... သတို့သားလောင်း အေးစက်နေလိုက်တာ ... မင်္ဂလာအိပ်ခန်းထဲ ပစ္စည်းတွေထည့်ဖို့ ခရမ်းမှာထားတာတွေ လာပို့နေပြီ မောင်ထကြည့်ပါဦး"

ခရမ်းရောက်လာပြီး ဆွဲထူသည်။ သူ့ ခန္ဓာကိုယ်လေးလံနေ သလိုပင်။ မဟုတ်သေးပါဘူး ... ခရမ်းနှင့်သူ အိမ်ထောင်တစ်ခု တည်ဆောက်ကြဖို့ သူ ကိုယ်တိုင်လက်ခံခဲ့တာပဲ ... ငွေမှုံချယ့်ကို စောင့်ရှောက်ရမယ်ဆိုတည်းက စိတ်တွေလေးလံ ထုံထိုင်းနေပြီး ဒေါသတွေလည်း ဖြစ်နေသည်။

"မင်္ဂလာအိပ်ခန်းကို အလှအပတွေပြင်ဖို့ ခရမ်းအစ်မ လင် မယားကို ခေါ်ထားတယ်မောင် ... မမတို့က ငွေကြေးလည်း ပြည့်စုံ တယ် ပညာတတ်တွေလေ ... ဘယ်လောက် ကျက်သရေမင်္ဂလာ ရှိလဲ"

ချိုသာ စိတ်ကို တည်တင်း၍ တက်ကြွလန်းဆန်းလာရန် ကြိုးစားနေရပေမယ့် ရင်တွေ မွန်းကြပ်နေသည်။ ခရမ်းက သူ့လက် မောင်းကိုဆွဲ၍ အပြင်ထွက်လာကြ၏။ လမ်းမှာ ငွေမှုံနှင့်ဆုံသည်။





"ဟဲ့ ... ငွေမှုံ ပစ္စည်းတွေ ဝိုင်းကူသယ်ပေးလိုက်ဦး နင့်ဖို့ အကျိုးအဟောင်းတွေပါလာတယ် ... အဟောင်းက အသစ်လိုပဲနော် နင်ကျောင်းတက်ရင်ဝတ်ဖို့ အဖိုးတန်တွေ"

"ဟုတ်ကဲ့ ... မမခရမ်း ... ကျေးဇူးအများကြီးတင်ပါတယ် နော် ... ငွေမှုံကို ခိုင်းချင်ရာခိုင်းပါ အားမနာပါနဲ့"

"အေးပါ ... ငါက ပေးစရာရှိလည်းပေးတယ် ခိုင်းစရာရှိ လည်း ခိုင်းမှာပဲ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ခိုင်းပါ ... မမခရမ်း စိတ်တိုင်းကျ အောင် ငွေမှုံ လုပ်ပေးပါ့မယ် ..."

ဒီကောင်မလေးကိုက အောက်ကျနောက်ကျနှင့် ဝမ်းပမ်း တသာ လုပ်ဆောင်ပေးနေတာပဲဖြစ်သည်။ ကလေးဆန်စွာ ဖြူစင် လွန်းနေသည်။ ငွေမှုံဝတ်ဖို့ အဟောင်းအကျတွေပေးတာ သူ့စိတ် ထိခိုက်သွားရ၏။ တကယ်ဆို ငွေမှုံအား အပြည့်အစုံ လိုလေသေး မရှိအောင် စောင့်ရှောက်ထားရမှာပါ ... ပစ္စည်းတွေ သယ်ခိုင်းနေ ပြန်သည်။

"မောင် ..."

"ဟင်"

"ဘာလဲ ခရမ်းတို့ မင်္ဂလာကိစ္စထက် မောင့်အတွေးတွေက အခြားကိစ္စမှာ နှစ်ထားပြန်ပြီလား"

"မောင့်အကြောင်းလည်း ခရမ်းအသိဆုံးပဲလေ ... မင်္ဂလာပွဲ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စ ခရမ်းလက်အပ်ထားပြီးပြီပဲ ... ခရမ်းကြိုက်ရင် မောင်ကြိုက် တာပဲ”

“ဟွန်း ...”

ခရမ်း ကျေနပ်အောင်လည်း ပြောရသေးသည်။ မင်္ဂလာဒီ ခန်းကြီးအား ခရမ်း စိတ်တိုင်းကျ အလှမ်းကုန်ပြင်ဆင်နေ၏။ ... စိတ်ဝင်စားလို့ မရ ... ငွေမှုံ ပစ္စည်းတွေ မနိုင်မနင်းနှင့် အခေါ် အခေါက် အခါခါ သယ်နေသည်။ ဦးကြွေတို့ ဒေါ်နှင်းတို့လည်း သယ်ကြရ၏။ ခရမ်းက အမိန့်ပေးနေသေးသည်။

“ငွေမှုံ သေသေချာချာ သယ်နော် ... နင်နမော်နမဲ့ မလုပ် အချောင်မခိုနဲ့”

“ဟုတ် ...”

မမခရမ်း ခိုင်းတာတွေကို အကုန်လုပ်ပေးချင်သည်။ ငွေ ပညာရေးအတွက် စိတ်ကြည်လင်စေချင်၍ဖြစ်၏။ ဦးချိုသာ အားကိုး၍ ရမည်မဟုတ်။ မမခရမ်း ကျေနပ်မှဖြစ်မှာပါ ... ပြီးတော့ လည်း ငွေမှုံကြောင့် ဦးချိုသာတို့ လင်မယားပြဿနာ မတက် လို၍ဖြစ်၏။ စောစောက ငွေမှုံမှားပြီး ဖက်မိသွားတာတောင် ဒေါ် တကြီးနဲ့ အတင်းဆွဲဖယ်ပစ်နေသည်။

“ငွေမှုံအပေါ် အဲဒီလောက်အထိ မတင်းမာသင့်ပါဘူး ... စက်တယ် ... ဖေဖေသောင်းကို အပိုင်သိမ်းသွားလို့ အညှိုး အ ကြီးလိုက်တာနော်”





ငွေမှုံ ပစ္စည်းတွေတွေ သယ်နေရင်း အတွေးလွန်သွားပြီး မမခရမ်းတို့ ရှေ့မှာ ခလုတ်တိုက်လဲပြိုကျသွားသည်။

“အား ... အမလေး”

ငွေမှုံ လက်ထဲမှာကိုင်ထားတဲ့ ပစ္စည်းတွေက ကွဲရှစရာတွေ ဖြစ်၍ အောက်ပြုတ်မကျစေရန် သူမ ခန္ဓာကိုယ်လေးပဲ အကျခံ လိုက်သည်။

“အမလေး ... ဒုက္ခပါပဲ ပစ္စည်းတွေကျကွဲရင်တော့ နင်သေ ပြီသာမှတ် ... အသုံးကို မကျဘူး”

ခရမ်း ဒေါသတကြီးနှင့် ငွေမှုံချယ်အနားတိုးကပ်သွားပြီး ဆွဲမ ထူလိုက်သည်။

“အား ... ကျွတ် ... ကျွတ်”

“ထစမ်း ... ဒါက ငါ့ရဲ့ မင်္ဂလာဦးပစ္စည်းတွေဟဲ့ နင်တမင် လုပ်တာ မဟုတ်လား”

“မဟုတ်ပါဘူး ... မမခရမ်းရယ် ငွေမှုံကွဲမှာစိုးလို့ ကိုယ်ပဲ အကျခံလိုက်တာပါ အား ... ကျွတ် ကျွတ်”

“ဘာနာချင်ယောင် ဆောင်ပြနေတာလဲ”

“ထစမ်း”

မောင့်ရှေ့မှာပဲများပြနေတယ်ထင်ပြီး ခရမ်းပို၍ ဒေါသဖြစ် သွားသည်။ ကောင်မလေးအား ဆွဲထူမတ်တတ်ရပ်စေ၍ ပါးပြင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်ပစ်လိုက်သည်။

"ဖြန်း ..."

"ဖြန်း ... ကဲ နင်တော်တော် နမော်နမဲ့လုပ်ဦး မှတ်ထား ဒီပစ္စည်းတွေက မင်္ဂလာပစ္စည်းတွေဟဲ့ ... ကွဲသာသွားရင် ငါတော့ ဘယ်လောက်ခံစားရမလဲ ... နင့်ကို အသေသတ်ပစ်လိုက်ပြီပဲ"

"ငွေမှုံမှားပါတယ် ... ငွေမှုံ တောင်းပန်ပါတယ်နော် ... ရိုက်ပါ ... ရိုက်ပါ မမခရမ်း ဒီလောက်အထိ သတိပေးနေတဲ့ကြားက ငွေမှုံ အသုံးမကျတာပါ"

ဒေါ်နှင်းရောက်လာပြီး ထပ်ရိုက်ဖို့ပြင်နေတဲ့ ခရမ်းရှေ့မှ ငွေမှုံကို ကာပေးလိုက်သည်။

"ဖြန်း"

"ဟင် ..."

"ဒေါ်လေးနှင်း ဖယ်ပါ ငွေမှုံ့အပြစ်နဲ့ ငွေမှုံပဲ ရိုက်သင့်ပါ တယ်"

ခရမ်း လက်ဝါးပြင်က ဒေါ်နှင်းပါးပြင်ပေါ်ကျသွားသည်။

"မခရမ်းပြာ ဒီလောက်ဆို ကျေနပ်ပါတော့ ... ထပ်ရိုက် ချင်ရင်လည်း ကျွန်မကို ရိုက်ပါ"

"ဒေါ်နှင်း ဖယ်နော် ... ရှင်နဲ့ မဆိုင်ဘူး ... ကျွန်မ ဆုံးမနေ တာ"





"ငွေမှုံ သွားတော့ ကျန်တာတွေ ဒေါ်နှင်းရှင်းမယ်သွား"

"ဒေါ်နှင်းရယ် ငွေမှုံတောင်းပန်ပါတယ် ... ငွေမှုံ့အပြစ်နဲ့ ငွေမှုံပဲ ရိုက်ပါစေ"

"ထွက်သွားကြတော့ အသုံးမကျတဲ့ဟာတွေ ငါ့မင်္ဂလာပွဲ ကို ဖျက်ဆီးမယ့်ဟာတွေပဲ ... ကျက်သရေကို မရှိဘူး သွားကြ တစ်ယောက်မှ လာမလုပ်ပေးကြနဲ့"

မောင့်ရှေ့မှာ ဖြစ်နေ၍ ခရမ်းပိုပြီး အာဏာပြချင်သည်။ ဒေါ်နှင်းဆိုတဲ့ မိန်းမကြီးကလည်း ပြန်ခံပက်ချင်နေ၏။ ခရမ်း မနှစ် သက်မိ ... အလုပ်ထုတ်ပစ်ဖို့ ပြောတာမောင်က လက်မခံဘူး ... မင်္ဂလာပွဲမှာ ပြဿနာမဖြစ်စေချင်၍ စိတ်ကို လျှော့ပစ်လိုက်သည်။

"မမသန္တာလား ... အိမ်က အလုပ်သမားတွေခေါ်ခဲ့ပါ ဒီမှာ နိုင်းရတာ လုံးဝ အဆင်မပြေဘူး ... ကံကောင်းလို့လေ ခရမ်းရဲ့ မင်္ဂလာဦး ပစ္စည်းတွေ ကျကွဲတော့မလို့"

"ဖြစ်မှဖြစ်ရလေ ခရမ်းရယ် ... ကံကောင်းလို့ပေါ့ ဒီလို အတိတ်ကောင်း နမိတ်ကောင်း ယူနေတဲ့ အချိန်မှာ ကျကွဲလို့ မဖြစ် ဘူးနော် ... စိတ်မပူနဲ့ မမလူတွေခေါ်လာမယ် ... ခရမ်းလေး စိတ် တိုင်းကျ ခေါ်ပေးပါ့မယ် ... မင်္ဂလာဦးရက်တွေမှာ နည်းနည်းလေး တောင် စိတ်အနှောင့်အယှက် မဖြစ်စေနဲ့"

"ဒါကြောင့်မို့ ခရမ်းစိတ်လျှော့လိုက်တာပေါ့ ... ဒီကောင် မလေးကို အသေတောင် သတ်ပစ်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ချိုသာ ဒေါသတွေပေါက်ကွဲထွက်မသွားစေရန် ထိန်းချုပ်နေရသည်။ ခရမ်းလွန်တယ် စိတ်ထိခိုက်ကြေကွဲရလွန်း၏။ ငွေမှုံလေးကို သနားသည်။

"မောင်ကြည့်စမ်း ... ဒီဟာမလေးလုပ်ပုံက ဘယ်လောက်အချိုးမပြေလဲ သက်သက်မဲ့လုပ်တာ ကျကွဲသွားရင်တော့ ခရမ်းဘယ်လောက်အသဲကွဲရမလဲ ... ဒါ မင်္ဂလာယူနေတာလေ"

"တော်ပါတော့ ခရမ်းရယ် မင်းစိတ်တွေ ထိခိုက်ရပါတယ် ဘာမှလည်း ဖြစ်တာမှမဟုတ်တာ မန္တာကိုပဲ တာဝန်ပေးလိုက်ပါ"

ငွေမှုံပါးပြင် ဖြူဖြူလေးပေါ်မှာ လက်ဝါးရာထင်သွားသည်။ ချိုသာ့ အပြစ်တွေပါ ယောကျ်ားမပီသတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အညိုးအတေး စိတ်ဓာတ်ကြောင့် အပြစ်မဲ့သော မိန်းကလေးတစ်ယောက် နာကျင်ကြေကွဲ ထိခိုက်ခဲ့ရ၏။ ဖြေလို့မရနိုင်သောဘယ်လိုပြန်ပြင်ရမလဲ နောက်ဆုံးတော့ ဒီအတိုင်းလေးပဲ နေဖို့ဆုံးဖြတ်လိုက်သည်။

"ပြင်လို့မဖြစ်နိုင်တော့ဘူး ငွေမှုံကို ဘယ်လိုကူညီပေးရမယ်ဆိုတာပဲ လုပ်ပေးနိုင်သလောက် လုပ်ပေးရမယ်"

သူ ခရမ်းခေါ်ဆောင်ရာနောက်သို့ လိုက်နေရသည်။ ငွေမှုံကို မမဲအောင်ပါ သူ့စိတ်တွေ ရှုပ်ထွေးမွန်းကြပ်နေရ၏။ ခရမ်းကသာ မင်္ဂလာပွဲကြီးကို အခမ်းနားဆုံးဖြစ်စေရန် လုပ်ဆောင်နေသည်။

"ညစာ စားပွဲကိုတော့ ဒီခြံကြီးထဲမှာပဲ လုပ်ရမယ် ... မောင်





မျက်နှာရဖို့ပါနော် ... အရာရာ ပြည့်စုံနေစေရမယ်"

"ခရမ်း သဘောပါပဲကွာ ... ကြိုက်တာလုပ်ပါ့ မောင်အားလုံး ဖြည့်စွမ်းပေးပါ့မယ်"

"မောင် ... "

"ပြော"

"ခရမ်းကို ချစ်လား"

"ခရမ်းရယ် မင်္ဂလာပွဲကြီးပဲ ကျင်းပတော့မယ် ဒါတွေကို မောင်မဖြေချင်ဘူး ... ကလေးကလားဆန်တယ်လို့ ထင်တယ်"

သူ့စိတ်ကိုက ခရမ်းကို ချစ်တယ်ဟုပြောမထွက် စိတ်မပါတကြီးဖြစ်နေရသည်။

"ဖြေလေမောင် ... ခရမ်းကြားချင်တယ် ခရမ်းကလေးဆန်တာမဟုတ်ပေမယ့် မောင့်ဆီကနေ ချစ်တယ်ဆိုတဲ့စကား အရမ်းကြားချင်လို့ပါ ပြောလေ"

ချိုသာ နှုတ်တွေက ဖွင့်ဟ၍ မရတော့ ... ခရမ်းကိုလက်ထပ်သင့်သည်ထင်၍ လက်ထပ်ခြင်းဖြစ်သည်။ အချစ်ဆိုတာကို ချိုသာတစ်ကြိမ်တစ်ခါမျှ မစဉ်းစားဘူးခဲ့ ... ဒါပေမယ့်လည်း အခုတော့ ချိုသာဖြေရတော့မည် ... ဘာဖြစ်လို့လဲဆိုတော့ ငွေမှုံချယ်ကြောင့်ပါ ခရမ်းကိုသူက ချစ်ပြနိုင်မှ ခရမ်းကျေနပ်မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ဘာလဲ ခရမ်းကို မချစ်ဘူး မဟုတ်လား ... မောင်ချစ်တာ တစ်ယောက်ပါ"

"ဟာ ... ခရမ်းကလည်း မောင်က ဘယ်သူ့ကိုချစ်ရမှာလဲ ခရမ်းကလွဲပြီး ဘယ်သူမှ မရှိဘူး"

"ဒါဆိုလည်း ခရမ်းကိုချစ်တယ်လို့ပြော"

"ချစ်ပါတယ် ခရမ်းရယ် ... မောင်ချစ်တာ ခရမ်းတစ်ယောက်ထဲပဲရှိပါတယ် ... ကဲ ယုံပြီလား"

"ဟင့်အင်း ... မယုံဘူး"

"ဘာဖြစ်လို့လဲ ... "

ခရမ်းက မျက်နှာလေးမော့မော့နှင့် သူမနှုတ်ခမ်းကိုထိုးဖြသည်။ အနီရောင် နှုတ်ခမ်းရဲရဲတောက်နှင့် ခရမ်းနှုတ်ခမ်း အစုံကြောင့် ချို့သာ စိတ်ပျက်ရ၏။ မတတ်နိုင်တော့ဘူးလေ ငွေမှုံချယ်ကို ကာကွယ်ဖို့အတွက် မချစ်သော်လည်း အောင့်ကာနမ်းပစ်လိုက်ရလေသည်။

✣

အခန်း ( ၉ )

"တော်တော် လူပါးဝတဲ့ ဟာမပဲ ... အိမ်ကြီးရှင်တောင် မဖြစ်သေးဘူး ကိုကြွေ ... ကျုပ်တို့ ဒီအလုပ်ကထွက်မယ် တခြားမှာငှားနေကြမယ် ရပ်ကွက်တွေထဲ ကျုပ်အဝတ်လိုက်လျှော်မယ် ဝင်ငွေရနိုင်ပါတယ်"

"မလုပ်ပါနဲ့ ဒေါ်လေးနှင်းရယ် ကြည့်ပါဦး ငွေမှုံကြောင့် ဒေါ်လေးနှင်းပါ အရိုက်ခံရတယ် နောက်ဆို အဲဒီ့လိုဝင်ကာမပေးပါနဲ့နော် ... ငွေမှုံအပြစ်နဲ့ ငွေမှုံပဲ မင်္ဂလာဦးပစ္စည်းတွေကွဲတာ ဘယ်သူကြိုက်မှာလဲ အတိတ်နိမိတ် ဆောင်တာပဲလေ ... ငွေမှုံ နမော်နမဲ့ကြောင့်ပါ"

ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့လည်း မကျေနပ်ကြ ... ဒေါသတွေ ထွက်နေကြသည်။

"ဦးလေးကြွေတို့လည်း အသက်ကြီးပါပြီ ... ဦးချို့သာ မျက်[illegible]လည်း ရှိသေးတယ်လေ ... ငွေမှုံလည်း ဦးချို့သာကို စွန့်ခွာထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ မရဘူး ... "

"မောင်ချိုသာကလည်း ခရမ်းမှ ခရမ်း ဘာပဲလုပ်လုပ် ခရမ်းသဘောပဲ ဖြစ်နေတယ် ... အိမ်ကြီးရှင် မဖြစ်လာရင်တော့ မလွယ်ဘူး ... "

"ဦးလေးကြွေရယ် ... ဘာပဲဖြစ်ဖြစ် ငွေမှုံတို့ သည်းခံနေကြမယ်နော် ... "

ဖေဖေသောင်းကို ကတိပေးထားတဲ့အတိုင်း ဘယ်လိုအကြောင်းနဲ့မှ ဦးချိုသာအနားကနေ ထွက်မသွားဖို့ပဲ ဆုံးဖြတ်ထားသည်။ ငွေမှုံ ကျောင်းနေခွင့်ရပြီပဲ ... ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့က အသက်ကြီးပါပြီ ငွေမှုံပညာရေးအတွက် ဘယ်သူလောက်အထိ ကူညီထောက်ပံ့နိုင်မည် မဟုတ်ပေ။ ငွေမှုံ ဒုက္ခလည်း မပေးချင် သည်းခံနေထိုင်ဖို့ပဲပြောနေရ၏။ ငွေမှုံလေးကို မတရားလုပ်နေရင် ဒေါ်နှင်းမခံနိုင်ဘူးပြောပစ်ရမယ်ဟု ပြောရင်း ဒေါသတွေပေါက်ကွဲနေရသည်။

"အင်းလေ မတတ်နိုင်တော့ဘူးပဲ ... အရင်ကတော့ ခရမ်းပြာရောက်လာရင် အလုပ်ထွက်ဖို့ပဲ ... ဒါပေမယ့် ငွေမှုံလေး ပညာရေးကရှိသေးတယ်လေ သည်းခံနေထိုင်ရတော့မှာပဲ"

"ငွေမှုံတောင်းပန်ပါတယ် ... ဒေါ်လေးနှင်းရယ် ငွေမှုံဘဝနဲ့ ငွေမှုံပါပဲလေ ... မမခရမ်း စိတ်တိုင်းကျဖြစ်အောင်ပဲလုပ်ပေးရမယ်"





ဒေါ်လေးနှင်းနှင့် ငွေမှုံတို့ တိုက်ကြီးထဲပြန်ဝင်လာကြရသည်။ တိုက်ကြီးထဲမှာ မင်္ဂလာခန်းပြင်ဆင်ပေးမယ့်သူတွေ ရောက်နေကြ၏။ မမခရမ်းက လှမ်းပြီး ညွှန်ကြားသည်။

"ဒေါ်နှင်း ဒီမှာ ဧည့်သည်တွေ စားသောက်ဖို့ ပြင်ဆင်ပေးပါ ... ဟဲ့ ငွေမှုံချယ် ညည်းလည်း ဝိုင်းကူ ဒါပဲ"

"ဟုတ် ... "

ဦးချိုသာနှင့်မမခရမ်းတို့ လက်ချင်းတွဲပြီး ထွက်သွားကြသည်။ ငွေမှုံကို လှည့်တောင်မကြည့်ဘူး ... ဖေဖေသောင်း မျက်နှာကို နည်းနည်းလေးမှတောင် မထောက်တော့ဘူးလား ငွေမှုံအပေါ် ရက်စက်လွန်း၏။ အင်းလေ ဦးချိုသာရဲ့ ဦးလေးအရင်းကို ငွေမှုံက အပိုင်သိမ်းထားလိုက်ခဲ့တာပဲ ... နှစ်ပေါင်းများစွာ ငွေမှုံကိုပဲ ရှာဖွေ ကျွေးမွေး စောင့်ရှောက်နေခဲ့သည်။

"ငွေမှုံ ဘယ်သူ့ကိုမှ စိတ်မဆိုးပါဘူး ... အပြစ်လည်း မတင်ပါဘူး ... ဦးချိုသာထားရာမှာ ငွေမှုံပါမယ် ... ငွေမှုံပညာဆက်သင်ခွင့်ရရင် ကျေနပ်ပါပြီ"

ငွေမှုံ ငိုချင်နေတဲ့စိတ်တွေကို အလုပ်ထဲမှာပဲ နှစ်မြှုပ်ထားရသည်။

"ငွေမှုံ ... "

"ရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းပန်းကန်တွေ စီစီရီရီ ချနော် ... သန္တာဆိုတဲ့မိန်းမကလည်းအနံကြီးကွင်းကျယ်ပဲ ... အပြောခံရဦးမယ် သေသေချာချာပြင်ဆင်နော်"

"ဟုတ်ကဲ့ ... "

"ဘာပဲဖြစ်ဖြစ်လေ ငွေမှုံဘဝရှေ့ရေးက ဒီမှာပဲ ဆက်နေရတော့မှာပဲ ... သည်းခံရမယ် အားမငယ်ပါနဲ့ ဒေါ်လေးတို့ ရှိပါသေးတယ် ... သမီးလေး ကံကြမ္မာပဲပေါ့ကွယ်"

"ဒေါ်လေးနှင်းတို့ရှိလို့ ငွေမှုံရပ်တည်နေနိုင်တာပါ ... အရမ်းကျေးဇူးတင်ပါတယ်နော်"

"လုပ်,လုပ် ဒေါ်လေးနှင်း စားစရာတွေ ပြင်လိုက်မယ်"

"ဟုတ်"

စားပွဲမှာ စားစရာတွေပြင်ပြီး ဒေါ်လေးနှင်းက ညှော်သည်တွေကို သွားခေါ်ခိုင်းသည် ရိုရိုသေသေခေါ်တဲ့ ငွေမှုံခေါင်းလေးငြိမ်းပြုပြီး အပေါ်ထပ်သို့ တက်လာခဲ့သည်။

"အင့် ... "

"အမလေး ... အား"

လှေခါးထိပ်တွင် တစ်စုံတစ်ယောက်နှင့် ဝင်တိုက်မိသည် ငွေမှုံပြုတ်ကျတော့မလို့ တစ်စုံတစ်ယောက်က လှမ်း၍ပွေ့ဖက်ထိန်းမတ်ထားလိုက်၏။ ငွေမှုံ ကြောက်လန့်တုန်လှုပ်သွား၍ သတိ





တွေပင် တဒင်္ဂမေ့လျော့သွားသလိုဖြစ်သွားသည်။

"ဟင် ... မင်း မင်း ဘယ်သူလဲ ကံကောင်းလို့ပေါ့ ... ကိုယ်ထိမ်းထားလို့နော်"

"ဟင် ... "

သူ့ရင်ခွင်ထဲကနေ ငွေမှုံရုန်းထွက်၍ ဖရိုဖရဲဖြစ်နေတဲ့ ခန္ဓာကိုယ်အား ပြင်ဆင်တည့်မတ်လိုက်သည်။

"အယ့် ... အရမ်းချောတဲ့ ကောင်မလေးပဲ ချစ်စရာကောင်းတယ် ... မင်းဘယ်သူလဲ"

ငွေမှုံနှင့် သက်တူရွယ်တူကောင်လေးတစ်ယောက်ဖြစ်နေ၍ သူမ မျက်နှာထားလေးတင်းပြီး ထွက်လာခဲ့သည်။ ရှုပ်ရှုပ်ယှက်ယှက်နှင့် မပတ်သက်ချင်ပေ။ မျက်နှာထားက ပြုံတီတီနှင့် ငွေမှုံကြိုက် ... ငွေမှုံကလည်း ငွေမှုံပဲ အမြဲတမ်း နမော်နမဲ့နှင့် လူတစ်ယောက်လုံး မမြင်မိ။ ငွေမှုံ စိတ်တွေက ဦးချိုသာဆီပဲ ရောက်ရောက်သွားတတ်၏။ ငွေမှုံအပေါ် အညှိုးနှင့်အိမ်ဖော်ဘဝမှာပဲ ထားလိုက်သည်ဟု ထင်မိနေသည်။

"စိတ်ကို ထိန်းရမယ် ... ဦးချိုသာအကြောင်းလည်း မတွေးသေးဘူး"

စိတ်ကို ထိန်းပြီးညှော်သည်တွေဆီ ရောက်သွားသည်။

"မနက်စာစားဖို့ အဆင်သင့်ဖြစ်ပါပြီ ... ရှင် ... "

ငွေမှုံ ခေါင်းလေးငုံ့ပြီး ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ ဒီကောင်မလေးက အန်တီလေးခရမ်းရဲ့ အိမ်ဖော်ကောင်မလေးလား"

"ဟုတ်မယ်ထင်တယ် … ခရမ်းကလည်း ဘာထွင်တာလဲ ဒီလိုချောချောလေးကို အိမ်ဖော်ငှားရလားလို့"

သူမ နောက်ကနေ … သူမနှင့် တိုက်မိတဲ့ လူက ရောက်လာပြီး မေးနေသည်။ မမခရမ်းရဲ့တူပဲ အမလေး ဝေဝေကရှောင်မှပဲ သူတို့တွေ ဘာပဲပြောပြော ကြောက်၍၊ ငွေမှုံ သူတို့တွေ ဘာပဲပြောပြော ရှောင်ထွက်လာခဲ့သည်။ ဧည့်သည်တွေရောက်လာကြ၏။ ငွေမှုံနှင့် တိုက်မိတဲ့ကောင်လေးလည်း ပါလာသည်။

"သုံးဆောင်ကြပါရှင် … လိုအပ်တာရှိရင်လည်း ပြောကြပါ"

ဒေါ်လေးနှင်းက တရိုတသေပြောနေသည်။

"ခရမ်း အိမ်ဖော်တွေ ညံ့တယ် … ဟင်းချက်လက်ရာလည်း မကောင်းဘူး … မာမီတို့ အလုပ်သမားတွေနဲ့ တခြားစီပဲနော် သားနော်"

"ကောင်းပါတယ် မာမီကလည်း အဒေါ်ကြီးဟင်းတွေထည့်ပေးပါဦး နောင်က အစားကြီးတယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့"

ဒေါ်လေးနှင်းက ဟင်းတွေခပ်ပြီး ငွေမှုံကို သွားထည့်ခိုင်းသည်။ မမခရမ်းရဲ့ အစ်မပြောဆိုနေတာတွေ ဒေါ်လေးနှင်းကြားရ စိုးရိမ်၍ ငွေမှုံပဲသွားထည့်ပေးလိုက်၏။ ဒေါ်လေးနှင်းက မဟုတ်ဘဲ





တတ်။ အခုတောင် ငွေမှုံကြောင့် သည်းခံလုပ်ဆောင်ပေးနေခြင်းဖြစ်သည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ငွေမှုံချယ်ပါ"

"ဪ … "

မမခရမ်းရဲ့ အစ်မဒေါ်သန္တာကမေးခြင်းဖြစ်သည်။ သူကတော့ ပြုံးစေ့စေ့နှင့် ငွေမှုံအား ပြိတ်တိကြည့်နေ၏။ သူ့ကိုကြည့်ရတာ ခေတ်ရှေ့ကိုပြေးလွန်းသည်ဟု ထင်မိသည်။

"မျက်နှာက ဖြစပ်ဖြစပ်နဲ့ မုန်းစရာကောင်းလိုက်တာ"

ဒီလူက လိုအပ်တာထက်ပိုကြည့်နေသည်ဟု ထင်သည်။ ငွေမှုံ မနှစ်သက်သလိုပင် ဒေါ်သန္တာမျက်နှာထားက တင်းနေ၏။ ငွေမှုံ ဟင်းတွေထည့်ပြီး ပြန်ထွက်လာမယ် ပြင်လိုက်တော့ သူက ပန်းကန်ထည့်ပေးဖို့ အမိန့်ပေးနေသည်။

"ဟေ့ကောင်မလေး ဟင်းခပ်ထည့်ပေးစမ်း"

"ရှင် … "

"ဘာရှင်လဲ … ဟင်းပန်းကန်က ဝေးနေလို့ ခပ်ထည့်ပေး"

နောင်တာမင် လေသံမာမာနှင့် ကောင်မလေးကို ခိုင်းလိုက်သည်။ မာမီက အဆင့်အတန်း အရမ်းခွဲခြားတတ်၏။ အိမ်ဖော်ကောင်မလေးနှင့် အရောတဝင်လုပ်လျှင် ပြဿနာရှည်မည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငွေမှုံချယ်တဲ့ သေသေချာချာကြည့်လေ ချစ်စရာကောင်းလေပဲ ... အိမ်ဖော်နှင့်လည်း မတူဘူး ... လူရည်သန့်ကောင်မလေး နှောင်ပင် စိတ်ဝင်စားနေသည်။

"ငွေမှုံချယ် ... ညည်းကို ဘယ်သူခေါ်လာတာလဲ"

"ဦးချိုသာပါ"

"မောင်ချိုသာဇလား ... သူက ဘယ်ကနေခေါ်လာတာလဲ ... ခရမ်းသဘောတူရဲ့လား"

"ငွေမှုံက ဦးချိုသာဦးလေးရဲ့ မွေးစားသမီးပါ ... ဖေဖေ သောင်းဆုံးသွားလို့ ပညာဆက်သင်ဖို့အတွက် ဦးချိုသာလက်ထဲ အပ်လိုက်လို့ ခေါ်လာတာပါရှင် ..."

"ညည်းက ဘယ်နှစ်တန်းလဲ"

ဒေါ်လေးနှင်း အနားရောက်လာပြီးဝင်ပြောတော့သည်။

"ငွေမှုံလေးက ဘာသာစုံဂုဏ်ထူးနဲ့အောင်ထားတာပါ ... အခု ဆေးကျောင်းတက်ရမှာပါ ... ရှေ့လဆိုရင် တက်ရတော့မယ်"

"ဘာ ... ဘာပြောတယ်"

စပ်စုလွန်းတဲ့ ဒေါ်သန္တာကို ဒေါ်နှင်းအမြင်ကတ်လာသည်။ ဘယ်လိုလူတွေမှန်း မသိပါဘူး။ မနာလိုဝန်တိုနှင့် မောက်မာထော လွှားချင်ကြ၏။ ငွေမှုံလေးကို အထင်သေးတဲ့ မျက်လုံးတွေနှင့်ကြည့် နေကြသည်။





"မောင်ချိုသာက ပညာဆက်သင်ပေးမှာပါ ငွေမှုံလေးရဲ့ ဦးလေးကို ကတိပေးထားလို့လေ ... သူ့မွေးစားအဖေက ငွေမှုံ လေးကို ရှေ့ပေါ်မြတင်ထားခဲ့တာပါ"

ဒေါ်သန္တာ စိတ်ထဲမှာ ဒီကောင်မလေးသာ ဆေးကျောင်း တက်လျှင် အရမ်းပေါ်ပြူလာဖြစ်သွားမှာပဲဟုတွေးမိပြီး မနာလိုဖြစ် သွားမိသည်။ ခရမ်း ညံ့တယ် ... ဘာဖြစ်လို့များ ဒါမျိုးကိုလက်ခံ ရတာလဲ ... မောင်ချိုသာက အမြဲတမ်း ခရမ်းသဘောပဲလုပ်စေခဲ့ တာပါ ... ပြောရမယ် မာမီ့သား နှောင်နှောင်ကျော် စိတ်ဝင်စား သွားမှာလည်း စိတ်ပူသွားသည်။

"ခရမ်းကတော့ ညည်းကတော်တော် နမော်နမဲ့နိုင်တယ်တဲ့ အသုံးမကျဘူးတဲ့ ညည်းဘယ်ကျောင်းပဲတက်တက် ကိုယ့်ဘဝကိုယ် မေ့နဲ့ ... ကြားလား အိမ်ဖော်က အိမ်ဖော်ပဲ"

ဒေါ်လေးနှင်းက ရန်တွေ့တော့မယ် ဟန်ပြင်လိုက်၍ ငွေမှုံ အသာလေး လက်နှင့်တို့၍ သတိပေးလိုက်ရသည်။

"စားပြီးရင် သစ်သီးတွေခွဲပြီး လာပို့ဦး ဖရဲသီးလှီးရင် အစေ့ ဆုံးဝရှိမနေစေနဲ့ အခွံကိုလည်း သေသေချာနွှာနော်"

"ဟုတ်ကဲ့ ..."

"ဘယ်လိုများ ဆေးကျောင်းတက်မလဲ မသိဘူး ... အဆင် ပိုမရှိဘူး ခရမ်းကိုပြောရမယ် ... ထ ... သား ပြင်ဆင်စရာရှိတာ ပြင်ဆင်ပြီး ပြန်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သန္တာတို့သားအမိ ထသွားကြသည်။

"ဟွန်း ... ကြီးကျယ်နေလိုက်တာ ဒင်းသားက ဆယ်တန်းတောင် အောင်တာမဟုတ်ဘူး ဆေးချဘာချနဲ့ နာမည်ပျက်နေတာ"

"ထားလိုက်ပါ ဒေါ်လေးနှင်းရယ် ... ဒီလိုလူတန်းစားတွေက ဒီလိုပဲနေမှာပါ ... ပြောကြပါစေ ငွေမှုံတော့ လုံးဝ စိတ်မဆိုးဘူး"

"ငွေမှုံ ... "

"ရှင်"

"ငွေမှုံလေးကတော့လေ တော်တော်ကို သည်းခံနိုင်တာပဲ အရွယ်နဲ့တောင် မလိုက်ဘူး"

"သည်းမခံတော့လည်း ဘယ်လိုလုပ်ရမလဲ ... ဒေါ်လေးနှင်းရယ် ... ငွေမှုံဘဝဟာ ဖေဖေ့သောင်းအသက်ရှင်ကတော့ ငွေမှုံဘာမှ မလုပ်ရပါဘူး ... ဒေါ်လေးနှင်းပြောသလိုပဲ ရွှေပေါ်မြတင်ထားတာလေ ... ကျန်းမာရေးမကောင်းတော့ ငွေမှုံသူများအိမ်တွေမှာ ဖေဖေသောင်းမသိအောင် အဝတ်လိုက်လျှော်ဖူးတယ် သူများနိုင်းတာတွေ လုပ်ဖူးတယ်"

"ဟင် ... "

"ပြောကြတာပဲ နိမ့်ချဆက်ဆံရတာပဲ ငွေမှုံခံနိုင်ပါတယ် ငွေမှုံဘဝပဲဟာ ကိုယ့်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်





မှ မရှိတာပဲ ငွေမှုံသည်းခံစိတ် မွေးတတ်ပါတယ် ဖေဖေသောင်း ကျန်းမာရေး မကောင်းထဲကပါ"

ငွေမှုံ ဒက်ဒီနှင့် မာမီကြောင့် အရွယ်နှင့်မမျှအောင် သောကတွေ ခံလာခဲ့ရသည်။ ဖေဖေသောင်း ရှိနေလို့ပေါ့ ငွေမှုံလည်း နေတတ်သလိုနေဖို့ အမြဲတမ်းလေ့ကျင့်အားထုတ်နေခဲ့တာ မဟုတ်ဘူး ... စိတ်မဆိုးပါဘူး ဒေါ်လေးနှင်းက ဟိုကောင်လေးကို မျက်နှာမပေးဖို့ သူဌေးသားကို အထင်မကြီးဖို့ ဆုံးမစကားတွေပြောနေ၏။ ငွေမှုံလည်း သူ့ကို မုန်းပါတယ် ... အသီးအနှံတွေ ခွဲစိတ်ပြီး ဒေါ်လေးနှင်းပဲ သွားပို့ပေးသည်။

✣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ချိုသာ မင်္ဂလာဆွေ့ခံပွဲက ကြီးကျယ်ခမ်းနားစွာဖြင့် ပြီးဆုံး သွားကာ ညစာစားပွဲကို သူ့ခြံထဲမှာပြုလုပ်ခဲ့သည်။ ချိုသာ မဖျော် နိုင် ခြံထဲမှာ စားသောက်ပွဲမှာ ငွေမှုံချယ်၏ ပန်းကန်တွေဆေးနေ ရရှာ၏။ မမသန္တာနီက အမျိုးမျိုး အမိန့်ပေးခိုင်းစေနေလေသည်။

"ဦးချိုသာကြောင့်ပါ ငွေမှုံရယ် မင်းလေး ဒီလိုဘဝမျိုးရောက် အောင် ဦးချိုသာလုပ်ခဲ့တာပါ ... ငွေမှုံကိုသနားလို့ ဘယ်လိုဖြ ကယ်ရမှန်းတောင် မသိတော့ဘူး"

ခရမ်းလွန့်တယ် သူက အစေအပါးအဖြစ်ပေးထားတယ်ဆို ရင်လည်း အရမ်းကိုနှိမ်ချဆက်ဆံလွန်းသည်ဟု ထင်မိလာသည်။ အခုမှ တားဆီးဖို့ကလည်း သူ့မှာလုပ်ရဲတဲ့သတ္တိမရှိ ... ခရမ်းပြာ နာရှာမှာ စိတ်ပူမိသည်။ သူ့စိတ်တွေ မပျော်နိုင် ခရမ်းကသော့ အသံစာစာနှင့် သူ့လက်ကို ချိတ်တွယ်လျက် ပျော်နေ၏။ သူ အသ





လေးဖယ်၍ မသိမသာနှင့် ဦးလေးကြွေအနားရောက်သွားသည်။

"ဦးလေးကြွေတို့ရော စားပြီးကြပြီလား ... ငွေမှုံရော"

"မစားရသေးပါဘူး မောင်ချိုသာရယ် ... ငွေမှုံလေးကို ပန်းကန်တွေ ဆေးခိုင်းထားလို့ သူ့ခမျာ မအားရပါဘူး"

"ကျွေးလိုက်ပါ ဗိုက်ဆာနေမှာပဲ ဒေါ်နှင်းရော"

"စားစရာတွေ ချက်ပြုတ်ပေးနေရတာယ်လေ ... ရပါတယ် အောင်ရင် ... ပြီးမှ စားကြပါ့မယ်"

"စားကြပါ စားစရာတွေရှိတာပဲ ယူစားကြလေ"

သူ့အလုပ်သမားတွေ အားငယ်နေကြရတော့မည်။ အထူး သဖြင့် ငွေမှုံပဲ ဗိုက်ဆာနေတော့မလားပဲ ... ငွေမှုံက တိုက်ကြီးထဲ မှာပါ ဆေးပြီးသား ပန်းကန်တွေနှင့်၊ စားသောက်စရာတွေကို ဦးလေးကြွေနှင့် သူ့ကုမ္ပဏီ ဝန်ထမ်းတွေက သယ်ပေးနေကြသည်။

"မဖြစ်ဘူး ငွေမှုံဆာနေမှာပဲ သွားပြီးသတိပေးမှဖြစ်မယ်"

ခရမ်းငယ်သူငယ်ချင်းတွေနှင့် စကားတွေကောင်းနေတုန်း သူ့တိုက်ကြီး ပြန်ဝင်လာခဲ့မိသည်။

"ဟင် ... "

ငွေမှုံ့အနားမှာ စားစရာတွေထည့်ထားတဲ့ ပန်းကန်တွေ ထိုင်ပြီး နောင်ရပ်နေသည်။ ခရမ်းပြာရဲ့ တူပါ ... နောင့်ကို သူသ သောမကျမိ၍ ကင်းကင်းပဲနေခဲ့၏။ ဒီကောင်နဲ့ငွေမှုံ ဘယ်တုန်းက သိကျွမ်းလိုက်မိတာလည်း လေးလေးသောင်းက သေသေချာချာ အစ်



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့သည်။

"ငွေမှုံချယ် မင်းစားဖို့ယူလာတာပါ ရော့ ... စားလိုက်ဦး မင်းဗိုက်ဆာနေမှာပဲနော်"

"မဆာပါဘူး ... ကျွန်မနဲ့လာပြီး မပတ်သက်ပါနဲ့ တော်ကြာ လူကြီးတွေ တွေ့သွားရင် ကျွန်မအဆူခံရမှာနော်"

"ဘယ်သူမှ မသိပါဘူး လူကြီးတွေ အလုပ်ရှုပ်နေကြတယ် ကိုယ့်ကိုတောင် အပြင်ထွက်သွားပြီ ထင်နေကြမှာပါ ... ငွေမှုံကို ကိုယ် အရမ်းသတိရနေတယ် ငွေမှုံပန်းကန်တွေဆေးနေရတာလည်း စိတ်မကောင်းဘူး စားလိုက်ပါ ... ငွေမှုံရယ် ... ကိုယ့်စေတနာ မေတ္တာကို လက်ခံပေးပါ"

"ငွေမှုံမစားဘူးလို့ပြောထားပြီးပြီနော် ... ထွက်သွားပါ နင်နဲ့လည်း မပတ်သက်ချင်ဘူး ... ရှုပ်ရှုပ်ယှက်ယှက်တွေ လာမလုပ်ပါနဲ့"

ငွေမှုံ့အသံလေးက မာထန်နေ၍ သူစိတ်အေးသွားရသည်။ ဒီကောင်မလေး မဆိုးဘူး ... ဒါပေမယ့် နောင်က ပိုက်ဆံချမ်းသာ၏။ ရုပ်ရည်ကလည်း မဆိုးဘူး ... ငွေမှုံ စိတ်ဝင်စားသွားမှာ ချီသာ စိတ်ပူနေသည်။

"တောက် ... ဒီကောင်နောင်က လူရှုပ်ပဲ ငွေမှုံဒုက္ခရောက်တော့မယ် ... ငါ့ကလေးကိုမှကွာ"

သူ စိတ်ထဲမှာ ငွေမှုံချယ်အား သူစောင့်ရှောက်ရမယ့်





တလေးမလေးဟု သတ်မှတ်ထားမိသည်။ နောင်က မိန်းကလေး တွေနှင့် ရှုပ်သလို မူးယစ်ဆေးတွေလည်း စွဲနေသေး၏။ ငွေမှုံကို ဘယ်လိုကာကွယ်ပေးရမလဲ အရေးအရာသွားလုပ်ပြန်လျှင်လည်း ခရမ်းက အထင်လွဲတော့မည်။ ငွေမှုံရှေ့ရေးအတွက် သူဝင်မပါသင့် ဟု ထင်၏။ လှည့်ထွက်လာခဲ့သည်။

"မောင် ဘယ်ပျောက်သွားတာလဲ ... ခရမ်းလာရှာတာ"

သူ ပြန်အထွက်မှာ ခရမ်းက တိုက်ဝရောက်နေပြီဖြစ်သည်။ ချီသာ ထိတ်လန့်သွားပြီး ခရမ်းလက်ကို ဆွဲ၍ ခြံထဲပြန်ခေါ်လာ ခဲ့သည်။ အထဲမှာ နောင်ရှိတယ် ငွေမှုံမှာ အပြစ်မရှိပေမယ့် ငွေမှုံကို [illegible]ဆဲ ရိုက်နှက်တော့မည်ဖြစ်သည်။

"လာပါကွာ ... မောင် နည်းနည်းမွန်းကျပ်လာလို့ ရှသာ [illegible]ခင်မှာ တက်ရပ်နေမိတာပါ ... ခရမ်းသိတဲ့အတိုင်းပဲ မောင်က [illegible]တ်အိုက်ရင် နေမှ မနေတတ်တာ"

"လူရှင်းနေပါပြီ မောင်ရဲ့ ... လာ ခရမ်းသူငယ်ချင်းတွေပြန် [illegible]တော့မယ် နှုတ်ဆက်ချင်လို့တဲ့ ... "

"ဟုတ်လား ... သွားကြစို့"

ခရမ်းဆွဲခေါ်ရာနောက် ချီသာလိုက်လာခဲ့သည်။ ညှေ့သည် [illegible] အသီးသီးပဲ နှုတ်ဆက်၍ပြန်နေကြ၏။ လူရှင်းလာတော့ [illegible] ဟိုကောင်နောင်က ဘာဖြစ်လို့ ထွက်မလာသေးတာလဲ



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်မောနေမိ၏။ နောင့်အမေကတော့ ညှို့သည်တွေနှင့်စကား ပြောနေသည်။

"မင်း တော်တော် အတင့်ရဲတာပဲနောင် ... ဘာဖြစ်လို့ ငွေမှုံ ကိုမှ ဒုက္ခပေးချင်ရတာလဲကွာ"

နောင့်ကို သတ်ပစ်ချင်လောက်အောင် ဒေါသတွေထွက်နေ မိသည်။ မမသန္တာ ဝင်သွားလို့တွေ့သွားရင် ပြဿနာပဲ သူဝင်ပြော လို့ကလည်း မဖြစ်ဘူး ... မကြာခင် ညှို့သည်တွေ ကုန်သွားလျှင် အထဲဝင်ရတော့မည် ... ငွေမှုံလေး ဘယ်လောက်အထိ စိတ်သော ကတွေ ခံစားရရှာမလဲ ... သူတာဝန်ပဲ သူ့စိတ်တွေ မအေးနိုင် ဦးလေးကြွေ့ သူ့အနားရောက်လာသည်။

"ဒီမှာ ဦးလေးကြွေ ဟိုကောင်မလေးအနားမှာ နောင်ရှိနေ တယ် ... ထွက်သွားဖို့ သွားပြီ သတိပေးလိုက်ပါဦး ... မမသန္တာ တွေ့သွားရင် ပြဿနာတက်လိမ့်မယ်"

"ဟုတ်ကဲ့ပါ မောင်ချိုသာ"

ဦးကြွေကိုယ်တိုင် ဒီကောင်ကို မောင်းထုတ်ချင်တာပါ ... မနှင်းလည်း ဒေါကန်နေသည်။ မိမိက မောင်ချိုသာ့ မင်္ဂလာပွဲမှာ ပြဿနာမတက်လို၍ ထိန်းနေရ၏။ ဦးကြွေ စားသောက်ခန်းထဲဝင် လာခဲ့သည်။

"မောင်ရင့်ကို လူကြီးတွေရှာနေပါတယ် ... မောင်ချိုသာ





ခိုင်းလို့ပါ ပြန်ထွက်သွားပါ မောင်ရင် ... "

ငွေမှုံက သူကျွေးတာကို လက်မခံ၍ ဒေါသဖြစ်ပြီး ထပ် ကျွေးနေမိသည်။

"မင်းမစားရင် ကိုယ်ထွက်မသွားဘူးနော် ငွေမှုံ ... ကိုယ် ဘယ်သူ့ကိုမှ ဂရုမစိုက်ဘူး"

"မစားဘူး ... နင့်ဟာနင် ထွက်သွားချင်သွား မသွားချင်နေ နင်မသွားရင် ငါသွားမယ်"

"မင်းထွက်သွားလို့ မရဘူးနော် ... ဘာတွေကြီးကျယ်နေ တာလဲ အိမ်စေကာများ ... "

"ဟော့ ... မင်း ဘာတွေပြောတာလဲ ... အိမ်စေဖြစ်ဖြစ် ဘာဖြစ်ဖြစ် မင်းလာနှောင့်ယှက်နေတာပဲ ... ထွက်မသွားရင် ငါသွားတိုင်မှာနော်"

ဦးကြွေ ဒေါသတကြီး ဝင်ပြောသည့်အပြင် ဒေါ်နှင်းလည်း အနားရောက်လာသည်။

"မင်းထွက်မသွားရင် ငါဒီဓားနဲ့ထိုးသတ်လိုက်မှာနော် မလုပ် ခဲ့ဘူး မထင်နဲ့ ... "

"ခင်ဗျားတို့ သိမယ် ... အန်တီခရမ်းကိုပြောပြီး အကုန် အလုပ်ထုတ်ပစ်မယ် ... လမ်းဘေးရောက်ဖို့ စဉ်းစားထားကြပါ အောက် ... "

နောင် ဒေါသတကြီးကြိမ်းမောင်းထွက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငွေမှုံကြောင့် စိတ်လိုက်မာန်ပါတွေ ဘာမှမလုပ်ပါနဲ့နော် ငွေမှုံတောင်းပန်ပါတယ် ဒေါ်လေးနှင်းထောင်ထဲရောက်ပါလိမ့်မယ်"

ဒေါ်လေးနှင်း လက်ထဲကနေ ဓားကိုယူပြီး သိမ်းလိုက်ရသည်။

"မကြောက်ပါနဲ့ ငွေမှုံရယ် ဒီကောင်က ငွေမှုံကိုလာပြီး နောက်ယှက်နေတာပဲ ... ယုတ်မာလွန်းတယ် အလကား လူရှုပ် သတ်ပစ်လည်း ဘာဖြစ်လဲ ..."

"မင်း ဘာမှမလုပ်နဲ့ မနှင်း ငါရှိတယ် ... ငါယောက်ျား ဝါ ရှင်းမယ် ... တော်တော် မိုက်ရိုင်းတယ်"

ငွေမှုံစိတ်ညစ်သည်။ ကံဆိုးမပါပဲ နှောက်ယှက်မယ့်သူတ ပေါ်လာခဲ့၏။ ဦးချိုသာတို့ မင်္ဂလာပွဲမှာ ပြဿနာမတက်စေချင် ပေ။ ဒေါ်လေးနှင်းလည်း ပြန်ထွက်သွား၍ ငွေမှုံ ပန်းကန်တွေကို ဆက်ဆေးနေသည်။

"ဟဲ့ ... ကောင်မလေး၊ ဒါက ဘာလဲ ဧည့်သည်တွေကို ကျွေးမယ့်အသစ်တွေကို ညည်းခိုးစားနေတယ်ပေါ့လေ ..."

"ဟို ... ဟို ... မဟုတ်ပါဘူး ... ကျွန်မ အပြင်တောင် မထွက်ရသေးပါဘူး"

"ဒါတွေ ဘယ်ကနေရောက်လာရတာလဲ ... ညည်းခိုးစား ထားတာ အစေခံမက စားကောင်းသောက်ဖွယ်တွေ ခိုးထားတာ





ပေးစမ်း နင်တို့က အကြွင်းအကျန်တွေပဲစားရမှာ"

နောင့်မာမီရောက်လာပြီး ပြဿနာရှာသည်။ ငွေမှုံ ဘာ ပြောရမှန်း မသိတော့ ... ဒေါ်လေးနှင်းကြားသွားမှာလည်း ကြောက်မိ၏။ နောင် ယူလာတာပါဟုလည်း မပြောရဲပေ။

"သူခိုးမ ... ငါသားနောင်လာပြောလို့ပေါ့ ညည်းဘာပြော ချင်သေးလဲ ... ခရမ်းကိုပြောရမယ်"

"မမခရမ်းကို သွားမပြောပါနဲ့နော် ... ငွေမှုံ တောင်းပန်ပါ တယ် ... မမခရမ်းရဲ့ မင်္ဂလာညဖြစ်နေလို့ပါ ... ပြောချင်ရင်လည်း နောက်နေ့မှတိုင်ပါနော် ... ငွေမှုံကိုပေးတဲ့ အပြစ်ခံပါ့မယ်"

"ကောင်းပြီလေ ... အခုတော့ ထားလိုက်မယ် နောက်နေ့ မှ တိုင်မယ် ... ညည်းခိုးလာတာလို့ ဝန်ခံစမ်း ငါကမှတ်တမ်းတင် ထားမလို့"

"ရှင်"

"ဘာရှင်လဲ ... ဒီလို အကျင့်စရိုက်မကောင်းတဲ့ မိန်းမမျိုး ညီမတိုက်မှာ မထားနိုင်ဘူး ... ဒါ ဘယ်လိုရောက်လာတာလဲ ဘိုလူကြီး ဦးကြွေယူလာတာလား ဒေါ်နှင်းလား"

"မဟုတ်ပါဘူး ... တစ်ယောက်မှ မဟုတ်ပါဘူး"

"ညည်းခိုးထားတာပေါ့"

မထူးတော့ပါဘူး နောင်လူယုတ်မာ သူယူလာပြီး ငွေမှုံကို



www.burmeseclassic.com

www.burmeseclassic.com



အပေါ် အပြစ်တွေပုံချလိုက်ခြင်းဖြစ်သည်။ ဦးလေးကြွေနှင့် ဒေါ်နှင်း တို့ကိုတော့ အထိအခိုက်မခံနိုင်ပါဘူး ... ငွေမှုံပဲ အပြစ်ခံလိုက်ဖို့ ဆုံးဖြတ်လိုက်မိ၏။ သူမ ခိုးယူလာတာ ဖြစ်ကြောင်းဝန်ခံလိုက် သည်။

"ဟုတ်ပါတယ် ... ကျွန်မ စားချင်လို့ပါ အရှေ့ကနေ ယူလာ ခဲ့ပါတယ်"

"သူခိုးမပဲ တန်ရာတန်ရာမလုပ်ဘူး ... ညည်းတို့စားရမှာက အကြွင်းအကျန်တွေလေ ... ပန်းကန်ဆေးတုန်းကဟာတွေရော ကျန်တာတွေ"

"မကျန်ပါဘူး ... ပန်းကန်တွေပဲရောက်လာတာပါ"

"တက်မယ့်ကျောင်းက ဆေးကျောင်းတဲ့ အောက်တန်းကျ တဲ့ အကျင့်စရိုက်နဲ့ ထွီ"

ဒေါ်သန္တာနီက ပြောဆိုပြီး ပြန်ထွက်သွားလို့တော်ပါသေး ရဲ့ ဒေါ်လေးနှင်းရောက်လာသည်။

"ငွေမှုံ ... "

"ဟင် ... ဒေါ်လေးနှင်း"

"ဘာတွေစဉ်းစားငေးမှိုင်နေရတာလဲ ... ဟိုကောင်ကြောင့် လား ... ပန်းကန်တွေ ဒေါ်လေးနှင်းပါ ဝိုင်းသိမ်းပါ့မယ် ပြီးပါပြီ"

ပန်းကန်တွေကို ဒေါ်လေးနှင်းပါဝိုင်းသိမ်း၍ ပြီးသွားသည်။





"လာ ... ဒေါ်လေးနှင်းတို့လည်း ဗိုက်ဆာနေပြီ စားကြ မယ်"

ဒေါ်လေးနှင်းရှေ့မှာပဲ ကျလာတော့မယ့် မျက်ရည်တွေကို ကော်တောင်တွေနှင့် ပုတ်ခတ်ထိန်းသိမ်းရင်း အပြုံးတွေနှင့်လိုက် သာခဲ့ရသည်။

"အကျန်တွေဆိုပေမယ့် အကောင်းတွေလေ ... ငွေမှုံ စားပေမယ့် ငွေမှုံလေးအတွက်တော့ ဟင်းတွေချန်ထားတယ်"

"ငွေမှုံမစားချင်တော့ပါဘူး ... ဒေါ်နှင်းရယ် ရင်တွေပြည့် နေတယ်"

"စားစမ်းပါ ... ငွေမှုံလေး ဘာများစားရသေးလို့လဲ ဒေါ်နှင်း သိတယ် ... စိတ်ညစ်စရာတွေ ဘာမှတွေးမနေနဲ့နော် ... စားစရာ ရှိတာစားပါ ... ဒေါ်နှင်းကစားဖို့မှုုးပဲ"

"ဦးလေးကြွေရောဟင် ... "

"လာလိမ့်မယ် ... ခြံထဲမှာသိမ်းနေတယ် ငွေမှုံကို ကျွေးနှင့် ဆိုလေ ... "

"ငွေမှုံကိုလေ မိဘသဖွယ်ဂရုစိုက်စောင့်ရှောက်ပေးလို့ ကျေးဇူးလည်း အရမ်းတင်ပါတယ်နော်"

ဒေါ်လေးနှင်း စိတ်ချမ်းသာစေရန် ငွေမှုံစားနေရပေမယ့် မျို ... သူမ သူခိုးမအဖြစ် အပြစ်ခံရဖို့က ရှိနေသေးသည်။ ဦးလေး ... ဒေါ်လေးနှင်းကိုလည်း ပြောမပြရဲပေ ... အမှန်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောပြလို့ မဖြစ်ဘူး မဟုတ်လား ... ငွေမှုံ ငိုချင်သည်။

"ညည်းလေးအားရှိမှ ပညာကိုကောင်းကောင်းသင်နိုင်မှာလေ ... ဒေါ်လေးနှင်းကတော့ ညည်းဘဝလေးကို အလှဆုံးဖြစ်စေချင်ပါတယ်အေ ... အတတ်နိုင်ဆုံး ကူညီမယ်"

ဦးလေးကြွေလည်းရောက်လာပြီး ညစာကို အတူတူစားကြသည်။

"မောင်ချိုသာက ငွေမှုံလေးအတွက်တော့ စိတ်ပူပါတယ် ငွေမှုံဆာနေမယ် သွားကျွေးပါတဲ့ ... ဟိုကောင်လေးကို မောင်းထုတ်ပစ်ဖို့ မောင်ချိုသာခိုင်းတာပါ ... ငွေမှုံကို ပြဿနာဖြစ်မှာစိတ်ပူလို့ ထင်တယ်"

"စောင့်ရှောက်သင့်တာပေါ့ ... ငွေမှုံက သူ့ဦးလေးအရင်းရဲ့ မွေးစားသမီးပဲ သူ့လက်ထဲကို အပ်ခဲ့တာလေ"

ငွေမှုံ ဘာမှမကြားချင်တော့ ပြဿနာမဖြစ်စေချင်လည်း မကြာခင် ဖြစ်ရမည်ဖြစ်သည်။ ဒေါ်လေးနှင်းတို့ကိုတော့ ပြဿနာထဲ မပါဝင်စေချင် ငွေမှုံကြောက်နေမိ၏။ ဦးချိုသာ ဘယ်လိုထားကွယ်ပေးမှာလဲ မမခရမ်း အမိန့်ဩဇာကို နာခံလွန်းတဲ့ ယောကျ်ားတစ်ယောက် ဖြစ်နေသည်။ ငွေမှုံ စားသောက်ပြီး သူမဂေဟာလေးထဲ ဝင်လာမှ စိတ်သက်သာရသွား၏။ သူမ ကြေကွဲဝမ်းနည်းရတာက သူ့မိုးမဟု စွပ်စွဲခံရခြင်းဖြစ်သည်။

"နောင် ... ယုတ်မာတဲ့ကောင် နင့်ကိုမုန်းတယ် ... နင်





သားအမိကမှ အောက်တန်းကျတာဟဲ့"

ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ဒေါသတွေ ထွက်မှာစိုးရိမ်၍ ငွေမှုံ ဝန်ခံလိုက်ခြင်းဖြစ်၏။ ဦးချိုသာနဲ့ မမခရမ်းတို့ မင်္ဂလာပွဲသာလည်း အတိတ်ကောင်းတွေ ဆောင်စေချင်ခဲ့သည်။ ငွေမှုံ ဝမ်းနည်းကြေကွဲရလွန်း၍ တစ်ယောက်တည်းကျမှ မျက်ရည်တွေကသွင်သွင်းကျနေရ၏။ ကြိတ်မှိတ်ငိုကျွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၁ )

"ငွေမှုံချယ်"

"ရှင် ..."

"ရော့ ... မင်းကျောင်းကိစ္စတွေမှာ သုံးဖို့ငွေကို မင်းယူထား ပါ"

ဦးချိုသာပေးတဲ့ငွေတွေကို ငွေမှုံလက်မခံချင်ပေမယ့် ကျောင်းတက်ဖို့ကလည်း ငွေမှုံအတွက်အရေးကြီးလွန်း၍ ငွေတွေ ကို လက်ခံလိုက်ရသည်။ တိုက်ကြီးထဲမှာ ငွေမှုံသန့်ရှင်းရေးလုပ်ရေ တုန်း ဦးချိုသာကလာရောက်ပေးခြင်းဖြစ်၏။ မမခရမ်း ရေချိုးခန်း ထဲဝင်နေတဲ့အချိန်ဖြစ်သည်။

"မင်းစာကိုကြိုးစားပါ ... ဒါက မင်းကိုငါ ကတိအတိုင်း လုပ်ဆောင်ပေးတာပဲ သတိထားနေ ..."

"ဟို မင်္ဂလာညှော်ခံပွဲညက ငွေမှုံမုန့်တွေခိုးစားတာ မတွေ့



ဘူးနော် ... ငွေမှုံကို ကိုယ်ကျင့်တရား မကောင်းတဲ့ မိန်းကလေး အဖြစ် ဦးချိုသာ မမြင်ပါနဲ့နော်"

"ငါသိတယ် ... အဲဒီကောင်လေးကိုလည်း သတိထားပါ"

"ဟုတ် ... ဟုတ်ကဲ့"

"မင်းဘဝတက်လမ်းအတွက် အရေးကြီးတယ် ... တခြား သောအကြောင်းမှ ငါမပြောချင်ဘူး ငွေမှုံချယ်"

"ဟုတ် ... ဟုတ်"

ချိုသာပြောစရာရှိတာ မြန်မြန်ပြောပြီး ပေးလိုက်သည်။ မင်္ဂလာပွဲ ညကိစ္စကို နောင်ဆိုတဲ့ကောင်က တမင်သက်သက် ယုတ် မာတာ ချိုသာသိနေသည်။ ဒါပေမယ့် သူ့မှာပြောပိုင်ခွင့်မရှိပေ။ သူ ယောက်ဖသာဖြစ်ရ၏။ ခရမ်းနှင့် အတိုက်အခံမပြောလိုခဲ့ ... ငွေမှုံကို သူ အတွက်အမင်းသနားမိနေသည်။

"မောင် ..."

"ဟင်"

"ခရမ်းနဲ့မောင် ဟန်းနီးမွန်းထွက်ဖို့ကိစ္စလေ ငွေဆောင် ကမ်းခြေကို ခရမ်းရွေးထားတယ် ... မောင်သဘောကျရဲ့လား"

"ကောင်းပါတယ် ... ခရမ်း မင်းသဘောပဲလေ"

"မောင်ကလည်းလေ ပြောလိုက်ရင် ခရမ်းသဘောကြီးပဲ ဆိုတာလေ မောင့်သဘောလေးလည်း ပြောပါဦး ခရမ်းကလေ ခရီးဝေးခရီးစဉ်သွားချင်တာ ခရမ်းအလုပ်ကိစ္စတွေ ရှုပ်နေလို့သိ



www.burmeseclassic.com

www.burmeseclassic.com



လား ... နောက်မှ ကမ္ဘာပတ်ပစ်မယ်"

"ပြည်တွင်းခရီးစဉ်လည်း ကောင်းပါတယ် ... ခရမ်း မောင် လည်း အလုပ်ကိစ္စတွေများနေတယ်လေ"

"မောင် ... "

"ပြော"

"ခရမ်းတို့ ခရီးထွက်နေတုန်း ဒီမှာစောင့်ရှောက်ဖို့ မမသန္တာ တို့ သားအမိကိုလာနေပေးဖို့ ခေါ်ထားတယ် ... ခရမ်းအကူအညီ တောင်းလိုက်တာပါ ... ဒေါ်နှင်းတို့ကို စိတ်မချလို့ ခရမ်းက အိမ် တမ်းသန့်ရှင်းနေစေချင်တယ် ... မမသန္တာဦးစီးပေးဖို့ပါ"

ခရမ်းရဲ့အစ်မနှင့် နောင်လာနေမယ်ဆိုတာကို ချိုသာလ မခံချင်ပေ။ ငွေမှုံ့အတွက် စိတ်ပူ၍ဖြစ်သည်။

"မောင့်အလုပ်သမားတွေကို မှာထားပါဦး ... မမသန္တာ စကားကို နားထောင်ဖို့ ဒေါ်နှင်းက ခွန်းတုံ့ပြန်ချင်တယ်လေ ... ဟိုဟာမလေးက အကျင့်မကောင်းဘူး သူခိုးမ"

မင်းတူနောင်က ယုတ်မာတာမောင်မြင်တယ်ဟု ပြော ပေမယ့် မထွက် ... ငွေမှုံ့ကျောင်းဆက်တက်ဖို့ နေထိုင်စားသော ရေးတွေ ထိခိုက်မှာစိုး၍ မပြောဖြစ်။ သူ့အတက်နှင့်သူ့စူးရပြီး ငွေ ဒီလိုဘဝမျိုးရောက်အောင် ငွေမှုံ့ အနိုမ်ခံရအောင် သူလုပ်ခဲ့တာ သူ့ နောင်တတွေရနေခဲ့သည်။

"မောင် ... ခေါ်လိုက်ပါ ... ဦးကြွေရော ဒေါ်နှင်းရော





ဟာမလေးရော ... ကဲ ခရမ်းသဘောဆန္ဒအတိုင်းပဲ လုပ်မယ် ... မောင်အသာကြည့်နေ"

မောင့်အလုပ်သမားတွေကို အဝေးလွှင့်သွားအောင် ခရမ်း ထုပ်ပစ်ချင်သည်။ ဘာဖြစ်လို့မှန်း မသိဘူး ... ငွေမှုံချယ်ကို ကြည့် ရ မတန်မရာ ဆေးကျောင်းတက်ခွင့်ပြုရမှာလည်း အောင့်သက် သက်နှင့် မကျေမနပ်ဖြစ်ရသည်။

"ဒင်းကို မောင်စိတ်မဝင်စားဘူးလို့ပြောနိုင်မလား ... အရှုပ် ထုပ်မ ... "

စိတ်ထဲကနေ ဒေါသတကြီးကြိမ်ဝါးမိသည်။ တမင်နောင့်ကို ခေါ်ထားလိုက်တာ ငွေမှုံ့ချယ်ဘဝကို ဖျက်ဆီးပစ်ဖို့ပါ ... မိန်းက လေးတွေနှင့် ပတ်သက်လာလျှင် မောင်ကင်းရှင်းကြောင်း သိထား သော်ငြားလည်း ငွေမှုံ့ချယ်က စွဲဆောင်မှုရှိလွန်းသည်ဟု ထင်မိနေ၍ဖြစ် ၏။ မမသန္တာကိုလည်း နှိပ်ကွပ်စေခိုင်းထားသည်။

"ဒေါ်နှင်း ဦးကြွေ ငွေမှုံ့ အားလုံး ဒီကိုလာခဲ့ကြပါ"

သူမ အော်ခေါ်လိုက်သဖြင့် မီးဖိုခန်းထဲမှာ အလုပ်ရှုပ်နေ ကြတဲ့သူတွေ ပြေးထွက်လာကြသည်။

"ဒီမှာ ကျွန်မတို့ ဒီညခရီးထွက်မယ် ... ဒါကြောင့် ကျွန်မ အစ်မနဲ့ တူလေးကလာပြီး ထိမ်းသိမ်းစောင့်ရှောက်ပေးလိမ့်မယ် သူတို့စကားကို နားထောင်ပါ ... ကျွန်မတို့ ဟန်နီးမွန်းခရီးစဉ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိတ်အနှောက်အယှက် မဖြစ်အောင်နေထိုင်ပေးကြပါ”

ချိုသာလည်း သူ့အလုပ်သမားတွေကို အားနာပေမယ့် ခရမ်းကို ဆန့်ကျင်ပြီး ဘာမှမလုပ်လို၍ မလွဲသာမရှောင်သာတော့ဘဲ အားလုံးအေးအေးချမ်းချမ်း နေထိုင်ဖို့ ခရမ်းအလိုကျပြောပေးလိုက်ရသည်။

“ဦးကြွေရော ... ဒေါ်နှင်းရော အားလုံး မမသန္တာစကားကို နားထောင်ကြပါ ... ပြဿနာ မတက်စေချင်ဘူး ... ဒီတိုက်ကြီးကို သတိဝီရိယနှင့် နေကြပါ”

“မောင်ချိုသာရယ်၊ ဒေါ်နှင်းတို့ အမြဲတမ်း ဒီတိုက်ကြီးကို ထိန်းသိမ်းစောင့်တာပါကွယ် ... အထူးတလယ်မှာကြားနေဖို့မှ မလိုတာ”

“ဒေါ်နှင်းအဲဒီလို စောဒကမတက်ပါနဲ့ ကျွန်မစကားကို နားခံပါ အခုက မောင်တစ်ယောက်ထဲမဟုတ်တော့ဘူးနော် ခရမ်းလည်း ရှိတယ်”

“စိတ်ချပါ မမခရမ်း ... အားလုံး အဆင်ပြေစေရပါမယ် စိတ်ချပြီးတော့သာသွားပါနော်”

“ညည်းအထူးသတိထားပါ ရှုပ်ရှုပ်ယှက်ယှက်စကားသံတွေ မကြားချင်ဘူး ... အဓိက ကိုယ်ကျင့်တရားပဲ”

ခရမ်းပြာရဲ့ အထက်စီးကနေ ပြောဆိုဆက်ဆံနေတာကို





ဒေါ်နှင်းမကျေမနပ် ဖြစ်ကာ ဒေါသတွေထွက်နေသည်။ ငွေမှုံက ဒေါ်လေးနှင်းအား လက်တို့၍ ထိန်းသိမ်းနေရ၏။ ဦးချိုသာက လှည့်ထွက်သွားသည်။

“တောက် ... တော်တော်ကြီးကျယ်နေတယ် အရှင်က ဒီလောက်မဟုတ်ပါဘူးအေ ... မောင်ချိုသာနဲ့ လက်ထပ်ပြီးမှ မောက်မာနေတာပါ ... သူဌေးကတော်ဖြစ်သွားလို့လေ ဒေါ်လေးနှင်းတော့ အလုပ်ကနေတောင် ထွက်ချင်နေပြီ”

“မနှင်း ဒေါသကိုထိန်းစမ်းပါ ... ငွေမှုံလေး ကျောင်းတက်ခွင့်ရတာပဲ ... မောင်ချိုသာက ပိုက်ဆံပေးထားပြီ”

“ဟုတ်ပါတယ် ဒေါ်နှင်းရယ် ... ငွေမှုံတောင်းပန်ပါတယ်နော် ... သူဌေးတွေကတော့ ဒီလိုပဲ အလုပ်သမားတွေအပေါ် နှိမ်ချဆက်ဆံရမှာပါပဲလေ”

“ငွေမှုံ ... ”

“ရှင် ... ”

“ညည်းလေးကတော့ အမြဲတမ်းနှိမ်ချခံနေတယ် ... ဘာဖြစ်လို့များ ဒေါသမထွက်တတ်ရတာလဲ”

“ဖေဖေသောင်းကြောင့်ပါ ... ဦးချိုသာ ထားတဲ့ဘဝမှာ ငွေမှုံနေရမယ် ဘယ်လိုအကြောင်းပဲရှိရှိ နှိမ်ချဆက်ဆံပြီးနေမယ် ငွေမှုံ ဆရာဝန်တစ်ယောက်ဖြစ်ချင်လို့ပါ”

“ဟုတ်ပါတယ် ... မနှင်းရာ ငွေမှုံလေးက တို့သမီးပါပဲ



www.burmeseclassic.com

www.burmeseclassic.com



တို့တွေလည်း တခြားနေရာမှာ နေဖို့က အဆင်မှမပြေတာ ငွေမှုံ လေးအတွက် ကြည့်ရမယ်"

"မောင်ချိုသာတစ်ယောက် မိန်းမကြောက်ရတာတော့ လွန်တယ် ... နမျောလိုက်တာ မောင်ချိုသာက လူတော် လူကောင်းပါ ... "

"ဒါကတော့ မိန်းမရသွားပြီလေ ... ဒီလိုပဲပေါ့ကွာ ထား လိုက်ပါ"

ငွေမှုံကတော့ ဘယ်လောက်ပဲ နှိမ်ချဆက်ဆံခံရပါစေ နေမယ် ... ဦးချိုသာကိုလည်း အပြစ်မတင်ပါဘူး ငွေမှုံ့ကို လက်ခံ ထားပေးတာတောင် ကျေးဇူးတင်ရမည်ဖြစ်သည်။

"လေးလေးသောင်း မနေခဲ့ပါနဲ့ ... ချိုသာတို့နဲ့ လိုက်ခဲ့ပါလား မေမေနဲ့ချိုသာ ရန်ကုန်မှာ အားကိုးရာလည်းမရှိပါဘူး ... လေးလေး သောင်းက သူစိမ်းတွေအတွက် ချိုသာတို့ကို စွန့်ပစ်ထားမလို့လား"

ဖေဖေသောင်းကလည်း ငွေမှုံတို့သားအဖနှင့်ပဲနေခဲ့သည်။

"ငွေမှုံလေးအတွက် စိတ်ပူတယ် ... ဒီကောင်ကျော်ကျော် ငွေ အရမ်းသောက်ပြီး သမီးကိုမစောင့်ရှောက်နိုင်တော့ဘူး"

ဦးချိုသာ အတင်းအကျပ်ခေါ်နေခဲ့တာ ငွေမှုံမှတ်မိနေသည်။ ငွေမှုံ့ကို ကြည့်တဲ့ ဦးချိုသာရဲ့အကြည့်တွေက မုန်းတီးခါးသည်း လွန်းနေ၏။ ငွေမှုံ ထိုအချိန်က ငယ်သေးသာဖြင့် ကြောက်လန့် တကြား ငိုကြွေးနေခဲ့သည်။





"ငွေမှုံ ... "

"ရှင်"

"ဟိုနေ့က ကိစ္စ ညည်း မုန့်တွေခိုးမစားဘူးဆိုတာ ဒေါ်နှင်း သိတယ် ... ဟိုကောင်လူရှုပ်လေး ကလီကမာလုပ်တာမဟုတ် လား"

"အဲဒီကိစ္စတွေ ထားလိုက်ပါတော့နော် ... အရေးကြီးတာ က ငွေမှုံတို့ ဦးချိုသာမျက်နှာမပျက်ရအောင် နေထိုင်ကြရမယ်လေ"

"ငွေမှုံလေးကြောင့် သည်းခံနေရတာ ဒေါ်နှင်းစိတ်နဲ့ဆို ပြောဆိုပြီး အလုပ်ထွက်တာကြာပြီ"

"မနှင်းရယ် မင်းဒေါသတွေကို ထိန်းချုပ်စမ်းပါကွာ ငွေမှုံ လေးအတွက်ပဲကွာ"

ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ကိုလည်း ငွေမှုံသနားမိ သလို ကျေးဇူးလည်းတင်မိနေသည်။ ငွေမှုံအား မိဘသဖွယ် စောင့် ရှောက်ကြသည်။ ဖေဖေသောင်းဆန္ဒတွေကို ငွေမှုံဖြည့်စွမ်းပေးမှ ဖြစ်မယ့် ကျန်တာတွေကတော့ အရေးမကြီးပါဘူး ငွေမှုံ့ဘဝပဲလေ တံဆိုးမပဲ မဟုတ်လား ... ငွေမှုံ ကြေကွဲဝမ်းနည်းနေလျှင် ဒေါ်လေး နှင်း ဒေါသထွက်မှာစိုးရိမ်၍ ငွေမှုံ သီချင်းလေးတအေးအေးနှင့် ကြမ်းတိုက်နေလေသည်။

"ဟဲ့ ကောင်မလေး ... "



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မမခရမ်း သွားတော့မလို့လား ... ငွေမှုံလိုက်ပို့ပေးမယ်နော်"

"ပို့ပေး ..."

အဝတ်အစားတွေ အပြည့်ထည့်ထားသော အဝတ်သေတ္တာအား ငွေမှုံမနိုင်မနင်း သယ်သွားရတာကို ချိုသာ စိတ်မကောင်းဖြစ်ရသည်။ ဒီကောင်မလေးကလည်း နှိမ်ချလွန်းပါတယ် ... ဒေါ်သလည်း မထွက်တတ်ဘူး ... သူသာ ယောကျ်ားဖြစ်ပြီး အညိုးအတေးတွေ လက်စားချေတာတွေ လုပ်ခဲ့၏။ မဆင်မခြင်လုပ်ခဲ့သည်။

ဿ

"ငွေမှုံရယ် မင်းမှာအပြစ်မရှိပါဘူး ... အဖြစ်မှန်တွေသာ မင်းသိရင် ကိုယ့်ကိုမုန်းတီးရွံရှာသွားမှာပါ ... တောင်းပန်ပါတယ်"

ချိုသာ စိတ်ထဲကနေ အထပ်ထပ်တောင်းပန်နေမိသည်။ ငွေမှုံလေး သည်းခံနိုင်လွန်း၏။ စိတ်သဘောထား ဖြူစင်လိုက်တာကွာ ဦးချိုသာ တောင်းပန်မိတယ် ... မင်းဘဝလေးရပ်တည်နိုင်ဖို့ အစွမ်းကုန်ဖြည့်စွမ်းပေးပါ့မယ် ရေမ်းနှင့်အတိုက်အခံမလုပ်တာ ငွေမှုံဘဝရှေ့ရေးကြောင့် ... ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ကိုလည်း တောင်းပန်ဖို့ ဆုံးဖြတ်ထားသည်။

"ဟဲ့ ..."

"ရှင်"





"နှင့်ကို သေသေချာချာ မှာထားမယ်နော် ... အနေအထိုင်ဆင်ခြင်ပါ နှင့်ဟာနှင့် ဘယ်ကျောင်းပဲတက်တက်နော် အစေခံမကအစေခံမပဲ"

"ဟုတ်ကဲ့ပါ မမခရမ်း ..."

"ပြောလိုက်ရင် မခုတ်တတ်တဲ့ကြောင်လိုပဲ ကုတ်ကမြင်း"

ဦးချိုသာက ကားပေါ်တက်ပြီး စက်နှိုးလိုက်မှ ငွေမှုံ သက်သာရာရသွားသည်။ မှန်းကျပ်လိုက်တာ သေပစ်ချင်ပါတယ် ... ဟိုကောင်က မကြာခင်ရောက်လာတော့မယ် ... နောင် ဘာဖြစ်လို့ထားရတာလဲ စိတ်မချစရာ ဘာအကြောင်းမှ မရှိဘဲနှင့် ဒေါ်သန္တာနီဆိုတဲ့ မိန်းမကြီးကိုလည်း ငွေမှုံကြောက်နေမိ၏။ ငွေမှုံ တိုက်ကြီးထဲ မဝင်သေးဘဲ ခြံထဲမှာ ခဏထိုင်နေမိသည်။

"ငွေမှုံလေး ..."

"ဟင် ..."

"ဘာတွေ စဉ်းစားနေတာလဲ ... ဟိုဟာမ ဘာတွေပြောဆိုသွားလို့လဲ ဘာမှအားမငယ်နဲ့ ဒေါ်လေးနှင်းတို့ ရှိတယ်"

"ငွေမှုံကို ဘာမှမပြောပါဘူး ... ဒေါ်လေးနှင်းရယ် တစ်ခါတလေ ဖေဖေသောင်းကို လွမ်းလို့ပါ ငွေမှုံအတွက် ဘဝတစ်ခုလုံးပေးဆပ်သွားတာပါ"

"ငွေမှုံလေး ဘာမှစိတ်ထိခိုက်မနေနဲ့နော် ... ဟိုဟာတွေရောက်လာရင်လေ လုံးဝအနားမကပ်နဲ့ ဒေါ်လေးနဲ့ဦးလေးကြွေရှိ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ... ငါတော့လေ နောင်ဆိုတဲ့ကောင်ကို ကြည့်မရဘူး"

"ငွေမှုံအတွက် စိတ်မပူပါနဲ့နော် အခြေအနေကိုကြည့်ပြီး ငွေမှုံနေတတ်ပါတယ်"

"ဟိုဟာမကြီးက အာဏာတွေပါဝါတွေ ပြမှာသေချာတယ် သက်သက် အမိပွါယ် မရှိတာ လာထားသွားတာ ... သိပ်ပြီး အရေးမစိုက်နဲ့နော် ... ပြဿနာတွေ ဖြစ်ရင်လည်း နောက်မှကြည့်ရှင်းမယ် ငွေမှုံဘာမှ ခိုင်းတိုင်းမလုပ်ပေးနဲ့ ငွေမှုံလေးကို ဟိုကောင်က မဟားဒယားလုပ်မှာ စိုးရိမ်တယ်"

ငွေမှုံလည်း ကြောက်ပါတယ် ... နောင်က ငွေမှုံဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်နေသည်။ ဦးချိုသာတို့ မင်္ဂလာခရီးမှာ ပျော်ရွှင်မှုတွေနှင့်ပဲ ပြည့်နှက်နေစေချင်သည်။

"ဦးချိုသာကို ငွေမှုံမမုန်းပါဘူး ... ပေးဆပ်ချင်ပါတယ်လေ ဦးချိုသာ သံယောဇဉ်ကြီးရတဲ့ ဦးလေးအရင်းကို ငွေမှုံက အပိုင်သိမ်းယူထားမိတာ မဟုတ်လား"

ဦးချိုသာအတွက် ငွေမှုံပေးဆပ်ချင်သည်။ ဦးချိုသာထားရာမှာနေ စေရာကိုသွား ဘယ်လိုဘဝမျိုးဖြင့် နေထိုင်ရပါစေ ငွေမှုံ ကျေနပ်စွာ နေထိုင်လိုသည်။

"ငွေမှုံလေး အနားယူတော့ နောက်ဆိုစာတွေများလာပြီး အိမ်မှုကိစ္စတွေ လျှော့လုပ်တော့ သွား ကိုယ့်အခန်းကိုသွားနားနေတော့ ဟိုသားအမိလာတော့မယ် ... ဒေါ်နှင်းကြည့်လုပ်မယ်"





"ငွေမှုံအတွက်နဲ့ ဒေါ်နှင်းပြဿနာမတက်ပါနဲ့နော် အလုပ်တွေလည်း ငွေမှုံ တတ်နိုင်သလောက် ဝိုင်းကူလုပ်ပေးပါ့မယ် ဒေါ်လေးနှင်းအသက်ကြီးပြီ မဟုတ်လား"

"ငွေမှုံလေးကလေ အရမ်းကို ချစ်စရာကောင်းတယ် သနားစရာလည်းကောင်းတယ် ... လင်ကောင်းရမှာပါ သွားပါ အနားယူတော့ ..."

ငွေမှုံကိုယ်တိုင် နောင့်ကို ရှောင်နေချင်၍ သူမနေထိုင်ရာ အလုပ်သမားတန်းလျားလေးဆီ ပြန်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

သူစိတ်တွေက အပျော်ခရီးဟန်းနီးမွန်းအတွက် ခံစားလို့မရနိုင်ပဲ ငွေမှုံချယ့်ကိုသနားနေရင်း စိတ်ပူပင်ပန်းနေခဲ့သည်။

"နောင်ဆိုတဲ့ကောင်က ငွေမှုံကို ဒုက္ခပေးနိုင်တယ် မုန့်ကို လည်း ဒီကောင်ယူတာ ငါကိုယ်တိုင်တွေ့လိုက်တာပဲ ငွေမှုံကို ဝေ ကာကွယ်ပေးသင့်ပါတယ်"

အဖြစ်အပျက်တွေက ချိုသာမဆင်မခြင်လုပ်မိတာပါ လေးလေးသောင်းလည်း မသေခင် စိတ်သောကတွေ ခံစားသွားရရှာသည်။ သူကတိပေးလိုက်ပေမယ့် မလွှဲသာမရှောင်သာ သဘော မျိုးဖြစ်နေ၏။ ငွေမှုံအပေါ် ယောကျ်ားတစ်ယောက်ဖြစ်ပြီး လက် တုန့်ပြန်နေခဲ့သည်။

"ငွေမှုံရယ် ဦးချိုသာ အရမ်းခံစားနေရတယ် ... ငွေမှုံကို ဒီလိုဘဝမျိုးရောက်အောင် ဦးချိုသာတမင် သက်သက် မုန်းတီးစိတ်တွေနဲ့ တွန်းပို့ခဲ့တာပါ"

ချိုသာ စဉ်းစားမိတိုင်း ဖြေလို့မရနိုင်အောင် ခံစားနေရသည်။ အရမ်းကိုလည်း ခံစား၍မရ ... ငွေမှုံကို မတရားသွဉ်းပန်းနှိပ်စက်နေသည်ဟု ထင်မိနေ၏။ နောင် ... မင်းတော့လား ငွေမှုံကို စော်ကားရဲစော်ကားကြည့် သူ့ စိတ်ထဲကနေကြိမ်းဝါးနေမိ၏။ ကားပေါ်မှာ ခရမ်းက သူ့ပခုံးပေါ်မှီတွယ်၍ အိပ်စက်နေသည်။

"ငွေမှုံလေးရယ် ... ဦးချိုသာ တောင်းပန်ချင်ပါတယ် အဖြစ်မှန်တွေကို ရှင်းပြဖို့တောင် ဦးချိုသာမှာ သတ္တိမရှိပါဘူးကွာ"

မေမေမဆုံးခင် တစ်လလောက်အလိုတွင် သူ့ကိုပြောခဲ့သည်။

"သားရယ် ... ငွေမှုံလေး အရမ်းသနားစရာကောင်းပါတယ် မှုံရည်လေးကလည်း ချောတယ် သားလေးလေးကလေ ငွေမှုံနဲ့ သားကို လက်ထပ်စေချင်နေတယ်"

"ဟာ ... မဟုတ်တာပဲ မေမေ သက်လက်မခံနိုင်ဘူး ဦးတော့ အသက်ချင်းကလည်းကွာတယ်"

ငွေမှုံကို သားအရမ်းမုန်းတယ်ဆိုတဲ့စကားကို မပြောခဲ့ ... မေမေက အကြောင်းရင်းကိုမေးလျှင် မဖြေချင်၍ဖြစ်သည်။ ဦးကျော်ကျော်ငွေနှင့် မေမေတို့ ဖောက်ပြန်သောကိစ္စလည်း သူသိသားကြောင်း ဘယ်သူ့ကိုမှ ထုတ်ဖော်ပြောပြခြင်း မရှိခဲ့ ... အခါ ပေါင်းများစွာ တစ်ယောက်ထဲ ကြိတ်မှိတ်ခံစားခဲ့သည်။



မိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အသက်ကွာတာက အရမ်းအကွာကြီးမှ မဟုတ်တာပဲ သား ရယ် ငွေမှုံလေးကို သားစောင့်ရှောက်သင့်ပါတယ်"

ချိုသာ အပြတ်သားဆုံး ငြင်းဆန်နေခဲ့သည်။ ငွေမှုံကို စောင့် ရှောက်နေဖို့ နေနေသာသာ သူစိတ်ထဲမှာ အမှုန့်ကြိတ်ပစ်ချင်နေ၏။ အနှိမ့်ဆုံးဘဝမှာ ထားချင်နေခဲ့သည်။

"ဦးချိုသာအတွက် ငွေမှုံကို စောင့်ရှောက်ဖို့ အခွင့်အရေးက နည်းပါးသွားတယ်"

တွေးမိတိုင်း ငွေမှုံလေးကို သနားနေမိသည်။ ဘယ်လိုမှ ဖြေလို့မရ။ နောင်တတွေနှင့် သူရင်တွေမွန်းကျပ်နေရ၏။ ငွေဆောင် ကမ်းခြေသည် သူ့အတွက် ပူလောင်နေသည်။

"မောင်"

"ဟင် … ခရမ်းနိုးပြီလား မင်းတစ်လမ်းလုံးအိပ်လာတာပဲ ထတော့ … ငွေဆောင်ကမ်းခြေတောင် ရောက်ပြီပဲ"

"မောင်တွဲထူလေ … "

"ထပါခရမ်းရယ် ဟိုမှာကိုလှရှိနေတယ် ကလေးဆန်တဲ့ အလုပ်တွေ မလုပ်သင့်ပါဘူး"

"မောင်ကလည်းလေ ဘာတွေ ရှက်နေရတာလဲ … ကိုလှက ခရမ်းကူ့ဖွားကြီးက ဒရိုင်ဘာပဲ ခရမ်းတောင် မရှက်တာ"

ခရမ်းက လူရှေ့မရှောင် သူ့ရှေ့မရှောင် ပွတ်သီးပွတ်သပ် လုပ်နေခဲ့တာတွေကို သူ လုံးဝ မနှစ်သက် … ဒရိုင်ဘာကိုလှက





ရှောင်ထွက်သွားသည်။

"မမခရမ်းရော အစ်ကိုရော လွတ်လွတ်လပ်လပ်နေကြပါ ဘာမှ ရှက်စရာမရှိပါဘူးဗျာ … ကျွန်တော် ရွာထဲက ဆွေမျိုးတွေ အိမ်မှာ တည်းမယ် … ပြန်မယ့်နေ့ ဖုန်းဆက်လိုက်နော်"

"အေး သွားနေလိုက် … ကိုလှက ဒီနားမှာ ဆွေမျိုးတွေရှိ တယ်လေ သူ့ဇာတိပဲ"

ခရမ်းက ပျော်ရွှင်နေသလောက် ချိုသာကတော့ မပျော်ရွှင် ပြီး ခြေလှမ်းတိုင်းက လေးလေးလံလံကြီးဖြစ်နေသည်။ ပြန်ချင် နေ၏။ ငွေမှုံကို စိတ်မချနိုင် ဦးလေးကြွေဆီလည်း ဖုန်းဆက်သတိ ပေးချင်သည်။

"အား … မောင်ရယ် စိတ်ထဲမှာ လန်းဆန်းတက်ကြွပြီး အေးသွားတာပဲ … မောင်နော် အလုပ်တွေကို ခေါင်းထဲကနေ ထုတ်ပစ်ထားလိုက်ပါ"

ပင်လယ်လေအေးက သူ့စိတ်ကိုတော့ မလန်းဆန်းသွားစေ နိုင်ခြင်းမရှိပေ။ ငွေမှုံအတွက် စိတ်တွေ မီးတောက်တော့မတတ် လောင်နေရသည်။

"မောင် … "

"ဟင် … "

"ထ … "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ ခရမ်းရာ"

"လမ်းလျှောက်မယ်လေ ... အခန်းထဲမှာ ထိုင်ပြီး ဘာလုပ်မှာလဲ ... ပင်လယ်ပြင်ကြီးရဲ့ အရသာကို မောင့်လက်ကိုတွဲပြီး ခံစားချင်တယ် ထပ်ပါ မောင်ရဲ့"

ချိုသာ ငြင်းဆန်ချင်ပေမယ့် ခရမ်းမကျေမနပ်ဖြစ်မှာလည်း စိုးရိမ်သည်။ ငွေမှုံအတွက် ခရမ်းရဲ့အလိုလိုက် အကြိုက်ဆောင်နေရ၏။ စိတ်တွေပင်ပန်းနေသည်။

"ခရမ်းတို့ မင်္ဂလာဦးညမှာ အရမ်းပျော်ရွှင်စရာတွေနဲ့ပဲ ပြည့်နှက်စေချင်တယ်မောင်ရယ်နော် ... ဘဝတစ်လျှောက်လုံး ပျော်ရွှင်နိုင်မှာတဲ့"

"မောင်ကတော့လေ စီးပွားရေးပဲ စဉ်းစားတယ် ခရမ်း ဝင်ငွေကောင်းပြီး ချမ်းသာမှ လူမှုဘဝတွေက ပြီးပြည့်စုံနိုင်မှာ"

"မောင်ကလည်း ခရမ်းကို ဒီလိုကြီးအကြောင်းပြပြီး အော စက်စက်ကြီးနဲ့ အရင်ကထက်တောင် မောင့်ဘက်က ပိုစိမ်း သလိုပဲ ... ဟိုကောင်မလေးကြောင့်လား"

"ဘာပြောတယ်"

"ဒီကောင်မလေးရောက်လာမှ မောင်လေစိမ်းတွေ တိုက်နေတယ် ... ခရမ်းသတိထားမိနေတယ်"

"ဟာကွာ ... ဘာဖြစ်လို့ မဟုတ်တာတွေ ပြောနေရ





လဲ"

"မောင်"

"ဟင်"

"ခရမ်းလေ မောင့်ကိုချစ်လွန်းလို့ အခုတလော သဝန်ကြောင်ချင်နေတယ် ... ဟုတ်ပါတယ်လေ ဒီကောင်မလေးကို မောင်က အရေးအရာမလုပ်ချင်လို့ အိမ်စေအဆင့်ထားခဲ့တာပဲ"

မောင့်ကို မလှုပ်နိုင်အောင် ခရမ်းတမင်စွပ်စွဲပုတ်ခတ်ထားခြင်းဖြစ်သည်။ ငွေမှုံက ချောလွန်းနေတဲ့အပြင် ဆေးကျောင်းလည်းတက်မှာဆိုတော့ ခရမ်း မနာလိုဖြစ်နေရ၏။ နောင်နှင့်လည်း သဘောတူလိုက်တယ် ... နောင်က လက်ကျောမတင်းဘူး ဘာအလုပ်မှလည်း လုပ်ချင်တာ မဟုတ်ဘူး ... ပညာရေးလည်း ညံ့တယ် ... မမသန္တာက သဘောမတူဘူးဆိုလို့ ခရမ်းအတော်လေး ဖြောင်းဖျပြောဆိုထားရသည်။

"မောင်ကလေ ခရမ်းအတွက် အိမ်စေမလေးတစ်ယောက် ခေါ်လာပြီး လက်ဆောင်တောင်ပေးခဲ့တာပဲ ... Sorry နော် ... ခရမ်း အတွေးချော်သွားတယ် ... ကဲပါ မင်္ဂလာဟန်းနီးမွန်းခရီးမှာတော့ ပျော်ပျော်လေး နေကြရအောင်ပါနော် ... မောင့်ကိုချစ်တယ်"

ငွေမှုံ နာမည်ပါလာပြီဆိုတော့လည်း ချိုသာအထိတ်တလန့်နှင့် ခရမ်းကိုဆန့်ကျင်ဘက်စကားတွေ မပြောချင်တော့ ငွေမှုံ ပညာရေးထိခိုက်မှာ စိုးရိမ်လာသည်။ ခရမ်းက အားနာတတ်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ချိုသာကာကွယ်ပေးနိုင်တာကတော့ ခရမ်းစိတ်မကွက်ဖို့ပဲ အရေးကြီးသည်။

"ကဲပါ ခရမ်းရယ် ... စိတ်ရှုပ်စရာစကားတွေ ပြောမနေပါ နဲ့တော့ကွာ ... ခရမ်းပြောတာ အမှန်ပဲ ... မောင်တို့မင်္ဂလာဦးညမှာ ပျော်ပျော်လေးနေကြမယ် ရေထဲဆင်းရအောင် ခရမ်းကိုမောင်ခွေ ခေါ်သွားမယ်နော်"

"မောင်ကလည်းလေ တကယ်ပဲကွာ"

သူ ခရမ်းခန္ဓာကိုယ်လေးအား ပွေ့ချီ၍ ရေထဲဆင်းလာခဲ့ သည်။ ခရမ်းနေရာမှာ ငွေမှုံဆိုရင် ဘယ်လောက်ကောင်းမလဲ မေမေရော လေးလေးသောင်းကပါ ငွေမှုံနှင့်လက်ထပ်စေလိုခဲ့ကြ ၏။ သူ ငြင်းမိခဲ့တာပါ နောင်တတွေရနေသည်။

"မောင်"

"ဟင် ..."

"ခရမ်းကို ချစ်ရဲ့လားဟင်"

"ချစ်တယ် အရမ်းချစ်တယ် ... အချစ်ဆိုတာကို အခုမှ ခံစားမိလာသလိုပဲ"

သူ ခရမ်းကိုဖက်နမ်းမိနေသည်။ သူတကယ်ခံစားနမ်းရှိုက် မိနေတာက ငွေမှုံကိုပင် ... သူ့ရင်ခွင်ထဲမှာ ရှိနေတဲ့မိန်းကလေးကို တင်းကျပ်စွာ ဖက်ထားမိသွား၏။ လှရှင်းတဲ့ ကျောက်ဆောင် အကွယ်အထိ တဖြည်းဖြည်းတိုးရွေ့သွားပြီး အနမ်းတွေကြာရှည်နေ





သည်။

"အား ... မောင်ရယ် လွှတ်ပါဦး ... ခရမ်း အသက်ရှူကျပ် လာပြီ"

ခရမ်းက သူ့ခန္ဓာကိုယ်အား တွန်းဖယ်ပစ်လိုက်မှ သူ့ရဲ့ လွှတ်ထွက်သွားတဲ့ အသိတွေပြန်ဝင်လာသည်။

"ဟင် ... ခရမ်း မင်း မင်းကို"

"မောင်ရယ် ... တကယ့်ကို အရူးအမူးပဲ ရည်းစားဘဝက တောင် ခရမ်းလက်လေးကို ကိုင်ဖို့တောင် တွန့်နေတဲ့လူက"

ရဲတွတ်တွတ် ခရမ်းနှုတ်ခမ်းကိုကြည့်ပြီး သူ ခပ်ကြောင် ကြောင် ငေးစိုက်ကြည့်နေမိသည်။ သူ နမ်းမိသွားတာ ငွေမှုံအမှတ် နှင့်ပါ ... မင်းရူးသွားပြီလား ခွန်းချိုသာရာ ဘာတွေဖြစ်သွားရ တာလဲ ... ရူးသွပ်တာလား ... မဖြစ်သင့်ဘူး ... မင်းက လူလွတ် မှ မဟုတ်တာ ... အိမ်ထောင်နဲ့ သူရှက်ပြီး ခရမ်းနှင့်ဝေးရာသို့ ထူးခတ်လာခဲ့သည်။

"မောင် ... ရှက်သွားပြီပေါ့ ... မောင်ရယ် ကိုယ့်မိန်းမကိုယ် နမ်းတာ ဘာရှက်စရာရှိလို့လဲ ... ခရမ်းပျော်လိုက်တာ ... မောင်က ချစ်တယ်လို့ပြောလို့လေ ... ဟင်း ဟင်း ဟင်း"

ခရမ်းက ရယ်မောလျှက် သူ့နောက်သို့ လိုက်ကူးလာသည်။ မဟုတ်သေးပါဘူး ချိုသာ မင်းမရှောင်သင့်ဘူး ... ခရမ်းအထင်လွဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ငွေမှုံဘဝပျက်ရမယ် ... ခရမ်း ယုံကြည်အောင် မင်းနေထိုင်ရမယ် ... သတိထားစမ်းပါ လွတ်ထွက်သွားတဲ့ သူ့စိတ်တွေကို ပြန်ထိန်းချုပ်ရသည်။

"မောင်နော် စောစောကလေ အရှုံးတစ်ယောက်လိုပဲ ခရမ်းကိုများ ကျောက်ဆောင်အကွယ်တွေအထိ အတင်းခေါ်သွားပြီးများ အစုမှ ရှက်နေရတာလဲ"

ခရမ်းက သူ့ခန္ဓာကိုယ်အား သိုင်းဖက်လျက် မျက်နှာလေးကို မော့ပေးနေပြန်သည်။ သေလိုက်စမ်း ခွန်းချိုသာ မင်းဘာဖြစ်လို့များ တွန့်ဆုတ်နေရတာလဲ ... မထူးတော့ပါဘူးကွာ ငွေမှုံ အမှတ်နဲ့ပဲ နမ်းပစ်မယ် ... ဖြစ်ချင်ရာဖြစ် ငွေမှုံကိုချစ်တယ်ကွာ ... အလိုက်သင့်မော့ပေးနေတဲ့ ခရမ်းကို နမ်းပစ်သည်။

"ဟင်း ဟင်း ဟင်း"

ခရမ်းက သဘောကျစွာရယ်မောပြေးလွှားနေသည်။ သူက နောက်မှ လိုက်ဖမ်းပြီး အနမ်းမိုးတွေရွာ၏။ သူ့နှလုံးသားတွေ ချွေ ထွေးလိုက်ခါနေသည်။ ရေထဲမှာ အကြာကြီးနေပြီးမှ အဆောင်သို့ ပြန်လာခဲ့၏။ ခရမ်းတစ်ယောက် တဟင်းဟင်းရယ်မော ပျော်ရွှင် နေလေသည်။

"မောင်ရယ် ခရမ်းဘဝမှာလေ မောင့်ဆီက အချစ်တွေရဲ့ လို့ တောက်လျှောက်လုံးမှာ ပျော်ရွှင်ရဆုံးပဲသိလား ... မောင်





ခရမ်းလုံးဝ မထင်မှတ်လောက်အောင် အချစ်ကြွမ်းတာပဲ"

ခရမ်းစကားတွေကို သူထက်ပြီး နားမထောင်လိုတော့ ရှက်လည်းရှက် မျက်နှာလည်းပူမိသည်။ မထင်မှတ်ပဲနှင့် အချစ်အတွက် ရင်ခုန်ခံစားရပြီး ခရမ်းကိုလည်း ငွေမှုံအဖြစ်ပဲတွေး ထင်မှတ်နေခဲ့မိ၏။ ဦးချိုသာ ရူးချင်တယ် ငွေမှုံလေးရဲ့ ဆင်ခြင်တုန်တရားတွေ တင်းလွတ်နေတယ် ... ဦးချိုသာ အမှားတွေ အမြဲတမ်း လွန်ကျူးမိရတယ် ... ပြီးမှ နောင်တရတယ် ဦးချိုသာနဲ့ ငွေမှုံတို့ရဲ့ ဖူးစာက ကြမ္မာကြောင့်ပဲ ထင်တယ် ... ဆိုးဝါးလွန်းသည်ဟု ထင်သည်။

"မောင့်ကို ခရမ်းချစ်တယ် ... မောင်ကလည်း ခရမ်းကို အရမ်းချစ်မြတ်နိုးတာ သိလိုက်ပါပြီနော်"

မင်္ဂလာဟန်နီးမွန်း ခရီးက တကယ့်ကိုခပ်ကြောင်ကြောင်ပါ ခရမ်းကို ပွေ့ဖက်နမ်းရှိုက်ဖို့ ငွေမှုံလေးအမှတ်နဲ့ပဲဖြစ်သွားရတာ သူ့ ကိုယ်သူရော သူ့စိတ်တွေရော နားမလည်နိုင်ခဲ့။ ချိုသာ အဖေ ကြောင့်၊ ငွေမှုံတို့မိသားစုဘဝတွေ ပြိုကွဲနာကျင်ရတာတွေ ငွေမှုံ သိသွားရင်လည်း သူ့ကိုနာကြည်းမုန်းတီးသွားမှာ သေချာသည်။ ပြီးတော့ ငွေမှုံကို အစေခံဘဝသွတ်သွင်းပေးခဲ့၏။ ခရမ်းကတော့ သူ့ရင်ခွင်တိုးဝင်ရင်း အိပ်ပျော်သွားသည်။

"ငါ ဦးလေးကြွေဆီ ဖုန်းဆက်သတိပေးရမယ် ... ဟိုကောင် အကျင့်စရိုက် မကောင်းဘူး ... ငွေမှုံအပေါ် ယုတ်မာမှာ"

ခရမ်း လုံးဝအိပ်မောကျသွားသည့်အချိန်တွင် အသာအယာ



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ရှားခဲ့၍ အပြင်ထွက်လာခဲ့သည်။ ဦးလေးကြွေတောင် အိပ်ပြီထင်တယ် သူ့ဖုန်းနံပါတ်တွေ နှိပ်ပစ်လိုက်၏။ ခဏကြာမှ ဟဲလို ပြောပါဟု အသံလေးထွက်လာသဖြင့် သူ့အထိတ်တလန့်ဖြစ်သွားရသည်။

"ဟဲလို ပြောပါရှင် ဒါက ဦးလေးကြွေဖုန်းပါ ... ဦးလေးကြွေ အိပ်ပျော်နေလို့ပါ"

ငွေမှုံပဲ ဒီကောင်မလေးက ဘာဖြစ်လို့ မအိပ်သေးတာလဲ ဦးကြွေက ဖုန်းအားသွင်းပြီး စားပွဲပေါ်တင်ထားပုံပင်။ သူ့လက်တွေ တဆတ်ဆတ် တုန်ရင်နေသည်။

"ဟဲလို ... ပြောပါရှင် ဟဲလို"

ဘာဖြစ်လို့မှန်း မသိဘဲ ... သူ့ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာကာ ငွေမှုံလေးနှင့် စကားမပြောရဲသလိုဖြစ်ကာ ဖုန်းကို ပိတ်ပစ်လိုက်မိသည်။

"ဟဲလို ... ဟဲလို ဒုက္ခပါပဲ"

ငွေမှုံအသံလေးကို သူနောက်ဆုံးကြားလိုက်သည်။ ချို့သာ ဘာဖြစ်ရတာလဲ ငွေမှုံကို ကြောက်လန့်နေ၏။ သူအမှားကြီးတစ်ခု လွန်ကျူးထားမိသလိုလို ... စိတ်တွေ တုန်လှုပ်နေသည်။

"ငွေမှုံရေ ဦးချို့သာတော့ ဆင်ခြင်တုန်တရား မရှိတဲ့အလုပ်တွေ ထပ်လုပ်မိပြန်ပြီထင်တယ်"

သူ ထပ်ဆက်ဖို့ ဆန္ဒတွေပြင်းပြနေပေမယ့် ကြောက်လန့်





တုန်ရင်နေဆဲဖြစ်ပါသည်။ ခရမ်းနိုးလာရင်လည်း ပြဿနာတက်နိုင်၏။ ငွေမှုံကို အထိအခိုက်မခံနိုင်ဘူး ... ဟိုကောင်နောင် မင်းသတိထားနေ ငွေမှုံလေး မှည့်တစ်ပေါက်စွန်းထင်းလို့ကတော့ မင်းသေဖို့သာပြင်ထား ... မင်းလိုလူရှုပ်လူပွေနဲ့ ငွေမှုံလေး မတန်ဘူးကွ စိတ်ထဲကနေ ကြိမ်ဝါးနေမိပြီး အခန်းတွင်းမှာ ခရမ်းလူးလွန့်ညီးညူသံ ကြားသဖြင့် အခန်းထဲပြေးဝင်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၃ )

"ငွေမှုံ"

"ဟင် ... နောင် နင်ဘာလာလုပ်တာလဲ ထွက်သွားနော် ငါ့ကို ဒုက္ခလာမပေးနဲ့"

"ငွေမှုံရယ် နောင့်ကိုစိတ်မဆိုးပါနဲ့ကွာ နောင်လည်း ရုတ်တရက်ဘာလုပ်ရမှန်း မသိလို့ပါ ... ငွေမှုံကို ချစ်လို့ပါ"

"ဘာပြောတယ်"

ငွေမှုံ အသားလေးတွေ တဆတ်ဆတ်တုန်ရင်သွားအောင် ဒေါသတွေ ပေါက်ကွဲသွားသည်။ နောင် လူယုတ်မာ ငွေမှုံဘဝကို ဖျက်ဆီးပစ်ဖို့ ရောက်လာခြင်းဖြစ်၏။ လုံးဝ မယုံပေ။ ဒေါ်လေးနှင်း ရောက်လာလျှင် မလွယ် ... ဦးလေးကြွေကလည်း ငွေမှုံကိုလာထိ လို့ကတော့ အသေသတ်ပစ်မယ်ဟု ကြိမ်းထားသည်။

"နင်ထွက်သွားနော် ... ငါ့ကို ဘယ်လိုမိန်းကလေးမှတ်နေ





လဲ ... ငါလူကြီးတွေကို တိုင်မှာနော်"

"ကြီးကျယ်မနေစမ်းပါနဲ့ ငွေမှုံချယ် နင့်လိုကောင်မမျိုးက များ ငြင်းဆန်နေတယ် ... နောင်လိုကောင်က လိုချင်တာကို မရ ရအောင် ယူတတ်တယ်"

နောင် ဒေါသတွေ ထွက်လာသည်။ ငွေမှုံချယ်က ခါးခါး သီးသီး ငြင်းဆန်နေ၍ ဖြစ်၏။ အန်တီခရမ်းကတော့ လူလေးနောင် ဆန္ဒပဲတဲ့ ဒီကောင်မလေးက ဆင်းရဲပေမယ့် တစ်နေ့ဆရာဝန်ဖြစ် မှာတဲ့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုတာမျိုးပဲတဲ့ ... နောင် သဘောပေါက်၏။ နောင်နှင့်ငွေမှုံချယ့်ကို သဘောတူနေခြင်းဖြစ် နိုင်သည်။

"ငွေမှုံချယ် တစ်နေ့နေ့မှာ နင်က နောင့်ရဲ့မယားပဲဖြစ်ရ မယ် မှတ်ထားလိုက်"

သူမလက်ကိုဆွဲလိုက်သဖြင့် သူမဒေါသတကြီး ရုန်းဖယ်ပစ် လိုက်သည်။ လူယုတ်မာ ဘယ်တော့မှ နင့်မိန်းမဖြစ်စေရဘူး။ နောင့် ကိုမုန်းမိ၏။ ငွေမှုံ မနေချင် ... ဦးချိုသာရဲ့ အရိပ်မှာနားဝင်မှီခိုဖို့ မှလွဲ၍ တခြားမရှိ။ ငွေမှုံမှာ တခြားနေထိုင်စရာမှ မရှိတာပဲ။ ဆရာ ဝန်တစ်ယောက်ဖြစ်ချင်တာကလည်း ဖေဖေသောင်းကြောင့် နောင် ထက်ကနေလွတ်အောင်ပဲ ရှောင်ဖို့ဆုံးဖြတ်ထားမိသည်။

"ငွေမှုံ"

"ဟင် ... ဒေါ်လေးနှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းလေးအဝတ်တွေမီးပူတိုက်နေတာ မပြီးသေးဘူးလား ... ထားလိုက် ဒေါ်လေးနှင်းဆက်တိုက်ပေးမယ်"

"ရပါတယ် ဒေါ်လေးနှင်းရဲ့ ပြီးတော့မှာပါ"

နောင် ပြန်ထွက်သွားလို့တောပါသေးရဲ့ ... ဒေါ်လေးနှင်းတို့ကို ပြဿနာမဖြစ်စေလိုပေ။ သူတို့မှာလည်း အားကိုးရာက ဦးချိုသာပဲရှိနေ၏။ ငွေမှုံကြောင့် ဒုက္ခမရောက်စေလိုပေ။

"ကြည့်ပါဦး ... ဟိုမိန်းမဒေါ်သန္တာကလည်း မဆိမဆိုင် ထမီတွေ မီးပူတိုက်ခိုင်းနေတယ် ... သူတို့မှာ အလုပ်သမားတွေရှိလျက်နဲ့ အကြောကြီးနဲ့"

"ထားလိုက်ပါ ဒေါ်လေးနှင်းရယ် ... ငွေမှုံလုပ်နိုင်ပါတယ် လောလောဆယ်မှာ လာနေတာကိုး"

"နောက်ဆို ငွေမှုံလေး ကျောင်းတက်ရတော့မယ်နော် အလုပ်တွေလျှော့ ... လုပ်စရာရှိတာတွေ ဒေါ်လေးနှင်း လုပ်မယ် အားနာစရာမလိုဘူး အရေးကြီးတာက ညည်းလေးဆရာဝန်ဖြစ်ဖို့ပဲ"

"ကျေးဇူးတင်ပါတယ်နော် ... ငွေမှုံအတွက် မိဘတွေအစားရလို့ပါ ... စိတ်ချပါ ငွေမှုံ အစွမ်းကုန်ကြိုးစားမယ်"

"နောင်ဆိုတဲ့ကောင်ကို လုံးဝအထင်မကြီးနဲ့နော် လူရှုပ်လူပေ ကောင်မလေးတွေနဲ့ သက်ဇေတွဲနေတာ ... သားအံမိနှစ်ယောက်လုံး စိတ်ကောင်းမရှိဘူး"





"ငွေမှုံသိပါတယ်"

"ညည်းလေး ဘာမှမပူနဲ့နော် ငွေမှုံ ... ပညာရေးပဲကြိုးစား လူတွေကို ဒီလောက်အထိ သဘောကောင်းပြပြီး အလျှော့ မပေးနေစမ်းပါနဲ့အေ ... ဟို ခရမ်းပြောလည်း ဒီလိုပဲ ... မောက်မာလွန်းပါတယ် ဒေါ်လေးနှင်းတို့ကို နှိမ်ချဆက်ဆံတာ အရေးမကြီးပါဘူး ငွေမှုံလေးကိုပါ မတရားနှိပ်စက် ညှဉ်းပမ်းတာတော့ လုံးဝ လက်မခံနိုင်ပါဘူး"

"စိတ်ကိုလျှော့ပါ ဒေါ်လေးနှင်းရယ် ဘယ်တတ်နိုင်မလဲ ကံကြမ္မာပဲလေ ... ငွေမှုံမှာက တခြားအားကိုးမှီခိုရာမှ မရှိတာပဲ ကိုယ့်ရည်မှန်းချက်တွေ အောင်မြင်နိုင်ဖို့အတွက် သည်းခံရမှာပေါ့"

"ငွေမှုံလေးရယ် စိတ်သဘောထားပြည့်ဝလိုက်တာနော် ... အောင်ချိုသာအနေနဲ့ ကိုယ့်ဦးလေးရဲ့ မွေးစားသမီးလေးကို ညီမလေးလိုစောင့်ရှောက်ပေးသင့်ပါတယ်လေ"

"ဦးချိုသာမှာလည်း အပြစ်မရှိပါဘူး ... ဖေဖေသောင်းက သွေးမတော် သားမစပ် ငွေမှုံကို ဘဝစွန့်ပြီး အနစ်နာခံစောင့်ရှောက်ပေးတော့ ဦးချိုသာဘက်က စိတ်နာနေမှာပဲလေ ဒါပေမယ့်လည်း ငွေမှုံကို ကျောင်းထားပေးတာပဲ ကျေးဇူးတင်ပါတယ်"

ငွေမှုံ စိတ်တွေက ဦးချိုအပေါ် အပြစ်မတွေ့ပေ။ သံယောဇဉ်ကြီးမားစွာ တွယ်နေမိသေးသည်။ ဦးချိုသာ ငယ်စဉ်က ငို့ရှိ



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဖေဖေသောင်းကို ခေါ်နေတာ ငွေမှုံ မှတ်မိနေသေး၏။ ဦးချို သာ ထားရာမှာနေဖို့ပဲ ငွေမှုံ ဆုံးဖြတ်ထားမိသည်။

"ဟန်းနီးမွန်း ထွက်နေတဲ့ ဦးချိုသာတို့ မင်္ဂလာဦးမှာ စိတ် အနှောက်အယှက်တွေ မဖြစ်စေချင်ပါဘူး … ဒါကြောင့်လည်း ငွေ မှုံတို့သည်းခံပေးလိုက်ကြရအောင်ပါ"

"အမလေး စိတ်သဘောထားဖြူစင် ပြည့်ဝလိုက်တာ … ကောင်းပါတယ်အေ … ညည်းလေး ပြန်ပြန်ပြီး တရားချနေလို့ ဒေါ်လေးနှင်းတောင် ဒေါသတွေလျှော့ကုန်ပါပြီ"

"ဒေါသနဲ့သေရင် ငရဲပြည်သွားရမှာနော် ဒေါ်နှင်း စိတ်လျှော့"

"ဟုတ်ပါပြီ … ဟုတ်ပါပြီ ကျေးဇူးရှင်မလေးရယ်"

ငွေမှုံချယ် စိတ်မဆိုးတတ်ပါဘူး ဘဝမှာ ရှိရှိ မရှိရှိ ပျော်ရွှင် စွာနေထိုင်သွားလိုသည်။ အိမ်မှုကိစ္စတွေလည်း ငွေမှုံ မညီးမညူ လုပ်ပေးခဲ့၏။ ဆူချင်ဆူ ဆဲချင်ဆဲပါစေ … ငွေမှုံလက်ခံရမယ့် ဘဝပဲ လေ နောင့်ကိုတော့ မုန်းမိသည်။

"ငွေမှုံ အဝတ်တွေသွားပို့ပေးလိုက်ဦးမယ်နော်"

"ငွေမှုံ"

"ရှင် …"

"ဟိုဟာမကြီး မတရားခိုင်းရင် ငြင်းပစ်နော် … မဆီမဆိုင် လာပြီး မောက်မာနေတာ လက်မခံနဲ့ကြားလား"





"ဒေါ်နှင်း တရားလက်လွှတ်ပြန်ပြီလား စိတ်လျှော့ စိတ် လျှော့"

"ဒီကောင်မလေးတော့နော်"

ငွေမှုံ ရယ်မောပြီး အဝတ်တွေသယ်ပြီး ဒေါ်သန္တာနီအခန်းကို ထွက်လာခဲ့သည်။

"အောက်တန်းစား အိမ်စေမကို မေမေက ချွေးမတော်ရမှာ သားနောင် … လုံးဝမဖြစ်ဘူးနော် မင်း အပျော်ကြံရင်ကြံ ဒါပဲ"

သူမ ခြေလှမ်းတွေက အခန်းဝမှာတုန့်ခနဲရပ်သွားသည်။ ဒေါ်သန္တာနီနှင့် နောင်တို့ အသံတွေကြောင့်ဖြစ်၏။ ငွေမှုံ နာကျင် ကြေကွဲစွာ မျက်ဝန်းလေးတွေထဲမှာ မျက်ရည်တွေပင် စို့တက်လာ သည်။

"နောင်တော့ ငွေမှုံချယ်ကိုရမှဖြစ်မယ် မေမေ … နောင့်ကို များ အဖက်မတန်သလိုနဲ့ အနားတောင်ကပ်လို့ မရဘူး"

"နောင့်ကို မာယာများပြနေတာပါ … ဒီလိုဟာမလေးတွေ က လူအထင်ကြီးအောင် လုပ်ပြနေတာ … သူ့ဟာသူ ဘယ် လောက်ပဲတက်တက် တဝက်တပျက်နဲ့ ထွက်ရမှာပဲ … ခရမ်းက ောင်ချိုသာ့ကိုနိုင်တယ် … ဘယ်ကိစ္စမဆို ခရမ်းသဘောပဲ ဒီဟာ တို့ကျောင်းဆက်ထားဖို့ ကန့်ကွက်ပစ်မှာ ခရမ်းအကြောင်း မေမေ သိဆုံးပါ နောင်ရယ်"

"နောင်ကတော့ အရယူမယ် ငွေမှုံချယ့်ကို နှိပ်စက်ပြမလို့



www.burmeseclassic.com

www.burmeseclassic.com



နောင် ဘယ်လိုကောင်မျိုးလည်းဆိုတာ သိသွားစေချင်တာပဲရှိတယ်"

"မဖြစ်ဘူး ... မေမေလုံးဝ လက်မခံနိုင်ဘူးနောင် ... အိမ်စေမသေးကို လုံးဝအရောမခံနိုင်ဘူး"

ငွေမှုံဆက်ပြီး နားထောင်နိုင်စွမ်းမရှိတော့သဖြင့် ချာခနဲလှည့်ထွက်လာမိသည်။

"ငွေမှုံဘာဖြစ်လို့လဲ ပြန်လာတာလည်း ဒေါ်သန္တာနီက ဘာပြောလိုက်လို့လဲ"

"ဘာမှမပြောပါဘူး ... အန်တီသန္တာအခန်းထဲမှာ နောင်ဆိုတဲ့ကောင်ရှိနေလို့ပါ"

ဒေါ်လေးနှင်းဒေါသထွက်မှာ စိုးရိမ်ပြီး အဖြစ်မှန်တွေကိုပြောမပြခဲ့ပေ။ ငွေမှုံကံဆိုးတာပါ ... မျက်ရည်တွေက ကျချင်လာ၍ ရေချိုးခန်းထဲဝင်လာခဲ့ပါသည်။

"အဲဒီမသာကောင် ဘာအလုပ်မှလည်းမလုပ်ဘူး ... အင်းအမေကလည်း ဒီလောက်ချမ်းသာတာ မဟုတ်ပါဘူးအေ"

ဒေါ်လေးနှင်း မကျေမနပ်နှင့်ပြောဆိုနေသည်။ ငွေမှုံအိမ်သာထဲမှာ မျက်ရည်တွေကို သုတ်ပစ်ရ၏။ မျက်နှာသစ်ပစ်လိုက်သည်။

"ရှင့်သားကိုလည်း အထင်မကြီးဘူး ... ငွေမှုံကို ရမယ်ထင်နေလား အသက်ချင်းလဲပစ်မယ်"





နောင့်ကို မုန်းတီးမိသည်။ ဘယ်လိုလုပ်ရမလဲ ငွေမှုံမှာ ဖြေရာမမြင်ရှိ ... သူမ ငယ်စဉ်လေးထဲက မိဘတွေကွယ်လွန်သွားကြသည်။ မွေးစားအဖေကတော့ ငွေမှုံအပေါ် ဖခင်တစ်ယောက်ကဲ့သို့ကျွေးမွေး စောင့်ရှောက်လာခဲ့ပေမယ့် အသက်မရှည်ခဲ့။ ငွေမှုံကိုကကံဆိုးမပဲ ဘယ်သူ့ကိုမှ အပြစ်မတင်လိုပဲ ... သူမဘဝကိုပဲ ပုံချပစ်လိုက်၏။ ငွေမှုံရင်ဆိုင်ဖြတ်သန်းမည် မျက်ရည်ကျလို့ မဖြစ်ဘူး ... သတ္တိမွေးရမယ် ... စိတ်ကို တင်းလျှက် အပြင်သို့ ပြန်ထွက်လာခဲ့သည်။

"ဟဲ့ တို့ကောင်မလေးရော ... ငါ့ထမီတွေ မီးပူတိုက်နိုင်းထားတာ လာမပို့လို့"

ဒေါ်သန္တာနီအသံက မာထန်ကျယ်လောင်နေသည်။

"ပြီးပါပြီ အခုပဲ လာပို့မလို့ပါ ... ဒီမှာ"

ဒေါ်လေးနှင်းကလည်း ခပ်မာမာပင် ပြန်တုန့်ပြန်သည်။ ငွေမှုံ အပြေးအလွှားသွားပြီး မီးပူတိုက်ထားတဲ့ အဝတ်တွေကို အောက်ယူလိုက်၏။ ပြဿနာမဖြစ်စေရန် အပြုံးလေးနှင့်ပြောလိုက်သည်။

"တောင်းပန်ပါတယ်နော် ... အန်တီသန္တာ အခုပဲလာပို့တော့မလို့ပါ ... ငွေမှုံ သွားထားလိုက်ပါ့မယ်"

"ငါ့ကို အိမ်ရှင်မဟုတ်ဘူးဆိုပြီး မလေးမစားတော့ မလုပ်ကြနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ပါဘူး … တောင်းပန်ပါတယ်နော် လာဖို့တော့မလို့ပါ"

သူမ အပြေးကလေးထွက်လာသည်။ ဒေါ်သန္တာနီလည်း ပါးစပ်ကနေ နှိမ်နှိမ်ချချစကားတွေပြောပြီး လိုက်လာ၏။ ငွေမှုံ နှုတ်ခမ်းသားလေးကို တင်းကျပ်စွာ ဖိကပ်ထားလိုက်မိသည်။

"အစေခံတွေက အံတုချင်တယ် … ကိုယ့်အဆင့်ကိုယ် မသိဘူး … ခရမ်းပြန်ရောက်လာရင်တော့ ပြောပြရမယ် အလုပ်ထုတ်ခိုင်းမယ်"

ငွေမှုံသည်းခံနေဖို့ပဲ ဆုံးဖြတ်ထားသည်။ ငွေမှုံကြောင့် ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ကိုလည်း အလုပ်လက်မဲ့မဖြစ်စေလိုပေ … ဒေါ်သန္တာနီ အခန်းထဲဝင်ပြီး အဝတ်တွေကို ဘီပ်သစ်ရှုပ်ရပ် ထည့်ပေးနေရ၏။ မမခရမ်းထက်တောင် ဒေါ်သန္တာနီက မောက်မာလွန်းသည်။

"ဟဲ့ ကောင်မလေး ညည်းလည်းသတိကျပ်ကျပ်ထားနော် ကိုယ့်နေရာကိုယ်သိ ညည်းကိုပါ ဒီမှာမနေရအောင် ငါလုပ်ပစ်နိုင်တယ်"

"ကျွန်မတောင်းပန်ပါတယ်နော် … ဒေါ်လေးနှင်းကိုလည်း အပြစ်မယူပါနဲ့ပ အပြောအဆိုမတတ်ပေမယ့် အလုပ်တာဝန်ကျေပြွန်ပါတယ်"

"တိတ်စမ်း … ငါ့ကို ဆရာလာမလုပ်နဲ့ အရှင်သခင်ကိုပြ





ဆိုက်ထတ်တဲ့ ခွေးက ဘာအသုံးကျမှာလဲ မထားတာအကောင်းဆုံးပဲ"

ဒေါ်သန္တာနီ ဒေါသတွေပေါက်ကွဲထွက်နေရသည်။ ငွေမှုံချယ်ရီ သားနောင်က ချစ်ကြိုက်နေတာကို ဒေါသထွက်ရဆုံးပင်။ ရုပ်ကလေးကချောပါရဲ့ ပညာလည်းတတ်ပါရဲ့ ဒါပေမယ့် အစေခံမ။ ဒေါ်သန္တာနီရည်မှန်းထားတဲ့ ချွေးမလောင်းက အဖက်ဖက်ကနေ ပြည့်စုံနေတဲ့ မိန်းကလေးမျိုး … နောင့်ကို ရွေးချယ်ပါလို့ ပြောထားတာ သားကလည်း ပြောမရ … ဒေါသတွေက အလိပ်လိပ် တက်လာရသည်။

"ကျွန်မ ဘာလုပ်ပေးရဦးမလဲရှင်"

"ငါ့ခြေထောက်ကို လာနှိပ်စမ်း"

"ရှင် …"

"ဘာရှင်လဲ … နင်တို့လို အစေခံမတွေကို ခိုင်းစရာဒါပဲရှိတယ်လာစမ်း … လာနှိပ်ပေး"

ငွေမှုံဘာမှ မပြောတော့ပဲ ဒေါ်သန္တာနီ ခိုင်းစေတဲ့အတိုင်း ခြေထောက်ကို နှိပ်ပေးနေလိုက်သည်။ ဦးချိုသာရယ် ငွေမှုံဘဝကို ကြည့်ပါဦး … ဖေဖေသောင်းသာ တမလွန်ဘဝမှာရှိနေရင် ငွေမှုံအတွက် နာကျင်ကြေကွဲနေရှာမှာပါ အံလေးကိုကြိတ်ထားမိ၏။ ဒေါ်သန္တာတို့ရဲ့ အသံကြီးကြားလျှင် ဒေါ်လေးနှင်း တက်လာမှာလည်း စိုးရိမ်မိ၍ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို သတိပေးထားမယ်နော် ... ခွေးလေးအရေးဖေ ပါးလျက်နားလျက် မလုပ်နဲ့ ... ကျုပ်သားနောင်နဲ့ ကင်းကင်းနေ ထိုင်ပါ ယောကျ်ားဆိုတာမျိုးကတော့ အလကားရရင် လုပ်မှာ သတိပေးထားတာနော် ... ငါ့သားကို မြူဆွယ်ဖြားယောင်းတာမျိုး တွေ မလုပ်နဲ့ကြားလား"

"ကျွန်မ အဲဒီလိုမိန်းကလေးမျိုး မဟုတ်ပါဘူး ... ကျွန် ဘဝကို ကျွန်မနားလည်ပါတယ် အန်တီ ... စိတ်မပူပါနဲ့ ကျွန် ပညာရေးကလွဲပြီး ဘာမှ စိတ်မဝင်စားပါဘူး"

သူမရဲ့ ကိုယ်ကျင့်တရားကိုပါ စော်ကားထိခိုက်လာပြီဖြ ၍ ငွေမှုံတုန့်ပြန်ပစ်လိုက်သည်။ မငိုတော့ဘူး မျက်ရည်လည် မကျတော့ဘူး နောင်ထပ်လာပြီး စော်ကားလျှင်လည်း အသေ ချင်း ထပ်ပစ်ဖို့ ငွေမှုံဆုံးဖြတ်ထားသည်။

"အောင်မယ် ... အစေခံတွေက ပြန်ခံပက်တတ်နေပါလာ နင်ကများ ကြီးကြီးကျယ်ကျယ်နဲ့ ငါ့သားလုပ်လို့ နင်ဗိုက်ကြီးလာ ရင်လည်း နင့်အပြစ်ပဲ ငါက သတိပေးထားတာနော် သွားတော့

ငွေမှုံအား ခြေထောက်နှင့် ဆောင့်ကန်နှင်ထုတ်လိုက်သည် ကြမ်းပြင်ပေါ် ခွေခေါက်သွားရပေမယ့် အရာရာကိုငဲ့ညှာထော ထားပြီး ပြန်ထ၍ ထွက်လာခဲ့သည်။

✣

အခန်း ( ၁၄ )

"ဦးချိုသာ အရမ်းရက်စက်တာပဲ ... ဒေါ်သန္တာနီနဲ့နောင် တို့က ငွေမှုံကို နှိပ်စက်နေကြတယ် အပြစ်မရှိ အပြစ်ရှာပြီး နှိမ်ချ ဆက်ဆံခံနေရတယ် အဟင့်ဟင့်"

"ငွေမှုံ ငွေမှုံ"

"အဟင့် ဟင့် ... "

"တောင်းပန်ပါတယ် ငွေမှုံလေးရယ် ဦးချိုသာကြောင့်ပါကွာ ဦးချိုသာ အရမ်းနောင်တတွေရပြီး စိတ်မကောင်းဖြစ်နေရတယ် ငိုပါနဲ့နော်"

"အဟင့် အဟင့် ဦးချိုသာကြောင့်သိလား ... ငွေမှုံကို အစေ ခံဘဝမှာ တမင်လက်စားချေတဲ့အနေနဲ့ထားလိုက်တာ မဟုတ် လား"

"ဦးချိုသာ တောင်းပန်ပါတယ် အနူးအညွတ် တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

"အဟင့် ... အဟင့်"

"ငွေမှုံ ... ငွေမှုံ ... အား"

ငွေမှုံက သူ့ရင်ခွင်ထဲမှ ရုန်းထွက်၍ပြေးသွားသည်။ ဆံပင်လေးက ဖားလျားနှင့် သူနောက်ကနေ လိုက်ခေါ်နေမိ၏။ ငွေမှုံ ချော်လဲကျသွားတော့ သူစိုးရိမ်တကြီးအော်မိသွားသည်။

"မောင် ... မောင် ဘာဖြစ်တာလဲ ဘာတွေယောင်နေတာလဲ အိမ်မက်ဆိုးတွေလား မောင်"

ခရမ်းအတင်းလှုပ်နိူးလိုက်သဖြင့် သူလန့်နိုးသွားသည်။

"မောင် ... "

"ဟင် ... "

"နိုးပြီလား ... အရမ်းအော်ဟစ်နေလို့ ခရမ်းတောင် အိပ်မောကျနေရာကနေ လန့်နိုးသွားတယ်"

"ဟာ ... အိပ်မက်ပါ အရမ်းဆိုးတဲ့ အိပ်မက်ပဲ မောင်တို့ပြန်ကြမယ်"

"မောင်ကလည်း ရောက်လာတာကမှ တစ်ရက်ပဲရှိသေးတယ် မပြန်ပါဘူး ဘာအိပ်မက်လဲ"

"အိမ်မှာ မီးလောင်လို့တဲ့"

"ဟင် ... "





သူ့စိတ်တွေက ငွေမှုံကို အလွန်အမင်းစိတ်ပူပင်နေသည်။ မမသန္တာနီကိုရော နောင့်ကိုပါ မယုံပေ။ အလုပ်သမားတွေ အပေါ် မောက်မာစွာ နှိမ်ချဆက်ဆံတတ်တဲ့သူပဲ ... နောင်က လူရှုပ်လူပွေ ငွေမှုံလေး အစော်ကားခံနေရပြီလားပဲ ... အိပ်မက်ရှင်းလင်းထင်ရှားနေသည်။

"မောင်တို့ ပြန်ကြမယ် မောင့်စိတ်တွေ အရမ်းလေးနေတယ် နောက်မှထပ်လာကြမယ်နော် ခရမ်း"

"မပြန်ဘူး ... အရေးမပါတာပဲ ခရမ်းတို့ ဟန်နီးမွန်းထွက်တဲ့ တစ်ပတ်လောက်အတွင်းမှာ မောင့်အိမ်ကြီး မီးမလောင်နိုင်ဘူး ... အစွဲအလန်းတွေထားမနေစမ်းပါနဲ့ ပျော်ပျော်လေးနေကြရအောင်ပါနော် မောင် ... "

"မဟုတ်သေးပါဘူး ခရမ်း အိမ်မက်အရမ်းကိုကြောက်စရာကောင်းတယ် ... ဒီမှာ ဆက်မနေနဲ့တော့လို့တောင်ပြောတာ"

"ဟင် ... "

သူပြန်ချင်သည်။ ဆက်နေလို့ မရတော့။ ငွေမှုံလေး အကာအကွယ်ကင်းမဲ့နေပြီ ဟုထင်လာသည်။ စိတ်တွေ ပူလောင်နေ၏။ အယ်လိုပဲဖြစ်ဖြစ် ပြန်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"ခရမ်း အထုတ်အပိုးတွေပြင်တော့ ခရမ်းဒရိုင်ဘာဆီ ဖုန်းဆက် ... အမြန်ဆုံးပြန်ကြမယ်"

"မောင်ဟာမောင် ပြန်ချင်ရင် တစ်ယောက်ထဲပြန် ခရမ်း



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့မယ် မောင်က ဟန်နီးမွန်းခရီးစဉ်မှာ မပျော်မရွှင်ဖြစ်နေတယ် မဟုတ်လား ခရမ်းသိနေတယ်နော်"

"ဟာ ... မဟုတ်ပါဘူး ခရမ်းရယ် မောင်က အိမ်မှာ တစ်ခုခု ဖြစ်မှာ စိတ်ပူလို့ပါ ... အိပ်မက်ကြီးက အရမ်းထင်းနေလို့ မီးလောင် တာမှ မီးတောက်တွေ တဟုန်းဟုန်းတောက်နေတယ်"

"မီးတောက်တွေမြင်ရင် အရမ်းကောင်းတယ် ဘာမှမဖြစ် ဘူး ... မီးခိုးတွေမြင်မှပါ ... "

ခရမ်းကိုလည်း အတင်းအကြပ်မပြောရဲပေ။ ခရမ်းက ဘာသိ နေတာလဲ သူစိတ်ပူတာက ငွေမှုံအပေါ် မသက်သာဖြစ်နေမှာကိုပင်။ ချိုသာပြန်ထိန်းလိုက်ရသည်။ ငွေမှုံကို အထိအခိုက်မခံနိုင်။ ခရမ်းက စက်ဇက်ကြဲ ဗွာတေးလန်မပါ ... သူ့လုပ်ငန်းတွေနှင့် ဂုဏ်သိက္ခာ ကရှိသေး၏။ ခရမ်းနှင့် အတိုက်အခံ လုပ်ရမှာ သတ္တိမရှိဘဲဖြစ်နေ သည်။

"ပြန်အိပ်တော့ ... "

"ဟင်"

"မိုးတောင်မလင်းသေးဘူး မောင်က ဘာဖြစ်ရတာလဲ မပြန်ပါဘူး ... မနက်အစောကြီး ကမ်းခြေကိုဆင်းကြမယ် ... မောင့် အနမ်းတွေကို ပထမဆုံး ရလိုက်တဲ့နေရာလေး အရမ်းလွမ်းတယ် ပြန်တောင် မပြန်ချင်ဘူးမောင်ရယ်"

သူ့နှုတ်ခမ်းတွေကို ခရမ်းနှုတ်ခမ်းတွေက လာရောက် ထိ





ကပ်ပိတ်ဆို့ပစ်လိုက်သည်။ သူ ခံစားလို့ မရ ... ပူလောင်ပြင်းပြ နေသလိုပင် ... ငွေမှုံအတွက်ပါ မင်းဘဝလေးအေးချမ်းဖို့ အနှောက် အယှက်တွေကင်းအောင်ပါကွာ ... ဦးချိုသာမှားသွားပါတယ် ... ဟုတ်ပါတယ် ငွေမှုံဘဝလေး အစေခံမလေးဘဝရောက်စေရတာ ဦးချိုသာကြောင့်ပါ ... ခရမ်းကို လက်ထပ်ဖို့ ရွေးချယ်တာပဲရှိ၏။ အချစ်ဆိုတာ မခံစားတတ်ခဲ့ ... ဘဝတစ်လျှောက်လုံး သူ့ ရင်ထဲမှာ မုန်းတီးနာကြည်းမှုတွေနှင့် ပူပြင်းလောင်မြိုက်နေခဲ့သည်။

"မောင်"

"ဟင် ... "

"ဒီမှာ နှစ်ပတ်လောက်တော့ အနည်းဆုံးနေမယ်နော် ... ပြန်ရင် ခရမ်းတို့က စီးပွားရေးအတွက်နဲ့ မွန်းကျပ်နေရတာလေ အိမ်မက်ဆိုးထားလိုက်ပါ"

"ခရမ်း ... "

"ဟင် ... "

"မောင်အပြင်ထွက်ပြီး ဖုန်းဆက်လိုက်ဦးမယ်"

"ဘယ်ကိုဆက်မှာလဲ"

"ဦးကြွေဆီရော မောင့်လုပ်ငန်းက လက်ထောက်တွေဆီ ရောပေါ့ ... "

"မဆက်နဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲကွာ မောင်အိပ်မက်အတွက် စိတ်ပူလို့ပါ"

"ထားလိုက်ပါမောင်ရာ အပူသောကတွေ ခေါက်ထားလိုက် မောင့်ကို ခရမ်းချစ်တယ် ... ရင်ခုန်လှုပ်ရှားစရာတွေ ပြည့်နှက်နေတဲ့ မောင်နဲ့ခရမ်းတို့ရဲ့ အချစ်ရေယာဉ်ကျောမှာ မျောပါလိုက်ကြရအောင်"

"ဟာ ... ခရမ်းရာ"

"ဟင်း ဟင်း ဟင်း ဟား ဟား ဟား"

သူဘယ်လိုမှ ငြင်းဆန်ဖယ်ရှားနိုင်စွမ်း မရှိတဲ့ အခြေအနေဖြစ်နေသည်။ ခရမ်းကိုလည်း မဆန့်ကျင်ရဲ ငွေမှုနှင့်အထင်လွဲ စွပ်စွဲ ပုတ်ခတ်မှာလည်း ကြောက်နေ၏။ ဓားချွေးတွေပင် ပျံ့ချင်လာသည်။

"မင်း အမြဲတမ်း ခရမ်းသဘော ခရမ်းသဘော ဆန္ဒဆိုပြီး ပြည့်စုံတဲ့ မိန်းမတစ်ယောက်အဖြစ် ရွေးချယ်လိုက်တာပဲလေ မင်း ဘာတွေ နောင်တရနေတာလဲ မင်းယောကျ်ားကောင်းမဟုတ်ဘူးလား တာဝန်ယူရဲရမယ်လေ"

ခရမ်းက ကြောက်စရာကောင်းတယ် ... ဘယ်သူ့မျက်နှာမှ မထောက်တတ် ...။ ပြဿနာ ဖောက်ခွဲတတ်သည်။

"မောင်ရယ် ... ခရမ်းလေ မောင့်ကို အရမ်းချစ်လို့ စိတ်မချနိုင်ဘူး သိလား ... ဟိုကောင်မလေးကိုတောင် တခါတလေ မနာလို





ဘူး"

ဟိုကောင်မလေးဆိုတာ ငွေမှုကိုပြောမှန်း ချိုသာသိသည်။ စိတ်တွေထူပူသွားရ၏။ ခရမ်းစိတ်ထဲမှာ အရမ်းချောမောတဲ့ ငွေမှုချယ်ကို မနာလိုဝန်တိုဖြစ်နေသည်။

"မောင့်ကိုယ်ကျင့်တရားကို ခရမ်းမယုံတာလား၊ မောင် ခတောင်မပတ်သက်ချင်လို့ အိမ်စေတန်းလျားမှာထားပစ်လိုက်တာ ဒါ ကျောင်းဆက်ထားပေးတယ်ဆိုတာကလည်း မောင့်လေးလေး သောင်းကြောင့်ပါ ... သူ့ငွေနဲ့သူပဲ ... ကဲ မောင်တို့ အချစ်ကမ္ဘာလေး မပျက်စီးအောင် အချစ်ကြောင်းတွေပဲ ပြောကြရအောင် နော်"

"အင်း ဟင်း ဟင်း ..."

ခရမ်း စိတ်တွေကိုပြောင်းသွားစေရန် အချစ်တွေဘက်သို့ အောက်သက်သက်နှင့် ပြောင်းပစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

"နောင် ... ဘာလုပ်တာလဲ လူယုတ်မာ ငါအော်ပစ်လိုက်မှာနော် ... လွှတ်"

နောင်က သူမခန္ဓာကိုယ်လေးအား နောက်မှသိုင်းဖက်လိုက်သဖြင့် သူမ အထိတ်တလန့်နှင့် ရုန်းဖယ်ပစ်လိုက်မိသည်။ တင်းကျပ်လွန်း၍ ရုန်းမရ ... မီးဖိုခန်းထဲမှာ ငွေမှုံတစ်ယောက်ထဲပါ ဒေါ်လေးနှင်းကာဈေးသွားနေ၏။ နောင် အိမ်ပြန်မလာတာ တစ်ပတ်လောက်ရှိနေပြီး အန်တီသန္တာကလည်း နောင်နိုင်ငံခြားသို့သွားပြီဆို၍ သူမတစ်ယောက်တည်း စိတ်ချလက်ချနေမိခြင်းဖြစ်သည်။

"ငွေမှုံ ... ချစ်လို့ပါ နောင်က ငွေမှုံကို အရမ်းချစ်လို့ပါကွာနော် ... အန်တီရေမ်းပြန်လာရင် လက်ထပ်ခွင့်တောင်းမှာပါ နောင့်ကိုယုံပေးပါ ငွေမှုံလေးရယ်"

"လွှတ် ... နင့်ကို ချစ်လည်းမချစ်ဘူး ... ခွင့်လည်း မလွှတ်ဘူး လူယုတ်မာ လွှတ်နော် ... ငွေမှုံချယ်ကို လျှော့မတွက်နဲ့





အသက်ချင်းလဲပစ်လိုက်မယ်"

"ချစ်လို့ပါ ငွေမှုံရယ် ... အသာလေးငြိမ်နေလိုက်တာ ငွေမှုံအတွက် အကျိုးရှိမယ်နော် ... မင်း အစေခံမဘဝကနေ သူဌေးဖြစ်မှာလေ"

"သူဌေးလည်း မဖြစ်ချင်ဘူး နင့်ကိုလည်းလက်မထပ်ဘူး ငါဦးချိုသာ့မျက်နှာထောက်ပြီး နင့်ကိုကြည့်နေတာ တစ်ခုခုမတရားကြံစည်ရင် အော်မှာနော်"

"အော်လေ ... ဘယ်သူမှ မရှိဘူး မေမေက ဘုရားခန်းထဲမှာ ကျန်တဲ့သူတွေက ဈေးသွားတယ်လေ ... နောင့်အကြောင်းသိတယ်နော် ... ပဲများမနေနဲ့ နင့်လိုဟာမျိုးတွေက သူဌေးသားဆို အမိဖမ်းချင်နေကြတာပါ ... ဟဲ ဟဲ ..."

"ငါက နင်ထင်သလို အတန်းစားမျိုးမဟုတ်ဘူးနော် ... အရှက်ကို အသက်နဲ့လဲပစ်မှာ ဦးလေးကြွေတို့ပြန်ရောက်လာရင် နင်လွယ်ဘူး"

"ငွေမှုံချယ် အလကား အပိုတွေလာလုပ်မနေစမ်းပါနဲ့ နင့်ဘက်ကနေ ကာကွယ်ပေးမယ့်သူ တစ်ယောက်မှ မရှိဘူး ... နင်ပဲအရှက်ကွဲရမှာနော်"

"လွှတ် ... လူယုတ်မာကောင်"

"ချစ်လို့ပါကွာ ... နော်"



www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံ မျက်နှာလေးပေး သူမျက်နှာဝဲနေ၍ ငွေမှုံ အထိတ်တလန့်တိမ်းရှောင်ရင်း သူ့လက်ကနေ လွတ်မြောက်စေရန် ရုန်းကန်ဖယ်ရှားနေမိသည်။

"ချစ်လို့ပါ ... အသာတကြည် ငြိမ်နေလိုက်စမ်းပါ အချစ်ရယ်"

"လွှတ် ... လွှတ်နော်"

ငွေမှုံဘဝ ရေတိမ်နစ်ရတော့မှာလား ... ဦးချိုသာရယ် ငွေမှုံကို လာကယ်ပါဦး ... လူယုတ်မာက ငွေမှုံရဲ့ အပျိုစင်ဘဝကို ဝါးမျိုဖျက်စီးပစ်ဖို့ ကြံစည်နေပြီ ... ထင်မှတ်မထား၍ ငွေမှုံ အကာအကွယ်မဲ့နေသည်။

"တီ ... တီ ... တီ"

"ဟင် ... "

"တီ ... တီ"

ခြံဝမှာ ကားဟွန်းသံက အဆက်မပြတ်တီးနေ၍ နောင်လက်တွေက ပြေလျော့သွားပြီး ဒေါသတကြီး တောက်ခေါက်လျက် ချာခနဲလှည့်ထွက်သွားသည်။

"ဘုရား ကယ်တာပဲ ... ဦးချိုသာတို့ ပြန်လာပြီ"

ခြံတံခါးကသော့ခတ်ထား၍ သော့တွဲကို ကမန်းကတမ်းယူကာ ခြံထဲသို့ ပြေးထွက်လာခဲ့သည်။ ခြံတံခါးကို ဖွင့်ပေးလိုက်၍





ဦးချိုသာ့ကို တွေ့လိုက်မှ ငွေမှုံအကြောက်တွေ ပြေလျော့သွားသည်။

"ဦးကြွေရော ... "

"ဟို ... ဟို ... ဈေးသွားနေပါတယ်"

ငွေမှုံကို ကြည့်ရတာ ထိတ်ထိတ်လန့်လန့်နှင့် နှမ်းဖတ်ဖတ်ဆံပင်တွေလည်း ဖွာလန်ကြဲနေသည်။ တိုက်ထဲမှာ ဘယ်သူမှ မရှိဘူးလား ... ပေါ်တီကိုအောက်မှာ နောင်ရပ်နေတာတွေ့လိုက်သဖြင့် ချိုသာပို၍ ဒေါသတွေထွက်ရသည်။ ဘာလဲ ငွေမှုံနဲ့ဒီကောင်သာ တိုက်ထဲမှာ လူမရှိပုံပင်။

"အန်တီလေး ခရမ်းတို့ပြန်လာတာ မြန်လှချည်လား ... နောင်က နောက်တစ်ပတ်လောက် ထပ်ကြာဦးမယ်ထင်တာ ... ဘာဖြစ်လို့ အလော‌တကြီး ပြန်လာရတာလဲဗျ ... "

"မောင်လေ ... အိမ်မက်တွေ မကောင်းလို့ဆိုပြီး တစ်ပတ်ခဲ နေပြီးပြန်လာတာ မမရော ... "

"ဘုရားခန်းထဲမှာလေ ... "

နောင့်ကိုကြည့်ရတာလည်း မျက်နှာတွေရဲနေပြီး အမူအယာ အထွ ပျက်နေသည်။ ဦးလေးကြွေတို့က ငွေမှုံကို တစ်ယောက်ထဲ ဘာဖြစ်လို့ ထားခဲ့ရတာလဲ ... ဒီကောင်မလေး ကိုယ်တိုင် အလိုတူ အလိုပါနဲ့ နေခဲ့တာလား ... ချိုသာ ဒေါသထွက်လာသည်။

"ဟဲ့ ... ငွေမှုံ ဘာရပ်ကြည့်နေတာလဲ အိတ်တွေသယ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



လေ"

"ဟုတ်ကဲ့ ..."

"နောင်လည်း ဝိုင်းသယ်ပေးမယ်"

"ထားလိုက်ပါ ငွေမှုံနှင်သယ်ပြီးပို့ပေး ... နောင်ဘာမှဝိုင်းလုပ်ပေးစရာမလိုဘူး ... ဒါက သူတို့အလုပ်ပဲ ... လာ မောင်"သွားနားကြရအောင်"

ငွေမှုံသယ်ရမှာ အရမ်းများနေမှာ စိတ်ပူပြီး အိတ်အကြီးဆုံးတစ်အိတ်ကို ချိုသာ ကောက်ယူလိုက်သည်။

"မောင်ရယ် ထားခဲ့စမ်းပါ အစေခံတွေသယ်ပါလိမ့်မယ် ... ဦးကြွေနဲ့ ဒေါ်နှင်းလာရင် ဝိုင်းသယ်ပေးလိမ့်မယ် ... ဒီဟာမလေးပင်ပန်းမှာကို အရမ်းစိုးရိမ်ကြတဲ့လူတွေရှိပါတယ် ထားလိုက်ပါ"

ချိုသာလည်း ဆက်ပြီး မသယ်ရဲပေ ... ခရမ်းကိုကြောက်မိသည်။ ငွေမှုံအခေါ်ခံရမှာ စိုး၍ သူလှည့်ထွက်လာခဲ့ရ၏။ ရင်တွေနာကျင်နေသည်။ ငွေမှုံကို သနားနေရ၏။ ဘယ်လိုလုပ်ရမလဲ သူကိုယ်တိုင်က ငွေမှုံအား အစေခံမလေးဘဝရောက်အောင် လုပ်ပစ်လိုက်မိတာပါ ... ငွေမှုံကတော့ အပြုံးမပျက် လေးလံတဲ့ အိတ်တွေကိုသယ်မနေသည်။

"ငွေမှုံလေးရယ် ... မင်းဘာဖြစ်လို့ ဒီလောက်အထိ သည်းခံနိုင်ရတာလဲ မင်းကြိတ်မှိတ်ခံစားနေတာ မင်း ဆရာဝန်ဖြစ်ချင်လို့လားကွာ"





ဦးလေးသောင်းက ငွေမှုံအား ဆရာဝန်မလေးတစ်ယောက်ဖြစ်စေရန် ထောက်ပံ့ကူညီပေးပါဟု တတွတ်တွတ် တောင်းဆိုသတိပေးခိုင်ခဲ့သည်။

"ငွေမှုံလေး ဘဝရှေ့ဆက်ပြီး တင့်တင့်တယ်တယ် ရပ်တည်နိုင်ဖို့ ကူညီပါကွာ ... လေးလေးသောင်းတို့မှာ တာဝန်ရှိလို့ပါ"

လေးလေးသောင်းတို့မှာ တာဝန်ရှိလို့ပါဆိုတာက ဖေဖေကြောင့် ငွေမှုံတို့မိသားစုဘဝ ပျက်စီးရတာကြောင့်ဟု ချိုသာမထင်။ ငွေမှုံကိုပဲ မုန်းတီးနာကြည်းကာ လက်တုန့်ပြန်ချင်ခဲ့သည်။

"ဟဲ့ ... ဟိုဟာတွေ မလာကြသေးဘူးလား ... နှင်ပဲသယ်"

ငွေမှုံချယ်နှင့် နောင့်ကို ခရမ်းမသက်ာပေ ... နောင်ဘာသွားသွားလုပ်နေလဲ ... မောင်သိသွားလျှင် လက်ထပ်ပေးစားလိုက်မှာပြောမည်။ ဘာဖြစ်လဲ နောင်က လက်ကျော၀င်းတာ မဟုတ် ... မိဘ အမွေအနှစ်ကို ထိုင်ဖြုန်းနေသူပါ ... ငွေမှုံချယ်ကကောင်းဆွဲကောင်းလေး ခရမ်းကသာ မနာလိုဝန်တိုဖြစ်ပြီးလုပ်နေတာပါ ... အရေးကြီးတာက မောင်နှင့်မနီးစပ်စေဖို့ပဲငွေမှုံအပေါ် မောင်သံယောဇဉ်မရှိဘူးဆိုတာ ခရမ်းမယုံတော့ ... စိတ်က မသင်္ကာဖြစ်နေသည်။

"ဖြည်းဖြည်း ချနော် ... တော်တော် အသုံးမကျတဲ့ဟာ ... ညည်းကိုတစ်ယောက်ထဲထားခဲ့ပြီး စိတ်ချလက်ချသွားနေရ



www.burmeseclassic.com

www.burmeseclassic.com



တာ ဘာသဘောလဲ နောင်က ယောက်ျားလေးနော်"

"ရှင် ..."

"ဘာရှင်လဲ ... နင် ကင်းအောင်နေ ယောက်ျားလေးတစ်ယောက်ကို မြူဆွယ်သလို မလုပ်ပါနဲ့ ... ငါက ဆုံးမတာနော်"

ရှင့်တူက ကျွန်မကိုလာပြီး ထိပါးစော်ကားနေတာဟု ပြောပစ်ချင်မိသည်။ ဦးချိုသာ မျက်နှာကြောင့်ပါ ... မမခရမ်း ဘာပဲပြောပြော ခေါင်းငုံ့ခံနေတဲ့ ဦးချိုသာကိုလည်း ငွေမှုံသနားမိနေ၏။ သူ့ဌေးဖြစ်လို့ သူ့ဂုဏ်သိက္ခာကို ငဲ့ကွက်ထောက်ထားနေတာမျိုးလည်း ဖြစ်နိုင်သည်။

"ပြောတာ ကြားလား ငွေမှုံချယ်"

"ဟုတ်ကဲ့ ..."

"သွားတော့ ..."

ချိုသာ စိတ်ထိခိုက်နာကျင်နေရသည်။ ငွေမှုံလေးကို သနားမိ၏။ အပြစ်မဲ့သူလေးပါ သူ့လုပ်ရပ်အတွက် ခွင့်မလွှတ်နိုင်အောင် ဖြစ်ရသည်။

"မောင် ..."

"ဟင်"

"ဘာတွေ စဉ်းစားနေတာလဲ ... မောင့်ဟာမကို ချစ်လား"





"မဟုတ်ပါဘူး ... ခရမ်းရယ် မောင့်စီးပွားရေးကိစ္စတွေပါ မောင့်အကြောင်းလည်း ခရမ်းသိသားနဲ့ကွာ ငွေမှုံကိုတော့ မောင်နဲ့ မသက်ဆိုင်ဖြစ်နဲ့နော် မောင့်ဦးလေးရဲ့ မွေးစားသမီးပါ"

မောင့်ဟာမကို ဆိုတဲ့စကားလုံးက သူ့နှလုံးသားထဲသို့ နာကျင်စွာ စူးနစ်ဝင်သွားသည်။ နောင်တတွေရနေခဲ့၏။ ငွေမှုံကို အကာအကွယ်မဲ့စေရန် ဖန်တီးသူက ချိုသာပဲ မဟုတ်လား ... ခရမ်းကိုချော့နေရသည်။

"မောင် ကုမ္ပဏီကိုသွားတော့မယ် ... ခရမ်းလည်း လုပ်ငန်းခွင်ဝင်ရတော့မယ် မဟုတ်လား"

"မောင်ပဲသွားပါ ခရမ်းကတော့ ဒီမှာ စီမံရဦးမယ်"

ချိုသာ အဝတ်အစားတွေလဲကာ အပြင်ထွက်လာခဲ့သည်။ သူ့ကားကိုမောင်းတဲ့သူက ဦးလေးကြွေပါ သူ့ကားပေါ်တက်လိုက်၏။ ဦးလေးကြွေနှင့် ဒေါ်နှင်းပြန်ရောက်လာသည်။

"မောင်ချိုသာတို့ ပြန်ရောက်နေတာလား ... ချက်ချင်းကြီး ကုမ္ပဏီကိုသွားတော့မလို့လား ဦးလေးမောင်းပေးပါ့မယ်"

ဦးကြွေနှင့် သူ့ပြောစရာတွေရှိနေသည်။ သူ့ရင်တွေ မီးတောက်တော့မယ် ငွေမှုံကို အထူးဂရုစိုက်ပေးပါဟု ဒေါ်နှင်းကို ပြောရဲ့ အရှက်တရားတွေက သူ့နှုတ်ကို ပိတ်ထားခဲ့၏။ ဦးကြွေကို ပဲပြောရမယ် တစ်စုံတစ်ယောက်က သူ့ကို ငွေမှုံနှင့်စွပ်စွဲပုတ်ခတ်မှာ အကြောက်ကြီး ကြောက်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ချိုသာရယ် စီးပွားရေးလုပ်တာလည်း လုပ်တာပေ့ အေးအေးဆေးဆေး အနားယူသင့်ပါတယ်"

"ဦးကြွေ ..."

"ပြောပါ"

"ဟိုမှာ ကျွန်တော်အိပ်မက်ဆိုးတွေ မက်တယ် ... အဓိက က ငွေမှုံချယ်အကြောင်းတွေပဲ နောင်က သူ့ကိုစော်ကားလို့တဲ့"

"ဟင် ..."

"လေးဆေးသောင်းက ကျွန်တော့်ကို အပ်ခဲ့တာပါ ... စိတ်ပူ တယ် ဦးကြွေတို့ဆီမှာ အပ်ထားရတာလည်း ရေမ်းအမြင်မှာရှုပ်နေ ပဲ"

"နောင့်ရန်ကတော့ရှိတယ် မောင်ချိုသာ အခုတော် ဒီ ကောင်နိုင်ငံခြားခရီးစဉ်သွားနေတယ်ဆိုလို့"

"ဘယ်သူပြောလဲ ..."

"သူ့အမေလေ ..."

"ကျွန်တော်တို့ ပြန်လာတော့ ငွေမှုံနဲ့ နှစ်ယောက်ထဲတွေ့ တယ် ... ဒီလိုမထားခဲ့ပါနဲ့ ငွေမှုံကရော ဒီကောင့်ကိုအထင်ကြီးပြီး လက်ခံနေတာလား"

"မဟုတ်ဘူး ငွေမှုံလေးက နောင့်ကို အရမ်းမုန်းနေတာပါ ဦးကြွေတို့ အတွက်ရော မောင်ချိုသာမျက်နှာလည်း ထောက်ထား ပြီး သည်းခံနေရှာတယ်"





"ဦးကြွေတို့ အိမ်ပြောင်းပါ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ကျွန်တော် အားလုံးစီစဉ်ပေးပါ့မယ် ငွေမှုံဘဝရှေ့ရေး အတွက်ပဲလေ"

"ကျောင်းလိုက်တာ မောင်ချိုသာရယ် ... ဦးကြွေတို့လည်း ငွေမှုံလေးအတွက် စိတ်ပူတယ် ... ဒီမှာ ဆက်မနေချင်တာတော့ အမှန်ပဲ"

"တလအတွင်း စီစဉ်ပေးမယ် ... ငွေမှုံလည်း ကျောင်းတက် ရတော့မှာလေ အခုအချိန်မှာ သတိထားနေပေးပါ"

"ဒီကောင်တော်တော် ယုတ်မာတာပဲ နိုင်ငံခြားထွက်သွား တယ်ဆိုလို့ပ စိတ်ချထားခဲ့တာ တမင်အယုံသွင်းပြီး ပြန်လာတာပဲ"

"ထားလိုက်ပါတော့ဗျာ ... ငွေမှုံကိုသာ ဂရုစိုက်ပေးပါ ကျွန်တော်အားလုံးကို စီစဉ်ပေးပါ့မယ်"

"စိတ်ချပါ ... နောက်ဆို ငွေမှုံလေးတစ်ယောက်ထဲ မထား တော့ဘူး ... မနှင်းကိုလည်း သတိပေးထားမယ် ဒီကောင်ငွေမှုံလေး ကို စော်ကားသေးလားပဲ"

"ကျွန်တော်တို့ အရောက်မြန်လို့ပေါ့ ... ငွေမှုံက မလွှဲသာ မရှောင်သာလို့ ကြိတ်မှိတ်ခံနေတာဖြစ်မယ် ... ငွေမှုံကိုပြစ်ထား မိတဲ့အတွက် နောင်တတွေရနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသောင်းနှင့် ပတ်သက်တာတွေကို ဦးကြွေအား
ရင်ဖွင့်ပြောပြလိုက်သည်။

"ငွေမှုံမှာ လုံးဝ အပြစ်မရှိပါဘူး ... ကျွန်တော် အသုံးမကျ
ခဲ့ဘူး ဘာမဟုတ်တာလေးနဲ့ဗျာ ငွေမှုံကို အညိုးထားမိတယ်"

"မောင်ချိုသာရယ် စိတ်မကောင်းလိုက်တာကွယ် ...
ဦးကြွေတို့ တာဝန်ထားပါ ... ငွေမှုံလေး အန္တရာယ်ကင်းအောင်
စောင့်ရှောက်ပေးပါ့မယ်"

"လောလောဆယ်တော့ အသာလေး နှုတ်ဆိတ်နေပါ ...
ခရမ်းသိသွားလို့ မဖြစ်ဘူး ... ဘာပဲဖြစ်ဖြစ် လေးလေးသောင်း အ
အတိုင်း ကျွန်တော် စောင့်ရှောက်ပေးပါ့မယ်ဗျာ"

"အဲဒီ အစီအစဉ် အကောင်းဆုံးပဲ မောင်ချိုသာ လောလော
ဆယ်တော့ သတိထားနေထိုင်ရမယ် ငွေမှုံလေးအတွက် စိတ်
ပါ"

ချိုသာ မဖြစ်မဖြစ် ငွေမှုံအပြင်မှာ နေထိုင်ခွင့်ရအောင်
ဆောင်ရွက်ပေးရမည်ဖြစ်သည်။ တိုက်ခန်းဝယ်ပေးရမယ် ... ဘ
မှာလည်း ငွေမှုံနာမည်နှင့် ငွေစာရင်းသွင်းပေးရမယ် ... ငွေမှုံ
ရှေ့ရေးအတွက် အားလုံး စီစဉ်ပေးဖို့ ဆုံးဖြတ်ထားသည်။

"ဦးချိုသာ အရမ်းခံစားနေရတယ် ငွေမှုံလေးရယ် ...
ဘဝလေးကို အညွန့်ချိုးပစ်လိုက်တာက ဦးချိုသာပါ ... ဘယ်





လုပ်ရမလဲ ဦးချိုသာ နှလုံးသားတွေက မင်းကိုချစ်နေမိပြီထင်တယ်"

ချိုသာ မတွေးချင် ... သူကိုယ့်သူပင် ရွံရှာမုန်းတီးနေခဲ့
သည်။ အသုံးမကျဘူး ယောကျ်ားမပီသနိုင်ခဲ့တဲ့ သူ့စိတ်ခံစားမှုကို
ဒေါသထွက်ရ၏။ ဆင်ခြင်တုန်-တရားကင်းမဲ့စွာဖြင့် လက်တုန့်ပြန်
ခဲ့သည်။ သူ့နှလုံးသားတွေ ဖောက်လွှဲဖောက်ပြန်နှင့် ငွေမှုံကို ချစ်မိ
နေ၏။ ခရမ်းသိလျှင် ပြဿနာက မိုးမီးလောင်သွားနိုင်သည်။ အချစ်
တွေကို သူခံစားနေရ၏။ ငွေမှုံကြောင့်ပဲ မိန်းမတစ်ယောက်နှင့်
တရားဝင်လက်ထပ်ပြီးကာမှ ငွေမှုံလေး ဒုက္ခရောက်စေရန် ချိုသာ
ထပ်မံ ဖန်းတီးဖို့ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၆ )

ဦးလေးကြွေက ဦးချိုသာပြောတဲ့ အစီအစဉ်တွေကို ပြန် ပြနေသည်။ ငွေမှုံနာကျင်ခဲ့ရ၏။ ငွေမှုံအဖြစ်စေချင်ဆုံးက ဦးချိုသာ ရဲ့ အိမ်ထောင်ရေး ပျော်ရွှင်ချမ်းမြေ့စေချင်သည်။

"ငွေမှုံ ဘာအခွင့်အရေးမှ ဦးချိုသာဆီကနေ မယူချင်ပါဘူး ဦးလေးကြွေရယ် ... ဖေဖေသောင်းက ငွေမှုံအတွက်ပေးဆပ်သွားနှ သွားပါ ... ငွေမှုံ အနစ်နာခံနိုင်ပါတယ် ဦးချိုသာကို စိတ်သော မရောက်စေချင်ပါဘူး"

ဦးချိုသာပေးမယ့် အခွင့်အရေးတွေကို ငွေမှုံ လက်မခံချင် ပေ။ မမခရမ်းသိသွားရင် ဘယ်လိုလုပ်မလဲ ... ငွေမှုံကြောင့် အိမ် ထောင်ရေး ပဋိပက္ခတွေ ဖြစ်နိုင်သည်။

"ငွေမှုံ ... "

"ရှင်"

"ဟိုကောင်ရန်က ရှိသေးတယ် ... ညည်းလေးကို ဟိုးနေ





ဘာလုပ်သေးလဲ စော်ကားတယ် မဟုတ်လား ... "

"ထားလိုက်ပါတော့ အဲဒီ လူယုတ်မာအကြောင်း လုံးဝ မကြားချင်ဘူး"

"ဒါကြောင့် ဒီကနေ ထွက်သွားရမယ် ... ခရမ်းပြာကလည်း ညည်းလေးကို သက်သက်နှိပ်စက်နေတာ နှိမ်ချဆက်ဆံနေတာ ဒေါ်လေးနှင်း သိတယ် ... မနာလိုဝန်တိုနေတာလေ"

ငွေမှုံက ချောတော့ မနာလိုဝန်တိုနေမှန်း ဒေါ်နှင်းသိနေ သည်။

"မောင်ချိုသာ စီစဉ်ပေးတာ လက်ခံလိုက်"

"မမခရမ်းက ဒီအတိုင်း ငြိမ်ခံနေမယ်ထင်လား ဒေါ်လေး နှင်း ပြဿနာအကြီးအကျယ် ရှာမှာပါ ... ဦးချိုသာက အောင်မြင် တဲ့ စီးပွားရေးလုပ်ငန်းရှင်လေ"

ဦးချိုသာကိုတော့ အထိအခိုက်မခံနိုင်။ ငွေမှုံကိုယ်တိုင် လည်း သံယောဇဉ်ကြီးမားစွာ တွယ်မိနေသည်။

"ဟိုကောင့်ရန်တော့ သတိထားရမယ် ... မောင်ချိုသာ စီစဉ်ပေးတာ လက်ခံရမယ် ငွေမှုံလေး ... ခရမ်းပြဿနာရှာလည်း ဦးလေးကြွေတို့ ရှင်းမယ် ... မပူနဲ့ အရေးကြီးတာက ဒီကနေ ထွက် သွားနိုင်ဖို့ပဲ"

"ဟုတ်တယ် ငွေမှုံလေး ... ဒီမှာ ဆက်နေရင်တော့ ငွေမှုံ



www.burmeseclassic.com

www.burmeseclassic.com



ဘာဝမလုံခြုံနိုင်ဘူး"

ဦးချိုသာ ထားရာမှာနေ စေရာကိုသွားရတော့မှာပဲလေ သီးသန့်ကြီးထောက်ပံ့ထားတာမျိုး ငွေမှုံလက်ခံချင်။ နောင့်ရန်ကျို သေးသည်။ ဦးချိုသာ အရောက်မြန်လို့ပေါ့ ... ဒေါ်သန္တာနီကရော သွားသား နိုင်ငံခြားသွားတယ်လို့ ဘာဖြစ်လို့ ပြောရတာလဲ ကြီးသော် ပြောဆိုတာပဲ ဖြစ်နိုင်သည်။

"ဦးချိုသာ စီစဉ်ပေးတာကိုပဲ မဖြစ်မနေလက်ခံရမယ် ... ငွေမှုံ ခရမ်းပြာက မလွယ်ဘူး"

"ဟုတ် ..."

ငွေမှုံ ဘာမှမပြောမနေတော့ဘဲ အလုပ်ဝင်ရန် တိုက်ကြီးထဲ ထွက်လာခဲ့သည်။ နောင်ရှိနေ၏။ ဒေါ်လေးနှင်းပါကပ်ပါလာ၍ ထိပါးစော်ကားတဲ့ စကားမပြောရဲ။ နောင့် မျက်လုံးအကြည့်တွေထို ရှုံ့မှုန်းမိသည်။

"ငွေမှုံချယ်"

"ရှင် ..."

"ငါ့အိပ်ခန်းထဲဝင်ပြီး သန့်ရှင်းရေးလုပ်ပေးထားဦး"

"ဟုတ်ကဲ့ပါ ... အန်တီသန္တာ"

"အင်း ... ကျူပ်က ပြန်ချင်တာပါ ညီမခရမ်းကဆွဲထားလို့ ဆက်နေရဦးမယ် ... မနေချင်ပါဘူး ... မြင်ရတွေ့ရတာ ကျက်သရေ





တုံးလို့"

ဒေါ်လေးနှင်းသာဆို ပြဿနာက အကြီးအကျယ်တက်ပြီ ပဲ ... ငွေမှုံသည်းခံနေလိုက်သည်။ လုပ်စရာရှိတဲ့အလုပ်တွေသာ ဂရုတစိုက် လုပ်နေရ၏။ ဒေါ်လေးနှင်း မီးဖိုခန်းထဲ ဝင်သွားလို့တော် ပါသေးရဲ့ မျက်ရည်က ဝဲချင်၏။ ဦးချိုသာကို မမုန်းပါဘူး ... ငွေမှုံ ထံကြမ္မာကို ကြေကွဲနာကျင်ရတာပါ ... ။

"ငွေမှုံလေးရေ ... မနက်စာလာစားပါဦး ... စားထားမှ လုပ်နိုင်မှာနော် ... ကော်ဖီမုန့်လာစား"

"ဟုတ် ..."

ငွေမှုံ စားသောက်ခန်းထဲ ဝင်လာခဲ့သည်။

"ညည်း မျက်ရည်တွေဝဲနေတာလား ... အဝမှာ ဟိုကောင့် ကိုတွေ့တယ် ... သန္တာနီဆိုတဲ့ မိန်းမကရော ဘာပြောလဲ"

"မပြောပါဘူး ..."

"မော့စမ်း ..."

"ငွေမှုံ စိတ်ထဲမှာ ဖေဖေသောင်းကို သတိရလို့ပါနော်"

"ငွေမှုံလေးရယ် ... ဒေါ်လေးနှင်း ဘယ်လိုများ ကာကွယ် စောင့်ရှောက်ပေးရမလဲ ... သနားလိုက်တာ မောင်ချိုသာကို အမြန် ဆုံး စီစဉ်ပေးပါလို့ တောင်းဆိုရမယ်"

"ဒေါ်လေးနှင်းရယ် ... အရမ်းမလောပါနဲ့နော် ... ငွေမှုံက ရူပါတယ် ဘာဝဆိုတာ ဒီလိုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



ဦးချိုသာ အဆင်မပြေဖြစ်ရမှာ ငွေမှုံမလိုလားနိုင်ဆုံးပင်။ မမခရမ်းက စွာတေးလန်နေသည်။ ငွေမှုံအတွက် မစဉ်းစားပါနဲ့ နော် ဥပေက္ခာပဲ ပြုထားလိုက်ပါဦး ချိုသာရယ် ...

"စားနော်ငွေမှုံ ... ကိုယ်က အလုပ်တွေလုပ်ရတာ ကျောင်းတက်ရင်တော့ သမီး မလုပ်နဲ့ ဒေါ်လေးနှင်းပဲ အားလုံးလုပ်မယ်"

ငွေမှုံ စားစရာတွေကို မြန်မြန်စားရသည်။ ဒေါ်သန္တာနီ ခိုင်းစေထားတာလည်း ရှိ၏။ တော်ကြာ စားသောက်ခန်းထဲဝင်လာပြီး ပြဿနာရှာမှာ စိတ်ပူမိ၏။ စားပြီးငွေမှုံ ထွက်လာခဲ့သည်။

"ငွေမှုံ ... "

"ရှင် ... "

"အိမ်သန့်ရှင်းရေးပဲလုပ်ပါ ဟိုဟာမကြီး အိပ်ခန်းထဲ မဝင်နဲ့ ဒေါ်လေးနှင်းလုပ်မယ်"

"ရပါတယ် ဒေါ်လေးနှင်းရယ် ... ပြဿနာရှာနေဦးမယ် ငွေမှုံပဲ လုပ်ပေးပါ့မယ်"

ငွေမှုံ သန့်ရှင်းရေးပစ္စည်းတွေယူပြီး သန္တာနီ အိပ်ခန်းထဲ ဝင်လာခဲ့သည်။ အခန်းထဲမှာ လူမရှိပေ။ ဒေါ်သန္တာနီ အပြင်ထွက်သွားပုံပင်။ နောင်လည်း အပြင်ထွက်သွားပြီထင်တယ် ... သူမ စိတ်အေးလက်အေးနှင့် သန့်ရှင်းရေးလုပ်နေမိသည်။

"ဂျို ... "

"ဟင် ... "





"ဝုန်း"

တံခါးဖွင့်သံနှင့် တဆက်တည်းပဲ တံခါးပြန်ပိတ်သံကြားလိုက်ရ၍ သူမနောက်လှည့်ကြည့်လိုက်တော့ နောင်ဖြစ်နေသည်။

"ဟင် ... နင် နင် ဘာဝင်လုပ်တာလဲ ထွက်သွားနော်"

"မင်းပဲ နောင့်ဒီအခန်းထဲ ဝင်လာခဲ့လို့ ခေါ်တာလေ"

"ဘာပြောတယ် ... "

"မေမေတို့ အန်တီခရမ်းတို့ ဝင်လာရင် ပြောမယ့်စကားလေ"

"နင် ... နင် ယုတ်မာလှချည်လား ငါ့ကိုတော့လာထိပါးလို့ရမယ် မထင်နဲ့နော် ... ငါက အသက်နဲ့လဲပစ်မှာ"

တံမြက်စီးဒုတ်ကို ကိုင်ထားပြီး ငွေမှုံပြောပစ်လိုက်သည်။ ကြောက်စိတ်တွေက သူမနှလုံးသားတွေကို တဒိန်းဒိန်း လှုပ်ခါတုန်ထင်နေ၏။ ဘာပဲဖြစ်ဖြစ် အသက်နဲ့ရင်းပြီး ခုခံကာကွယ်မယ် နောင်ကတော့ဖြည်းဖြည်း သူမနားတိုးကပ်လာသည်။

"ငါ အော်လိုက်မှာနော်"

"အော်လေ ... နောင်ဆိုတဲ့ကောင်အကြောင်း နင်သိတယ်မဟုတ်လား ... အစေခံမက လာပြီးကြီးကျယ်မနေနဲ့ နင်မလွဲမသွေ ဒို့မိန်းမပဲ ဖြစ်စေရမယ်"

ငွေမှုံက အရမ်းစွဲမက်စရာကောင်းလောက်အောင် ချော်မော



www.burmeseclassic.com

www.burmeseclassic.com



လှုပနေသဖြင့် နှောင်ဘယ်မှ ထိန်းချုပ်နိုင်စွမ်း မရှိဘဲ ငွေမှုံကို အရယူမယ် ... ရှေ့ဆက်တိုးဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"လူယုတ်မာနော် ... ငါ့အနားကပ်မလာနဲ့ အသေသတ်ပစ်မှာ"

"အချစ်ရယ် ... ဟန်ဆောင်ပဲများ မနေစမ်းပါနဲ့ ... ချစ်လို့ပါ"

ငွေမှုံ တံမြက်စီး ဒုတ်တန်နှင့် လှမ်းရိုက်တာ လက်တွေက တုန်ယင်နေ၍ မထိပေ။ နှောင်က ဆွဲယူလွှင့်ပစ်လိုက်သည်။

"ဟား ဟား ဟား လူကြီးတွေသိလည်း နှောင်ဂရုမစိုက်ဘူးနော် ... နင့်ကို မဖြစ်မနေ ငါ့မိန်းမအဖြစ် သိမ်းပိုက်ရမှာပဲ"

သူမ လက်မောင်းတွေကို တင်းကျပ်စွာဆုပ်ကိုင်လိုက်သည်။ အင်အားတွေ ဘယ်ရောက်ကုန်ပြီလဲ ... ငွေမှုံ ခန္ဓာကိုယ်လေး ပျော့ခွေယိုင်နဲ့နေ၏။ မျက်ရည်တွေက သူမ ပါးပြင်ပေါ် တလိမ့်လိမ့် ကျဆင်းလာသည်။ သွားပါပြီ။ ငွေမှုံမှာ လွတ်မြောက်ရာလမ်းမ မမြင်တော့။ နှောင် လူယုတ်မာက စားနေကျ ကြောင်ဖားကြီးပဲ အရှက်နှင့် အသက်ကိုလဲပစ်ဖို့ ဘယ်လိုမှ လုပ်ဆောင်၍ မရော ဖြစ်နေ၏။ သူမ အင်အားရှိသလောက် ရုန်းကန်ဖယ်ရှားရင်း သူက တင်းသထက်တင်းကျပ်အောင် ဖက်တွယ်နေသည်။

"ဒေါက် ... ဒေါက် အခန်းထဲမှာ ဘယ်သူတွေလဲ တံခါးဖွင့်





စမ်း ... "

"ဒေါက် ... ဒေါက်"

နှောင်အပေါ်ထပ်ကို ပြန်တက်လာတာဖြစ်လိုက်၍ ချိုသာ သောကဖြစ်ပြီး ခရမ်းအလစ်မှာ တက်လာခဲ့မိသည်။

"ဖွင့်လေ ... ဝုန်း"

"အန်ကယ်ချိုသာ ... နှောင်ပါ"

နှောင်က တံခါးဖွင့်ပေးသည်။ ငွေမှုံ ကြမ်းပြင်မှာ ပုံလျက်လဲကျနေပြီး တသိမ့်သိမ့်ရှိုက်ငိုနေ၏။ နှောင်က အတင်းဆွဲမ ထူမတ်ပေးနေသည်။

"အဟဲ ကျွန်တော်နဲ့ ငွေမှုံချိန်းတွေ့နေကြတာပါ ... သူက ဒီအခန်းထဲလာခဲ့ဖို့ပြောလို့ ကျွန်တော်လာခဲ့တာပါ"

"ဘာ ... "

ဒီကောင်လူလိမ်ပဲ ... ငွေမှုံက ဒီလိုအောက်တန်းကျတဲ့ မိန်းကလေးမဟုတ်ပေ။ ချိုသာ ဒေါသတွေ အထိတ်အထိပ်ရောက်သွားပြီး မျက်လုံးတွေပြာစေကာ ဘာမှ မမြင်တော့ ... နှောင်ကုတ်ကို ဆွဲပြီး အောက်ထပ်သို့ ဆွဲခေါ်လာခဲ့သည်။

"အန်ကယ်ချိုသာ ... လွှတ်ပါ ဒီကောင်မလေးချိန်းလို့ ကျွန်တော်လာတာပါလို့ ပြောထားပြီးပြီပဲ ... နှောင့်မှာ အပြစ်မရှိပါဘူးနော်"

အောက်ထပ်သို့ ရောက်မှ ကြမ်းပြင်ပေါ်ပစ်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင် နှောင့်အမေပါ ရောက်လာကြ၏။ ချို့သာ အသိမဲ့နေသည်။

"မောင် … ဘာလုပ်တာလဲ ခရမ်းတူလေးကို"

"မောင်ချို့သာ မင်းရက်စက်လှချည်လား … မမသန္တာသားမှာ ဘာအပြစ်တွေရှိလို့လဲ … သားလေး အမလေး သားအဖြင်ထွက်သွားတာ မဟုတ်ဘူးလားကွယ် … "

"ဟိုဟာမက္ကာ ချိန်းလို့နှောင်ပြန်တက်လာတာပါ … အန်တီခရမ်းအဲ့ဒါကို အန်ကယ်ချို့သာက အထင်လွဲပြီး ထိုးတာပါ"

"မောင် … "

"ဘာပြောတယ်"

ချို့သာ ဘာမှတုန့်ပြန်ပြောမနေတော့ဘဲ ဒေါ်နှင်းအား ငွေမှုံကိုခေါ်ပြီး တန်းလျားပြန်ပို့ရန် ပြောလိုက်သည်။ သူလည်း ချာခနဲလှည့်ထွက်လာခဲ့သည်။ နောက်မှ ခရမ်းလိုက်လာ၏။ ငွေမှုံအားလုံခြုံစွာ အကာအကွယ်ပေးဖို့ပဲ ဆုံးဖြတ်လိုက်သည်။

"မောင် ဘာဖြစ်တာလဲ ဒီလောက်တောင်မှန်နေတာဘာသဘောလဲ"

"ငွေမှုံက ငါ့ဦးလေးရဲ့သမီးကွ … ဒီကောင် မင်းတူက အချိတမ်းထိပါးစော်ကားနေတယ် ငါလုံးဝ လက်မခံနိုင်ဘူး"

"သူတို့နှစ်ယောက်က ချစ်သူတွေဖြစ်ချင်ဖြစ်နေမှာပေါ့ … မောင် ဒီလောက်အထိ ဒေါသဖြစ်စရာမလိုပါဘူး … ဖိတ်ချင်ဖိတ်





ကိုယ့်အိတ်ထဲ ဖိတ် … သူတို့နှစ်ယောက်ပေးစားမယ် … နှောင်က အရမ်းချစ်တယ်တဲ့ ခရမ်းဆီမှာ ခွင့်တောင်းထားတယ်"

"ဘာ … "

"အစေခံမနဲ့ ခရမ်းတူလေးကို လက်ထပ်ပေးတာ မောင့်အတွက်က ဘာများနာစရာရှိလို့လဲ"

"မဖြစ်နိုင်ဘူး ငါလုံးဝသဘောမတူဘူးကွ … မင်းတူနှောင်ဟာ လူရှုပ်လူပွေ လက်ကြောတင်းတဲ့ကောင်လည်း မဟုတ်ဘူး"

"မောင်နော် … လာပြီး ခရမ်းကိုရိုင်းစိုင်းမနေနဲ့ မောင်ဘာအချိုးပြောင်းသွားတာလဲ … မောင့်ဟာမကိုထိလို့ ဆတ်ဆတ်ထိမခံတာလား … ဦးခွန်းချို့သာ ရှင်ဘယ်တုန်းကများ ဒေါသတွေဒီလောက်အထိ ပေါက်ကွဲတတ်သွားတာလဲ … ရှင်က ဂုဏ်သရေရှိလူကြီးလူကောင်း အိမ်ထောင်ရှင်တစ်ယောက်နော် … ခရမ်းကိုသူမတွက်နဲ့ ရှင့်အရှက်သိက္ခာတွေ မြောင်းထဲအထိ ထိုးစိုက်ကျသွားမယ်"

ငွေမှုံချယ့်ကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူးဆိုတာ ခရမ်းသတိထားမိလိုက်သည်။ မောင့်ဦးလေးရဲ့ မွေးစားသမီးပဲ သွေးသားဆက်စပ်မှု မရှိပေ။ ငွေမှုံချယ်က ချောမောလှပ အိစက်နေတဲ့ မိန်းမလေးပါ။ နှောင်နှင့်လက်ထပ်ပေးရမယ် … ခရမ်းအလျှော့မပေးဘဲ ဆုံးဖြတ်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ မောင် ... စိတ်ကို လျှော့လိုက်ပါ ... ဒီကောင် မလေးက နောင့်ကို ချိန်းတယ်ဆိုတာ ဖြစ်နိုင်တယ် အဆင့်ချင်းက အရမ်းကွာနေတယ်"

ချိုသာ ခွန်းတုန့်ပြန်ပြောရန် စကားလုံးတွေ ရွေးချယ်မရ ခရမ်းကြောက်စရာကောင်းလွန်းမှန်း တဖြည်းဖြည်း သူသိနေခဲ့တာ ကြာပါပြီ။ သူမှားတယ် အသုံးကိုမကျဘူး ... သူ့ကြောင့်ပဲ အခု ငွေမှုလေး အစေခံမလေး ဘဝနှင့် အကာအကွယ်မဲ့ခဲ့ရသည်။

"မမသန္တာက အရမ်းစိတ်ဆိုးနေပြီနော် ... မောင်၊ အစေခံ ကို သူ့သားနဲ့ လက်ထပ်ပေးဖို့တောင် ခရမ်းကတော်တော်လေး နားချရမှာ မောင့်မျက်နှာနဲ့လေ ... မောင်တော်တော်ပြောင်းလဲ တာပါလား ... အရင်ကတော့ အစေခံမလေးတစ်ယောက် ခရမ်း အတွက် ခေါ်လာတာဆို ဘယ်လိုလဲ ဦးခွန်းချိုသာရဲ့"

ခရမ်းနှင့် ဆက်ပြီး စကားစစ်ဖိုးဖို့ ချိုသာ့မှာ အင်အားမရှိ သူ ဖန်တီးခဲ့တဲ့ ဓာတ်ပဲ ... အပြစ်ရှိခဲ့သူက ချိုသာတို့ မိသားစု ငွေမှုချယ်သာသိရင်လည်း သူ့ကို အမုန်းကြီးမုန်းတီးနေမှာပဲ သည်။

"နောင့်ကို သေသေချာချာမေးပြီး လက်ထပ်ဖို့ ခရမ်းစီစဉ် မယ် ... ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်လေ ... မောင်က ငွေ ချယ့်ကို ဆရာဝန်မဖြစ်အောင် ထောက်ပံ့စောင့်ရှောက်ပေးချင်





မဟုတ်လားလို့"

ခွန်းချိုသာ မလှုပ်နိုင်အောင် ခရမ်းကချည်နှောင်နေသည်။

"စိတ်ကူး မလွဲနဲ့နော်မောင် ... ရှင့်ဟာမလေးနဲ့ နောင်က လွှန့်လွန်ကျူးကျူးတောင် ဖြစ်ချင်ဖြစ်နေမှာ ... နောင်တာဝန်ယူ တာပဲ မောင်ကျေးဇူးတင်လိုက်"

သူ လှည့်ထွက်လာခဲ့သည်။ ခရမ်းပြောသလိုများဖြစ်နေမ သား ... မဖြစ်နိုင်ဘူး ... ငွေမှုချယ်သာ ဖြူစင်ရိုးသားတယ် ... သူ့ခွေးသားဆိုပြီး အထင်ကြီးမှာ မဟုတ်ပေ။ သူ လုံးဝ လက်မခံ နိုင်။ သူ့ကြောင့်ပဲ ငွေမှုဘဝလေး ရေတိမ်ထဲမှာ ထပ်မံနစ်ရတော့ သည်။ ချိုသာ့ စိတ်တွေလှုပ်ရှားနေသည်။ ရင်ထဲမှာ မီးတောက်နေ သလိုပင် ... ဒီကောင့် လက်ထဲငွေမှုကို ထည့်လို့ မဖြစ်ဘူး ... ကောင်းတာမှန်သမျှ အကုန်လုပ်နေတဲ့ကောင်ပဲ ... သူ့ခေါင်းကို ခါရမ်းပစ်လိုက်၏။ မဖြစ်ဘူး ... လုံးဝ မဖြစ်ဘူး ... အရာရာကို ပေါက်ကွဲပစ်ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၇ )

"ငွေမှုံလေး ငွေမှုံလေး ဒီကောင်ဘယ်လောက်အထိ ဆော့ကားလိုက်လို့လဲ ပြောစမ်းပါ ... သက်ဆိုင်ရာကို တိုင်ရမယ် ထောင်ထဲ ထည့်ပစ်မယ်"

"ဟင့်အင်း ... ဘာမှမလုပ်ပါနဲ့ ငွေမှုံ ရှက်တာပဲရှိတာ ဦးချိုသာ ဘယ်လိုထင်သွားမလဲ ... ငွေမှုံ ဒီမှာဆက်နေရမှာ ကြောက်ပါတယ်"

ငွေမှုံကြောင့် ဦးချိုသာဘဝ ပြဿနာတွေနှင့် ရင်ဆိုင်ရှင်းရမှာ စိုးရိမ်မိသည်။ ဦးချိုသာက မမခရမ်းကို ကြောက်နေရ ငွေမှုံက ကံဆိုးမပါ။ ငယ်စဉ်လေးထဲက မိဘတွေအပြိုင်ပြို ဒုက္ခနှင့် ဒုက္ခတွေ ဆက်တိုက်ပဲ တွေ့ကြုံခံစားလာခဲ့ရ၏။ ဒီဘ အဝေးဆုံးကို ထွက်ပြေးချင်မိသည်။

"မောင်ချိုသာ စီစဉ်ပေးမှာပါ ငွေမှုံရယ် ... အရမ်းကြီး ကွဲဝမ်းနည်းမနေစမ်းပါနဲ့ကွယ် ... ငွေမှုံ အလုပ်မလုပ်နဲ့တော့





ဒေါ်လေးနှင်းတို့ပဲ သွားမယ် ... အလုပ်သမားတန်းလျားမှာ တံခါးကို သေသေချာချာ ပိတ်ထားနော် ... ဘယ်သူ့မှ ဖွင့်မပေးနဲ့"

"ဟုတ်ကဲ့ ..."

"မကြာခင် ဒေါ်လေးနှင်းတို့ ဒီကနေထွက်သွားကြရမှာပါ ငွေမှုံလေးဘဝ အေးချမ်းစေရမယ်"

ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့နှစ်ယောက် တိုက်ကြီးထဲသို့ ပြန်ထွက်သွားကြသည်။ ငွေမှုံတစ်ယောက်ထဲ ကျန်ခဲ့၏။ ဦးချိုသာ ကယ်ဝေလို့ပဲ မမခရမ်းနှင့် ဘယ်လောက်များ ပြဿနာတက်နေမလဲ ငွေမှုံစိုးရိမ်နေသည်။

တဖြည်းဖြည်းနှင့် ညအမှောင်ထုက ပတ်ဝန်းကျင်မှာ လွှမ်းမိုးသွားသည်။ ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ ဘာဖြစ်လို့ ပြန်မလာကြသေးတာလဲ ... တခါတရံ မမခရမ်းက အလုပ်တွေကို ညဥ့်နက်တဲ့အထိ ခိုင်းစေနေတတ်၏။ စားစရာတစ်ခုပြီး တစ်ခု လုပ်ခိုင်းနေတတ်သည်။ ငွေမှုံတစ်ယောက်ထဲ ငုတ်တုတ်လေး ထိုင်စောင့်နေမိ၏။ သူမတို့ အခန်းတံခါးကို လာခေါက်သဖြင့် ထကြည့်တော့ ဦးချိုသာဖြစ်နေသည်။

"ဟင် ... ဦးချိုသာ အရက်တွေသောက်ထားပါလား"

"ဟုတ်တယ် ... ငွေမှုံလေး စိတ်တွေ အရမ်းမွန်းကျပ်လို့ပါ ဦးချိုသာ သေပစ်ချင်လောက်အောင် စိတ်ညစ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ငွေမှုံကြောင့်လားဟင် ..."

"ဟုတ်တယ် ..."

"ရှင် ..."

"ဒီမှာ ငွေမှုံချယ် မင်းကို တစ်ခုမေးမယ် ... မင်း အမှန်အတိုင်းဖြေ ... ခြော် တံခါးပိတ်ထားရဦးမယ် ... ဦးချိုသာ လမ်းလျှောက်ဝင်လာတာ ကားအပြင်မှာရပ်ထားခဲ့တယ်"

ငွေမှုံ အထိတ်တလန့်နှင့် ရင်တွေတဆတ်ဆတ်တုန်ရင်လာသည်။ ဘယ်လိုလုပ်ရမလဲ ... ဦးချိုသာ အရက်သောက်တတ်တာ ငွေမှုံ မြင်ဖူးခဲ့ပေ။ စိတ်ထိခိုက်ကြေကွဲစွာ နာကျင့်ရ၏။ ငွေမှုံ ကြောက်လာမိသည်။

"ကဲ ... ငါမေးတာကို အမှန်အတိုင်းဖြေနော် ... မလိမ်နဲ့"

"ဟုတ်ကဲ့ ..."

"မင်းနဲ့နောင် ချစ်သူတွေဖြစ်နေကြပြီလား"

"ရှင် ..."

"ဘာမှ မကြောက်နဲ့ ချစ်သူတွေဖြစ်နေကြတယ်ဆိုရင် ခရမ်းက လက်ထပ်ပေးမယ်တဲ့"

"မဟုတ်တာပဲ ဦးချိုသာ ... လုံးဝ မဟုတ်ပါဘူး ... ချစ်သူဖြစ်ဖို့ဝေလာဝေး ... ငွေမှုံအောနှလုံးနာလွန်းလို့ အရမ်းမုန်းတီးနေတာပါ ... နောင်ဆိုတဲ့ကောင်နဲ့ လက်မထပ်နိုင်ပါဘူး ... ကျောင်း





ဆက်မတက်ရလဲ ... ကိစ္စမရှိပါဘူး ... ငွေမှုံ ပြန်ပါတော့မယ် ... ဒီမှာလည်း ဆက်မနေချင်တော့ပါဘူး"

"မင်းကို ငါယုံတယ် အရမ်းကိုရိုးသားဖြူစင်တဲ့ မိန်းကလေးပဲ ... မင်းဘာမှ စိတ်မပူနဲ့တော့ ... မင်းအတွက် ငါအားလုံး စီစဉ်ထားပြီးပြီ ... နောင်ဆိုတဲ့ လူရုပ်လူပွေ လက်ကျောမတင်းတဲ့ကောင်လက်ထဲကို လုံးဝ မအပ်နိုင်ဘူး ... ငါတောင်းပန်ပါတယ် ငွေမှုံ ... တကယ်တော့ မင်းဒီလိုဘဝမျိုးရောက်ရတာ ဦးချိုသာကြောင့်ပါကွာ"

ချိုသာ အရမ်းမူးလာသည်။ သူ့ရင်တွေ နာကျင်ရလွန်း၏။ သူချစ်တာ ငွေမှုံ ဘယ်လိုဖွင့်ပြောရမလဲ ... မဖြစ်နိုင်တော့ပါဘူး သူ စည်းစောင့်ရမယ် ... ခရမ်းပြောချင်တာပြော ငွေမှုံအတွက် သူ စောင့်ရှောက်ပေးရမည်ဖြစ်၏။ သူ ပြန်ရမယ် မျက်လုံးတွေ ပြာဝေလာပြီ ... ကြာလာရင် သူ့စိတ်တွေ ထိန်းချုပ်နိုင်စွမ်းမရှိတော့တာ သူသိလာသည်။

"မင်း ... မင်းဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစား မင်းဘဝရှေ့ရေးအတွက် ငါအားလုံးတာဝန်ယူပေးမယ် ငွေမှုံလေးအား ... ငါ အရမ်းမူးလာပြီထင်တယ် ... ငါပြန်တော့မယ်"

သူ လှည့်အထွက်တွင် ခေါင်းထဲမှာ ချာခနဲမူးဝေသွားပြီး ပြိုလဲကျသွားသည်။

"ဟင် ... ဦးချိုသာ ..."



www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံ စိုးရိမ်တကြီးနှင့် ဦးချိုသာအနား တိုးကပ်လာသည်။

"ဦးချိုသာ ဦးချိုသာ သတိထားပါဦး ... ငွေမှုံ ဘယ်လိုလုပ်ရမလဲ ... ဦးလေးကြွကို သွားခေါ်ပေးမယ်နော်"

သူမအထတွင် ဦးချိုသာက သူမလက်လေးအား ဆွဲယူဆုတ်ကိုင်ထားသည်။

"မခေါ်ပါနဲ့ ငွေမှုံရယ် ... ဟိုမိန်းမသိရင် အကြီးအကျယ်ပြဿနာရှာလိမ့်မယ် ... ခဏလေးပါ"

ချိုသာ့စိတ်တွေ ထိန်းချုပ်နိုင်တဲ့အင်အားတွေ ကင်းမဲ့သွားရသည်။ ငွေမှုံလက်လေးကို ဆွဲယူ၍ သူ့ရင်ခွင်ထဲ ဆွဲယူပွေ့ဖက်ထားမိ၏။ ချစ်တယ်ဟု ဖွင့်ပြောမိသွားသည်။

"ဦးချိုသာ ချစ်တာငွေမှုံပဲ အရမ်းချစ်တယ် ငွေမှုံရယ် ... နှလုံးသားတွေ ဖွဲ့အက်နာကျင်ရတယ် ငွေမှုံကို ချစ်တယ်ကွာ"

"ဟင် ... ဦးချိုသာ သတိထားပါနော် ... မဖြစ်နိုင်ပါဘူး ငွေမှုံတောင်းပန်ပါတယ် ... လွှတ်ပါနော်"

နောင်နှင့် မတူတဲ့ ခံစားမှုတွေက ငွေမှုံနှလုံးသားထဲမှာ တိုးဝင်ခံစားလာရသည်။ ဦးချိုသာအပေါ် ငွေမှုံလည်း သံယောဇဉ်ကြီးစွာ တွယ်မိသွားရ၏။ လူမှန်းမသိအောင် အရက်တွေသောက်လာတာလည်း စိတ်ထိခိုက်ကြေကွဲရသည်။

"ဦးချိုသာကို ခွင့်လွှတ်ပေးပါ ငွေမှုံရယ် ... ဦးချိုသာ အသုံးမကျခဲ့တာပါ ... ငွေမှုံလေးကို အထင်လွဲပြီး မလုပ်သင့်တာတွေ





လုပ်မိတာပါ ... အခုမှ အခုမှလေ ငွေမှုံလေးကို ချစ်မိသွားတယ် အရမ်းချစ်မိသွားတယ်ကွာ ..."

သူ့ရင်ခွင်ထဲမှ ငွေမှုံလေးကို တင်းကျပ်စွာ ဖက်ထားမိသည်။ ငွေမှုံလေးက တတွတ်တွတ်တောင်းပန်ရင်း ငြင်းဆန်ရုန်းဖယ်ပစ်နေသည်။ သူ့စိတ်တွေ လွတ်ထွက်သွားပြီး ငွေမှုံလေးကို အနမ်းမိုးတွေ ရွာသွန်းဖြိုးမိသွား၏။ မှောင်မိုက်တဲ့ ချောက်ကမ္ဘာကြီးထဲသို့ ငွေမှုံလေးကို ဆွဲခေါ်သွားမိသည်။

"ငွေမှုံကိုချစ်တယ် ... အရမ်းချစ်မိသွားလို့ပါကွာနော်"

ငွေမှုံလည်း ဘာတတ်နိုင်တော့မှာလဲ ... ဦးချိုသာကို ပေးဆပ်ချင်တဲ့ ဆန္ဒတွေက ပြင်းပြစွာဖြစ်ပေါ်လာသည်။ ဦးလေးကို စွန့်လွှတ်လိုက်ရတဲ့ ဦးချိုသာရဲ့ နာကြည်းမှုတွေအတွက် ငွေမှုံ ဘယ်လိုနည်းနှင့် မဆိုပေးဆပ်နိုင်နေ၏။ ဦးချိုသာရဲ့ ဆန္ဒတွေ မှန်သမျှ ငွေမှုံ မငြင်းပယ်ရက်ပဲဖြစ်နေရသည်။

"ငွေမှုံလေးရယ် ..."

ဦးချိုသာရဲ့ ညီးညူသံနှင့်အတူတူ လက်တွေလည်းပြေလျော့သည်။ ငွေမှုံရဲ့ အပျိုစင်ဘဝလေးလည်း ဦးချိုသာရဲ့အချစ်တွေ အောက်မှာ ကျဆုံးပျက်စီးကြေသွားရပြီဖြစ်၏။ သူမ ဝမ်းမနည်းမိ။ ကျေနပ်စွာ ပေးဆပ်လိုနေခဲ့သည်။

"ဦးချိုသာရယ် ... ဘာဖြစ်လို့များ မဖြစ်သင့်တဲ့အရာတွေ



www.burmeseclassic.com

www.burmeseclassic.com



အခုမှလာဖြစ်ခဲ့ရတာလဲ”

ဦးချိုသာက အသိကင်းမဲ့စွာဖြင့် အိပ်ပျော်သွားသည်။ ငွေမှုံ အင်အားချိနဲ့စွာဖြင့် ဦးချိုသာအနားမှာ ခွေခွေလေးအိပ်နေရာမှ သတိဝင်လာရကာ လူးလဲထလိုက်မိ၏။ ဦးလေးကြွေတို့ ပြန်ရောက်လာတော့မယ် ဦးချိုသာနှင့် ငွေမှုံတို့ အဖြစ်အပျက်အား သိသွား၍ မဖြစ်ပေ။ ဦးချိုသာကိုလည်း ပြန်ပို့ပေးရဦးမယ် ... မမခရမ်းသိလို့ မဖြစ်ဘူး။ သူမ အနေအထားတွေကို ပြင်ပြီးသည်နှင့် ဦးလေးကြွေသို့ ပြန်ရောက်လာတာနှင့် အတော်ပဲဖြစ်သွားသည်။

“ငွေမှုံဘာတွေ ဖြစ်နေတာလဲ”

“ဟို ... ဟိုမှာ ဦးချိုသာ အိပ်ပျော်နေတယ် ... အရမ်းမူးနေတယ်”

“ဟင် ... ”

“ဘာပြောတယ် ငွေမှုံရေ ... ဘုရားရေ ပြဿနာတက်တော့မယ် ... ဒုက္ခပါပဲ”

“ကားကိုလည်း လမ်းမှာရပ်ထားတယ်တဲ့ ... လမ်းလျှောက်ဝင်လာတာတဲ့”

“ခဏနေဦး ... ဦးလေးကြွေအခြေအနေကို စောင့်ကြည့်ဦးမယ် ... ကားလည်းပြန်သွင်းလို့ မဖြစ်သေးဘူး ... မောင်ချိုသာ နောက်ကျလို့ ခရမ်းပြာ အရမ်းဒေါသထွက်နေတယ် ... ဖုန်းဆက်





လို့လည်း မရဘူးတဲ့ ... ခရမ်းပြာ အိပ်ပျော်သွားမှ စီစဉ်ရမှာပဲ ဦးလေးကြွေတို့ကိုလည်း မပြန်နိုင်းဘူး”

“တို့တွေ ဒီကနေ အမြန်ဆုံးပြောင်းမှဖြစ်မယ် ... ကျုပ်တို့မှာ ငွေလေးစုဆောင်းထားတာ ရှိပါတယ် ... အိမ်ငှားနေကြမယ်”

ဦးချိုသာက အမြန်ဆုံး စီစဉ်ပေးမယ်ဆိုတာ ငွေမှုံသိနေသည်။ အခု ဘယ်လိုဆက်လုပ်မှ ဖြစ်မှာလဲ ... ဦးချိုသာ အနားကနေ အမြန်ဆုံးထွက်ခွာသွားမှ ဖြစ်မည်။ ဦးချိုသာနိုးအောင် စောင့်နေရသေး၏။ မနက် ၂ နာရီလောက်မှ ဦးချိုသာနိုးလာသည်။

“မောင်ချိုသာ နိုးပြီလား”

“အင် ... အား ကျွတ် ... ကျွတ်”

“မောင်ချိုသာ ... ”

“ဟင် ... ”

“နိုးပြီလား ... အခု မောင်ချိုသာရောက်နေတာ ဦးကြွေတို့ အလုပ်သမားတန်းလျားမှာလေ”

“ဗျာ ... ”

ဦးလေးကြွေပြောမှ ချိုသာအသိတွေဝင်လာပြီး လူးလဲထမိသည်။ ဟုတ်သားပဲ ... သူအရက်တွေ အရမ်းသောက်မိသွား၏။ သတိလက်လွှတ်ပင် ငွေမှုံအတွက် အလွန်အမင်း ခံစားနေ၍ဖြစ်၏။ ခန္ဓာကိုယ် တစ်ခုလုံး ကိုက်ခဲနာကျင်နေသည်။

“မောင်ချိုသာ ကားကိုလမ်းမှာ ရပ်ထားခဲ့တာလား ... ငွေမှုံ



www.burmeseclassic.com

www.burmeseclassic.com



လေးပြောပြတာ”

“ဗျာ ... ငွေမှုံရော”

“အိပ်နေတယ် ... ညက ခရမ်းပြာဒေါ်သတွေဖြစ်ပြီး ဦးလေးတို့ကို ပြန်မလွှတ်ဘူးလေ ... ဒီမှာ ငွေမှုံလေးပဲ ကျန်ရစ်ခဲ့တာ”

သွားပြီ ... သူ ဘာတွေထပ်လုပ်မိပြန်ပြီလဲ ... သူနှင့်ငွေမှုံနှစ်ယောက်ထဲတဲ့ ... သူ ပြန်စဉ်းစားမိသည်။ ဘာမှ စဉ်းစားမရခေါင်းတွေ ကိုက်လာ၏။ သူအပြင်ထွက်ပြီး ကားယူ၍ မြို့ထဲဝင်လာခဲ့သည်။ သူအပေါ်တက်သွားတော့ ခရမ်းက အိပ်ပျော်နေ၏။ ရင်တွေပူလောင်လာ၍ ရေတစ်ခွက်ယူသောက်ရသည်။

“ရှင် ... ရှင် ဘယ်တုန်းက ပြန်ရောက်လာတာလဲ ... ဒီလောက်တောင် ညဥ့်နက်နေတာ ကလပ်ကနေ ပြန်လာတာမဟုတ်လား”

“မဟုတ်ပါဘူးကွာ ... ကုမ္ပဏီမှာအ လုပ်ကိစ္စတွေရှိလို့ပါ အခုတောင် မောင်အရမ်းအိပ်ချင်လို့ ပြန်လာတာ”

“မယုံဘူး ... ရှင်ဖွဖောက်ချင်နေတယ် ... ခရမ်းအပေါ် အရမ်းအေးစက်တယ် အချစ်မပါဘူး”

“တော်ပါတော့ကွာ ... ”

ခရမ်းနှင့် စကားဆက်မပြောချင်တော့သဖြင့် အကျီကို ချွတ်စဉ် မထင်မှတ်ဘဲနှင့် သူ့အကျီမှာ ကလစ်လေးတစ်ခု ... ငွေမှုံပစ္စည်းပဲ ... ပထမတစ်ကြိမ်တုန်းက သူ့အကျီမှာ ကလစ်လေးတစ်





ခု အခုနောက်တစ်ခု ကပ်ငြိလာပြန်သည်။ ခရမ်းမတွေ့ခင် သူသိမ်းပစ်လိုက်သည်။

“ရှင် ... အရက်တွေလည်းသောက်လာတယ် ... ဘာတွေစိတ်ညစ်စရာရှိနေလို့လဲ ... ပြောစမ်းပါ ... ရှင် ဘယ်တုန်းကများအရက်သောက်ဖူးလို့လဲ”

ခရမ်းပြာပြောရင်း ဆွေ့ဆွေ့ခုန်အောင် ဒေါ်သတွေပေါက်ကွဲနေသည်။ ခေါင်းကိုက်လိုက်တာ ခန္ဓာကိုယ်တစ်ခုလုံး နာကျင်နေ၏။ ခရမ်းကို ဘယ်လိုရှင်းရမလဲ ... ငွေမှုံအပြင်မှာနေနိုင်အောင် သူ အားလုံးစီစဉ်ထားပြီးပြီဖြစ်သည်။

“မောင် ... ရှင့်ကို တစ်ယောက်ထဲ လွှတ်မထားနိုင်တော့ဘူး ... ခရမ်းပါ မောင့်ကုမ္ပဏီကို လိုက်ရမယ် ... နောင်နဲ့ငွေမှုံကိုလည်း အမြန်ဆုံး လက်ထပ်ပေးရမယ် ... မမသန္တာ လက်မခံလို့ဖြောင်းဖျနေရတယ် ... နောင် ပူဆာနေလို့ သိလား”

အဝတ်အစားတွေလဲပြီး အိပ်ယာပေါ် ပစ်လဲချမိသည်။ နောင့်လက်ထဲ ငွေမှုံကို မထည့်နိုင်ဘူး ... သူနှင့်ငွေမှုံတို့မှားယွင်းသွားကြပြီလားပဲ ... ကလစ်လေးတစ်ခုတောင် တွယ်ကပ်လာတာပဲ ... ခရမ်းက နောင်နှင့်လက်ထပ်ဖို့ကိစ္စ ပြောနေတာ မကြားချင်။ မနက်ဖန်ပဲ ငွေမှုံကို ရွှေ့မယ်။ ငွေမှုံ နောင်နှင့်လက်မထပ်နိုင်ဘူးဆို၍ ချိုသာ စိတ်အေးသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနက်ကျရင် ငွေမှုံကို အသိပေးရမယ် … မောင်နော် ခရမ်းကို လွှော့တွက်မထားနဲ့ မောင်သစ္စာမဲ့လို့ကတော့ မိုးမီးလောင်ပြီ မှတ်ထားပါ"

ခရမ်း စိတ်ထဲမှာ မောင်အပြောင်းအလဲကြီး ပြောင်းလဲနေသည်ဟု ထင်သည်။ ငွေမှုံကြောင့်ပဲဖြစ်နိုင်၏။ နောင်နှင့်လက်ထပ်ပေးဖို့ ကိစ္စပြောပြီးထဲက မောင်မျက်နှာ မကောင်းတော့ အရက်တွေပါ သောက်တတ်လာသည်။

"မောင့်ကို ခရမ်းမသက်ာတော့ဘူး … ခရမ်း မျက်စိအောက်ကနေ လုံးဝ အပျောက်မခံနိုင်တော့ဘူး … ရှင် အရက်တွေပါ သောက်လာပြီဆိုတော့ … ခရမ်း လက်မခံနိုင်ဘူး"

သူ မျက်လုံးတွေကို မှိတ်ပြီး အိပ်ပစ်လိုက်သည်။ ရင်တွေ ပူလိုက်တာ မင်းအတွက်ပဲလေ ငွေမှုံ … အတိတ်က ဖြစ်ရပ်မှန်တွေ သိသွားရင် ဦးချိုသာကို မုန်းတီးပစ်မှာလား … ရိုးသားဖြူစင်တဲ့ ငွေမှုံလေးကို သနားမိသည်။

"ခရမ်းနဲ့ ဘယ်လိုပဲတိုက်ပွဲဝင်ရပါစေ … ငွေမှုံဘဝလေး အေးအေးချမ်းချမ်း ရပ်တည်နိုင်အောင် ဦးချိုသာစောင့်ရှောက်ပေးမယ်"

ဦးချိုသာရင်တွေ မီးတောက်နေပြီထင်တယ် … ငွေမှုံရေ မင်းနဲ့ ဦးချိုသာ အမှားအယွင်းတွေများ ဖြစ်သွားလားပဲ အိပ်စက်လို့





မရပဲ ဖြစ်နေမည်။

"မောင် … မောင် ဟွန်း စကားမပြောချင်တိုင်း အိပ်ချင်ယောင်ဆောင်နေတယ် … မောင်"

ခရမ်း ဒေါသတွေထွက်ရသည်။ မောင် လုံးဝ မလှုပ် … ဘယ်လိုလုပ်ရမလဲ ငွေမှုံကြောင့်ပဲ ထင်တယ် … မောင် မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေတတ်တာ ခရမ်းအသိဆုံးဖြစ်၏။ မိုးလင်းအောင် ခရမ်းအတော်လေး စောင့်နေရသည်။

"ငွေမှုံ နင့်ကိုနောင်နဲ့လက်ထပ်ပေးရမယ် … နင်အပျိုစင်ဘဝနဲ့နေလို့ မရဘူး … နောင့်ကို ထိန်းချုပ်ခိုင်းထားရမယ်"

အရေးထဲ မမသန္တာက လက်မခံပေ။ အိမ်စေမကို ချွေးမတော်ရမှာ သိက္ခာကျတယ်တဲ့ … အမျိုးမျိုး မြူဆွယ်ဖြောင်းဖျနေရသည်။ မနက်မိုးလင်းသည်နှင့် ငွေမှုံချယ်နေတဲ့ အစေခံတန်းလျားသို့ ခရမ်းရောက်လာ၏။ ဦးကြွေနှင့် ဒေါ်နှင်းတို့အား အရင်ဆုံး အလုပ်သွားဝင်ဖို့ ပြောလိုက်သည်။

"ရှင်တို့ သွားနှင့်ပါ … ကျွန်မ ဒီမှာငွေမှုံချယ်နဲ့ စကားပြောစရာရှိလို့ပါ"

ဒေါ်နှင်းစိတ်ထဲမှာ ခရမ်းပြောကိုမယုံမိ။ ငွေမှုံအားလုံးဝ အလျော့မပေးဖို့ ထပ်မှာထားခဲ့ရသည်။

"ငွေမှုံ ဘာပြောပြော ခေါင်းငုံ့ခံမနေနဲ့နော် … ဒေါ်လေးနှင်းတို့ ဒီကနေပြောင်းတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံလည်း စိတ်တွေ တုန်လှုပ်ချောက်ချားနေရသည်။ ဦးချိုသာကြောင့်ပဲ ထင်တယ် ... ညကဒီမှာ အိပ်သွားတာ, သိသွားပြီလား မသိဘူး ... ငွေမှုံ ခြေဖျားလက်ဖျားလေးတွေ အေးစက်နေသည်။

"ငွေမှုံချယ်"

"ရှင် ... "

"နင့်မျက်လုံးတွေက ဘာဖြစ်လို့ ဟောက်ပက်ဖြစ်နေရတာလဲ"

"ရှင် ... ဟို ဟို"

ငွေမှုံ ဘယ်လိုဖြေရမှန်း မသိ ... မမခရမ်းအကြည့်တွေက စူးရှလွန်းနေသည်။

"ငါ သွယ်ဝိုက်ပြောမနေတော့ဘူး ငွေမှုံချယ် ... ငါတို့မိသားစု အဆင်ပြေရေးအတွက် နင်နဲ့နောင်လက်ထပ်ရမယ် ... နင့်ဦးချိုသာလည်း သဘောတူတယ် ငါပြောပြီးပြီ ဒါပဲ"

မမခရမ်းထွက်သွားသည်။ ငွေမှုံ ကျောက်ရုပ်လေးတစ်ရုပ်ကဲ့သို့ ရပ်မိနေ၏။ ဦးချိုသာပြောတော့ နောင့်ကို လက်မထပ်ရဘူးတဲ့ ငွေမှုံတို့အပြင်မှာနေနိုင်အောင် စီစဉ်ပေးမည်တဲ့ အခုတော့ မမခရမ်းက နောင်နဲ့လက်ထပ်ပေးဖို့ လာပြောနေသည်။ ဦးချိုသာ သဘောတူသည်တဲ့ ဘာကြောင့်လဲဟင် ... ငွေမှုံကို နောင့်လက်ထဲ ထိုးအပ်လိုက်မှတော့ မလို့လား ... အဲဒီလို မလုပ်ပါနဲ့နော် ... ငွေ





အဖျိုစင်ဘဝ ဘယ်လောက်ပျက်သွားပါစေ ... ဦးချိုသာရယူလိုက်တာမို့ ငွေမှုံ အကျေနပ်ကြီးကျေနပ်ပါတယ်နော် ... သူမ ကြိတ်၍ ငိုကြွေးပစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၈ )

"ငွေမှုံချယ် ... မင်းကို အန်တီလေးက ပြောထားပြီးပြီ မဟုတ်လား ... နောင်နဲ့ လက်ထပ်ဖို့လေ မင်းဝမ်းသာဂုဏ်ယူလိုက် စမ်းပါ ... နောင်က သူဌေးသားလေ"

"နှင့်ဟာနင် ဘာပဲဖြစ်ဖြစ် ငါသဘောမတူဘူး လက်လည်း မခံဘူးနော် ... နင်ထွက်သွားပါ"

ငွေမှုံ အသားလိုးတဲ့ဓားကို လက်ထဲမှာ တင်းတင်းဆုပ် ကိုင်ထားလိုက်သည်။ နောင့်အစော်ကားကိုတော့ မခံနိုင်။ သူမ ဘဝမှာ ဦးချိုသာတစ်ယောက်ထဲရှိရမည်ဖြစ်၏။ တခြားယောက်ျား တစ်ယောက်က သူမအသားကို ထိမှာပင် စိုးရွံ့နေမိသည်။ ငွေမှုံ ဘယ်လိုအကြောင်းနဲ့မှ ဦးချိုသာအား အရယူမည်မဟုတ်ပေ။ ငွေမှုံ ဘဝကြီး တစ်ခုလုံး ပေးဆပ်ချင်ခဲ့တာပါ။

"ငွေမှုံချယ် ... မင်း ဒီလိုလုပ်လို့ရမယ်ထင်လား ... လက်ထဲ





ကဓားကို ချပစ်လိုက်စမ်းပါ ... နောင်က ကြောက်မယ်ထင်နေ လား ... မင်းက ငါ့လက်ခုတ်ထဲက ရေပဲ ဟား ... ဟား ... ဟား"

"နင် ... နင် တိုးကပ်မလာနဲ့နော် ... ငါတကယ်ထိုးပစ်လိုက် မှာ"

"ထိုးလေ သတ္တိရှိရင် ထိုးပစ်လိုက်စမ်းပါ ... နင် အလကား နေရင်း မာယာများပြမနေနဲ့ ... ငွေမှုံလေးရယ် ... နောင့်ကို လက်ခံ ပါ မင်းထိုးရဲရင်ထိုးလေ ... နောင် သေရဲပါတယ်"

ငွေမှုံ လက်တွေတုန်ရင်နေသည်။ မထိုးရဲ နောင့်မျက်နှာကြီး က ပြုံးဖြဲဖြဲနှင့် သူမအနားတိုးကပ်လာနေသည်။ ထိုးလိုက်စမ်းပါ ဒီကောင့်ရဲ့ စော်ကားမှုကို နင် ခုခံကာကွယ်ရမယ် ... နောင်က ရယ်မောလျက် သူမလက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်၏။ ဓားက အောက်သို့ ပြုတ်ကျသွားသည်။

"ဒေါက် ... "

"ဟင်"

"ဟား ဟား ဟား ... ငွေမှုံလေး ဒီလောက် သတ္တိမရှိဘူးဆို တာ နောင်ကသိပြီးသားပါ ... နောင့် အချစ်တွေကို အသာတကြည် ခံယူလိုက်စမ်းပါ"

မီးဖိုခန်းထဲမှာ ငွေမှုံတစ်ယောက်ထဲရှိနေသည်။ နောင်က ပြန်သလိုလိုနှင့် အလစ်မှာဝင်လာတတ်ခြင်းဖြစ်၏။ ဒေါ်သန္တာနီနှင့် နောင်တို့ပြန်သွားကြပြီထင်၍ ဒေါ်လေးနှင်းက ငွေမှုံကိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ထဲ ထားခြင်းဖြစ်သည်။

"ဟဲ ဟဲ အချစ်ရယ်"

"နင် ... နင် လူယုတ်မာ"

"အချစ်ရယ် ... ချစ်လို့ပါ ... မင်း နောင့်လက်ထဲကနေ မလွတ်ဘူး ငွေမှုံချယ် ... မင်း အသာတကြည်လက်မခံဘူးဆိုရင် အန်ကယ်ချိုသာနဲ့ မင်းဖောက်ပြန်နေတယ်လို့ အန်တီလေးခရမ်းကို ပြောလိုက်မယ်"

"ဟင်"

ငွေမှုံအသိတွေ ကင်းမဲ့သလို တုန်လှုပ်ခြောက်ချားသွားရသည်။ ဦးချိုသာကိုတော့ ထိလို့မရဘူး အသက်ချင်းလဲပစ်ရမယ်။ လူယုတ်မာကောင် သူမမျက်ဝန်းတွေ ပြာဝေသွားရကာ ကြမ်းပြင်ပေါ်မှာ ကျနေတဲ့ ဓားကိုကောက်ယူလိုက်ပြီး သူမ အနီးတိုးကပ်လာတဲ့ နောင့်ကို မျက်စိမှိတ်ပြီး ထိုးပစ်လိုက်သည်။

"အား ... နင် နင် ကောင်မ နင့်လင်ကို ထိမှာကြောက်လို့ ငါ့ ငါ့ကို အား ..."

နောင်က ရင်ဝကို လက်နှင့်ဖိပြီး လဲကျသွားသည်။ ဦးချိုသာ ဝင်လာ၏။ သူမ တုန်တုန်ယင်ယင်နှင့် နံရံမှာကပ်ပြီးကျောက်ရုပ်လေး တစ်ရုပ်ကဲ့သို့ ရပ်နေမိသည်။

"ငွေမှုံ သတိထားစမ်းပါ ... ဒီကိစ္စ ဦးချိုသာကြည့်ရှင်းမယ် မင်းသွားတော့ မင်းသတ်တာ မဟုတ်ဘူးနော် ... ဦးချိုသာထိုးသတ်တာ မှတ်ထား"

"ဟင့်အင်း ... မဟုတ်ဘူး ... ဟင့်အင်း ငွေမှုံထိုးတာပါ ဦးချိုသာနဲ့ မဆိုင်ပါဘူး ... ငွေမှုံ အပြစ် ငွေမှုံခံမယ် ... ဦးချိုသာ သွားပါတော့ ... မမခရမ်း သိသွားရင် ပြဿနာတက်လိမ့်မယ် ... ဦးချိုသာကို လုံးဝ အထိအခိုက် မခံနိုင်ဘူး ... သွားပါတော့ ငွေမှုံကို သနားရင် ဒီကိစ္စနဲ့ ဝေးဝေးနေပါ"

"မသွားဘူးကွာ ... ငါ့ကြောင့် မင်းဒီဘဝရောက်ရတာပဲ မင်းကို လုံးဝစိတ်မချလို့ ဦးချိုသာ လာကြည့်တာပါ ... ဒီကောင်က ပြန်သွားသလိုလို ဟန်ရေးပြပြီး မင်းဆီဝင်လာတယ် ... လူယုတ်မာကောင် ... ငွေမှုံလေးရယ် မင်းအနာဂတ်က လှပပါတယ် ... အနစ်မွန်း မခံပါနဲ့ ... မင်းအတွက် ဦးချိုသာ အားလုံးစီစဉ်ထားပြီးပြီ ... ဦးကြွေတို့ စီစဉ်ပေးလိမ့်မယ် မင်းဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားပါ ... ဒီလူယုတ်မာသေပြီ ... မင်းအတွက် အန္တရာယ်ကင်းသွားပြီလို့ပဲ မှတ်ပါနော်"

"ဟင့်အင်း ... ဟင့်အင်း ... ငွေမှုံ လက်မခံဘူး လူယုတ်မာတို့ ငွေမှုံ လက်မခံဘူး ... လူယုတ်မာကို ငွေမှုံပဲ သတ်တာ ... အဲဒီ အပြစ်ကို ငွေမှုံ ကျေကျေနပ်နပ် ခံယူမယ်၊ ဦးချိုသာမှာ အိမ်ထောင်နဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ နာမည်အပျက်မခံပါနဲ့ ... ငွေမှုံကြောင့် ဦးချိုသာ ဘဝပေးဆပ်နေခဲ့ရတာပါ ဒီထက်ပိုပြီး မပေးဆပ်







www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့တော့ ဦးချိုသာရယ်နော် ... ”

“မဟုတ်ဘူး မဟုတ်သေးဘူး ... ငွေမှုံ့စာကယ်တမ်းမှားတာက ဦးချိုသာပါ ... ဦးချိုသာ အသုံးမကျခဲ့တာပဲ”

“နောင့်ကို ငွေမှုံသတ်လိုက်တာပါ ကျွန်မဝန်ခံပါရစေ”

ငွေမှုံသတ္တိရှိရှိ ရင်ဆိုင်ဖို့ပဲ ဆုံးဖြတ်ထားမိသည်။ မမလေး ခရမ်း ဝင်လာ၏။ သူ့တူအလောင်းကို ပွေ့ပြီးငိုယိုယင်းဒေါ်သတွေ ပေါက်ကွဲတော့သည်။

“ပြောစမ်း ... နင်တို့နှစ်ယောက် ဘယ်သူသတ်တာလဲ ငါ့တူလေးက နင့်ကိုချစ်လို့ လက်ထပ်ခွင့်တောင်းဆိုခဲ့တာပဲ ... သူ့အမေသဘောမတူတာတောင် အတင်းတောင်းဆိုခဲ့တာ နင် တော်တော် ရက်စက်တာပဲ ... ပြောစမ်း ဒါ ဘယ်သူလုပ်တာလဲ”

“ကျွန်မ ထိုးလိုက်တာပါ ... ကျွန်မကို အမြဲတမ်းစော်ကားဖို့ ကြံစည်နေလို့လေ”

“ဘာပြောတယ် ... ”

ခရမ်းက ဒေါ်သတကြီးနှင့် ငွေမှုံအား ရန်ပြုမည်ဖြစ်နေသဖြင့် ချိုသာတားဆီးလိုက်သည်။

“မင်းသက်ဆိုင်ရာကို အကြောင်းကြားလိုက်ပါ ခရမ်း ... သူ့ကို ဥပဒေအရ အပြစ်ပေးလိမ့်မယ် ... မင်းတို့က မတရားလုပ်နေတာကွ ရပ်တန်းကရပ်လိုက်ပါ ... ”





“ဘာ ... ရှင်က ဟိုဟာမကဘက်ကလား ... ကောင်းပြီလေ ရှင့်ဟာမကို သေဒဏ်ကျခံရအောင်လုပ်ပြမယ်”

ခရမ်းဒေါ်သတကြီးနှင့် သက်ဆိုင်ရာကို အကြောင်းကြားလိုက်သည်။

“လူသတ်သမား နင်သိမယ် ... ငါ့ယောက်ျားကိုပါ လုယူချင်တဲ့ မိန်းမယုတ် ... နင့်ကို ငါကောင်းကောင်း ပညာပေးရမယ် ... ရှင်လည်း သတိထားပါ ... ရှင့်ဘဝလည်း မြောင်းထဲရောက်အောင် လုပ်ပစ်မယ်”

ဒေါ်သန္တာနီလည်း ရောက်လာသည်။ ဦးလေးကြွေတို့လည်း ရောက်လာကြ၏။ ငွေမှုံကိုကြည့်ပြီး ဒေါ်သန္တာနီက တစစီဆွဲဖွဲ့မတတ် ဒေါ်သတွေကပေါက်ကွဲနေသလောက် ဦးလေးကြွေနှင့် ဒေါ်နှင်းက ရင်ထုမနာဝမ်းနည်း ကြေကွဲနေကြသည်။

“ဖြစ်မှဖြစ်ရလေ ငွေမှုံလေးရယ် ... ဒီကောင်မရှိဘူးထင်လို့ ဒေါ်နှင်းတို့ ထွက်သွားတာပါ ... အမြဲတမ်း ပြန်ပြန်လာပြီး ငွေမှုံလေးကို ဒုက္ခပေးတယ် တောက် ... ယုတ်မာလိုက်တာ”

“ဘာ ... ဘာပြောတယ် နင်တို့လို အစေခံတွေကများ ငါ့သားကို အားလုံးမောင်းထုတ်ပစ်လိုက်စမ်း ... ခရမ်း ... ခွေးမောင်းသလို မောင်းထုတ်ပစ် ... ခွန်းချိုသာ နင်လည်း ကြံရာပါပဲ ဒီဟာမနဲ့ ဖောက်ပြန်ပြီး ငါ့သားကို အသေသတ်ပစ်လိုက်တာ နင်လည်း တရားခံပဲ”



www.burmeseclassic.com

www.burmeseclassic.com



ချိုသာ ဘာတစ်ခွန်းမှ တုန့်ပြန်ပြောဆိုခြင်း မပြုတော့ ... အကျင့်စာရိတ္တ မကောင်းတဲ့ ခရမ်းအစ်မသားအမိကို လက်ခံထားမိတာပဲ နောင်တရမိသည်။ ဖြစ်ချင်တာဖြစ်ပဲ ငွေမှုံ့ဘက်ကနေ ခုခံကာကွယ်ဖို့ ချိုသာဆုံးဖြတ်ထားလိုက်၏။ သဲက်ဆိုင်ရာတွေ ရောက်လာပြီး ငွေမှုံ့ကို လက်ထိပ်ခတ်ဖမ်းဆီးကြသည်။

"အမလေး ငွေမှုံ့လေးရယ် ... ပန်းကောင်းအညွှန့်ချိုးခံရပြီပေါ့ ... ဒေါ်လေးနှင်း ဘယ်လိုဖြေရမလဲကွယ်"

ငွေမှုံ့ အံသွားလေးတွေကို တင်းကျပ်စွာစေ့ကပ်ထားမိသည်။ ရင်ဆိုင်မယ် ငွေမှုံ့ကြောင့် ဦးချိုသာ နာမည်ဂုဏ်သတင်း မှေးမှိန်သွားရတာပင်။ စိတ်ထိခိုက်နာကျင်ရ၏။ ဦးချိုသာ ဘဝကို သူမအသက်နှင့်လဲပြီး ခုခံကာကွယ်ဖို့ ဆုံးဖြတ်ထားသည်။

"အစေခံမ ... နင့် အပြစ်ဘယ်လောက်အထိ ခံရမလဲဆိုတာ ငါလုပ်ပြမယ် ... နင့် အသက်ပါပေးရမယ်"

ငွေမှုံ့ အံကြိတ်ပြီး မျက်ရည်တပေါက်လေးမှ မကျစေရန် တင်းခံလျက် သက်ဆိုင်ရာတွေ ခေါ်ဆောင်ရာနောက်သို့ ခြေလှမ်းမပျက် လိုက်ပါလာခဲ့သည်။ သူမ ကြောက်ရွံ့တုန်လှုပ်နေတာမျိုး ဦးချိုသာကို မြင်စေချင်ပေ။ သတ္တိရှိရှိ ရင်ဆိုင်ရမည်ဖြစ်၏။ ငိုယိုသံတွေ သူမအား ဆဲဆိုကြိမ်းမောင်းသံတွေနှင့် အဝေးဆုံးကို သွားရတာပဲ ကံကောင်းခြင်းအဖြစ်သတ်မှတ်ထားမိသည်။

"ငွေမှုံ့လေး ဘာမှ အားမငယ်ပါနဲ့ သမီးလေးမှာ အပြစ်မရှိ





ကြောင်း ဒေါ်လေးနှင်းတို့ ခုခံကာကွယ်မယ် သက်သေခံမယ်"

ချိုသာဘာဆက်လုပ်သင့်လဲဆိုတာ သတ္တိရှိရှိ ဆုံးဖြတ်ရတော့မည်ဖြစ်သည်။ ငွေမှုံ့ကိုကာကွယ်မယ် ... ဦးချိုသာကြောင့် ငွေမှုံ့လေး ဘဝပျက်တဲ့အထိ ဖြစ်သွားရသည်။

"ငွေမှုံ့လေးကို မင်းစောင့်ရှောက်ပေးပါ ... လက်ထပ်မယ်ဆိုရင်လည်း လက်ထပ်ပါ ... ဒါမှ မဟုတ် မင်းမှာလက်ထပ်ရမယ့် ချစ်သူရှိနေပြီဆိုရင်လည်း ငွေမှုံ့လေးကို ညီမလေးတစ်ယောက်လို စောင့်ရှောက်ပေးပါ မောင်ချိုသာရယ် ... ဦးလေးသောင်း အသေဖြောင့်အောင် ကတိပေးပါလား"

ဦးလေးသောင်းစကားကို သူ ပြန်ကြားယောင်လာရပြီး သူကတိပေးခဲ့ပေမယ့် ငွေမှုံ့အပေါ် ရက်စက်ခဲ့သည်။ အစေခံဘဝကို သူသွပ်သွင်းထားလိုက်တာပါ ... ဦးကြွေနှင့် ဒေါ်နှင်းကိုလည်း ငွေမှုံ့အတွက် စီစဉ်ထားတဲ့ တိုက်ခန်းမှာ ပြောင်းနေဖို့ လုပ်ပေးလိုက်သည်။

"ဦးကြွေတို့ ပြောင်းနေကြပါ ... ကျွန်တော့်အတွက် မပူပါနဲ့ ... ငွေမှုံ့ အမှုကနေသက်သာရာ သက်သာကြောင်းကိုပဲ အသေအချာကြိုးစားရမယ် ... ကျွန်တော် ထောက်ပံ့ကူညီမယ်"

"မောင်ချိုသာ မင်းဖြစ်ပါ့မလား ... သူတို့က အရမ်းကြောက်စရာကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မပူပါနဲ့ ကျွန်တော်ယောကျ်ား တစ်ယောက်ပါ"

"ကောင်းပါပြီကွယ် ... ဦးကြွေတို့အတွက်လည်း မပူပါနဲ့ စုဆောင်းထားတဲ့ ငွေကြေးလည်း ရှိပါတယ် ... ငွေမှုံလေးကိုပဲ ကူညီစောင့်ရှောက်ပေးပါ"

ဦးကြွေတို့ ပြောင်းသွားကြသည်။ ခရမ်းကတော့ မကျေမနပ်နှင့် သူ့ကိုတိုက်ခိုက်ဖို့ ကြံမ်းမောင်းပြောဆိုကြံစည်နေ[...] ချိုသာ ပြတ်သားစွာပဲ ဆုံးဖြတ်ထားသည်။

"မင်းတို့ညီအစ်မနဲ့ ငါလုံးဝ ဆက်မနေနိုင်တော့ဘူး ခရမ်း အစော်ကားလည်း မခံနိုင်ဘူး ... မောက်မာလွန်းတဲ့ မင်းတို့အကျင့် စရိုက်တွေကိုလည်း ငါလက်မခံနိုင်ဘူး ... ဒီတိုက်ကြီးထဲကနေ ထွက်သွားပေးကြပါ ... မင်းရသင့်ရထိုက်တာကိုလည်း ငါပေးမယ် ကွာ ... ရှင်းကြရအောင်"

"ဘာ ... ဘာပြောတယ် ... ကိုခွန်းချိုသာ ရှင်က ဟိုဟာ[...] ကြောင့် တော်တော်လေး သတ္တိတွေ ရှိနေပါလား ... အရင်ကတော့ ဘယ်ကိစ္စမဆို ခရမ်းသဘောကျ စီစဉ်ဆို ... ဒီတိုက်ကြီးထဲကနေ ကျွန်မကို မောင်းထုတ်ပစ်ဖို့ မစဉ်းစားနဲ့ ရှင်ပဲထွက်သွား ... ကွာရှင်းမယ်ဆိုရင်တောင် ရှင့်စည်းစိမ်တစ်ဝက်ပေးရမယ် ရှင်းပြီလား"

"တောက် ... "

ခရမ်းနှင့်ဆက်ပြီး စကားပြောဆိုခြင်း မပြုလိုတော့[...]





ကုမ္ပဏီမှာနေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ခရမ်းပြာတောင်းဆိုသမျှ ပေးဖို့လည်း စဉ်းစားထား၏။ ငွေမှုံကို အကောင်းဆုံးရှေ့နေတွေငှား ပြီး ထုချေဖို့လိုအပ်သည်။

"ကိုခွန်းချိုသာ ဟင်း ဟင်း ခရမ်းက ဘယ်လိုမိန်းကလေး မျိုးလည်းဆိုတာ ရှင်သိပါတယ်နော် ... ရှင့်ဟာမ ဘယ်လိုစာတ် သိမ်းမျိုးနဲ့ ရင်ဆိုင်ရမလဲဆိုတာ စောင့်ကြည့်လိုက်"

သူ့အတွက် အရေးကြီးတဲ့ စာရွက်စာတမ်းတွေ လိုအပ်တာ တွေယူပြီး ထွက်လာခဲ့သည်။ ကုမ္ပဏီမှာလည်း သူ့နာမည်က ပျက် နေ၏။ သန္တာနီဖွထား၍ ဖြစ်သည်။ မပြောရဲကြပေမယ့် ဝန်ထမ်းတွေ ကတိုးတိုးကြိတ်ကြိတ်နှင့် မျက်နှာတွေ ပျက်နေကြတာ သူသိ၏။ ဘာပဲဖြစ်ဖြစ် သူ့ကုမ္ပဏီကြီး ပျက်စီးရုံမကလို့ သူ့ဘဝဆင်းရဲမွဲတေ သွားပါစေ အမှန်တရားဘက်ကနေ လိုက်ပါဆောင်ရွက်ရမည်ဖြစ် သည်။ အချုပ်ထဲမှာ ရှိနေတဲ့ ငွေမှုံအား သွားတွေ့ခဲ့၏။ လောက ဓံတရားကို ကြံ့ကြံ့ခံနေတဲ့ ငွေမှုံကတော့ သူ့ရှေ့မှာ အပြုံးမပျက် ခဲ့ ... ရင်ဆိုင်နိုင်တဲ့ သတ္တိတွေ ရှိနေကြောင်း ပြသခဲ့သည်။

"ဦးချိုသာ ကျွန်မကိုလာမတွေ့ပါနဲ့တော့ ... ကျွန်မအပြစ် ကို ကျွန်မရင်ဆိုင်ရဲပါတယ် ... ဘာမှ မဖြစ်ဘူး"

ဦးချိုသာရောက်လာတော့လည်း ငွေမှုံအားတက်ရပေမယ့် ဦးချိုသာရဲ့ ဂုဏ်သိက္ခာအတွက် မလာစေလိုပေ။ မမခရမ်းနှင့်လည်း အိမ်ထောင်ရေး အဆင်ပြေစေလိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးချိုသာရဲ့ အိမ်ထောင်ရေးကိုပဲ တည်ငြိမ်အေးချမ်းစေဖို့ လုပ်ဆောင်ပါ ... ငွေမှုံ တောင်းပန်ပါတယ်နော်"

ငွေမှုံ မျက်နှာလေး ချောင်ကျနေသည်။ သူ့ရင်တွေမွန်းကျပ်နာကျင်ရ၏။ သူ အသုံးမကျလို့ မထားသင့်တဲ့ အညှိုးအတေးတွေ ထားမိလို့ပါ။

"ဦးလေးကြွေတို့ အေးအေးချမ်းချမ်း နေထိုင်ရလို့ ငွေမှုံပျော်တယ် ... ငွေမှုံ လွန်ကျူးခဲ့တဲ့ ပြစ်မှုအတွက် ဥပဒေကပေးမယ့် အပြစ်ဒဏ်ကို ခံယူမယ် ... ပြီးမှ ငွေမှုံဘဝကို အသစ်စချင်ပါတယ် ငွေမှုံ ဆရာဝန်မဖြစ်လည်း အကြောင်းမဟုတ်ပါဘူး ... ငွေမှုံ ထဲ ကြမ္မာကို လက်ခံပါတယ်"

"ငွေမှုံလေးရယ်"

ချိုသာ စိတ်ထိခိုက်ကြေကွဲရသည်။ ဖြူစင်တဲ့ မိန်းကလေးပါ သူ့အပေါ်လည်း အားနာပြီး ပြန်လည်ပေးအပ်လိုနေ၏။ ဦးချိုသာရဲ့ အပြစ်တွေပါ ငွေမှုံလေးအပေါ် အထင်လွဲပြီး မဆင်မခြင် လက်တုန့်ပြန်လိုက်မိတာပါ။ အရွယ်နှင့် မမျှအောင် ပြည့်ဝလွန်းသူဖြစ်သည်။

"ဦးချိုသာကို မမခရမ်းက တစ်မျိုးထင်လိမ့်မယ် ... အမှုထဲကို ဆွဲထည့်လိမ့်မယ် ... ငွေမှုံအပြစ်ကို တစ်ယောက်တည်းပဲ လွတ်လွတ်ကျွတ်ကျွတ် ခံပါရစေ"

ငွေမှုံ ငိုပစ်ချင်သည်။ ဦးချိုသာနှင့် အဝေးဆုံးမှာနေဖို့ ဆုံး





ဖြတ်ထားသည်။ ငွေမှုံ ထောင်ကျချင်သလောက် ကျပါစေ။ ဦးချိုသာ မပါဝင်စေရပဲ သူမတစ်ယောက်ထဲ ခံယူမည်ဖြစ်၏။ နောက်ထပ် မလာတွေ့ဖို့ ဆုံးဖြတ်ထားသည်။

"နောက်ထပ် အတွေ့မခံတော့ပါဘူး ... ကျွန်မကို စိတ်ဒုက္ခရောက်အောင် ထပ်မတွေ့ဖို့ တောင်းပန်ချင်ပါရစေ"

"ငွေမှုံကို ဦးချိုသာတစ်ခုပဲမေးမယ် ... ဟို ဟို ဦးချိုသာမူးပြီး လာတဲ့နေ့က ငွေမှုံနဲ့ ဦးချိုသာ လွန်လွန်ကျူးကျူးများ ဖြစ်ခဲ့လားလို့"

"အို ... မဖြစ်ပါဘူး စိတ်အေးအေးထားပါ ... ဖြစ်စရာလား ဦးချိုသာရယ် ဘာမှမဖြစ်ပါဘူးနော်"

ငွေမှုံ ငိုချင်သည်။ ဦးချိုသာနှင့် ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို လုံးဝ ထုတ်ဖော်မပြောဖို့ ဆုံးဖြတ်ထားသည်။ ဦးချိုသာ့ကို နောက်ဆံ မတင်းစေလိုပေ။ မမခရမ်းနှင့် တည်မြဲတဲ့ အိမ်ထောင်တစ်ခုပဲ တည်ဆောက်စေလိုသည်။ ဦးချိုသာ အထပ်ထပ်မေးနေ၏။ ငွေမှုံ လုံးဝ မဖြစ်ခဲ့ကြောင်း ပြောခဲ့သည်။

"ဦးချိုသာကို ငွေမှုံအမှန်အတိုင်း ပြောတာပါနော် ... ခေါင်းထဲမှာ လုံးဝမထည့်ပါနဲ့ ဒါပါပဲ"

ငွေမှုံဆက်ပြီး မဖြေချင်တော့သဖြင့် ထိုင်ရာမှထပြီး ထွက်သွားဖို့ပြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဒီကလစ်လေးတွေက ငွေမှုံပစ္စည်းတွေလား ဦးချိုသာ အင်္ကျီမှာ ကပ်ပါလာတာပါ"

"ဟင်"

သူမ ဘာမှဆက်မပြောနိုင်။ နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ်တုန်ရင်လာ၍ ဖြစ်သည်။

"ဒါကတော့ ... ဆွဲလားရမ်းလားဖြစ်လို့ထင်ပါတယ်၊ ဦးချိုသာနဲ့ ကျွန်မ လုံးဝလွန်လွန်ကျူးကျူး မဖြစ်ပါဘူး အမှန်ပါ"

သူမ ချာခနဲထ၍ ဦးချိုသာရှေ့ကနေ ထွက်လာခဲ့သည်။

✥

## အခန်း ( ၁၉ )

အမှုရင်ဆိုင်နေရတဲ့အချိန်တွေမှာ ဦးချိုသာနှင့်လုံးဝ မတွေ့ခဲ့။ ငွေမှုံ ငြင်းဆန်ခဲ့သည်။ ဦးချိုသာက အပြင်ကနေ ဆောင်ရွက်နေကြောင်းတော့သိ၏။ ဦးလေးကြွေနှင့် ဒေါ်လေးနှင်းတို့ကိုပဲ တွေ့ဆုံသည်။

"ငွေမှုံလေး ဝိန်လိုက်တာကွယ် ... ကျန်းမာရေးမကောင်းဘူးထင်တယ်"

"ဟုတ်ကဲ့ ... အန်ချင်တယ်၊ ရင်ထဲမှာပျို့နေတယ် အစားတွေပျက်တယ်"

"ဘုရားရေ ... "

"ရှင် ... ဘာလဲဟင် ဘာဖြစ်လို့လဲ"

ဦးလေးကြွေကို ပြန်ခိုင်းလိုက်ပြီး ဒေါ်လေးနှင်းက ငွေမှုံ့အား တိုးတိုးတိတ်တိတ်မေးသည်။

"ငွေမှုံလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"မိန်းကလေးမွေးတာရော မှန်လား"

"ဟင် ... မလာသေးဘူး ဒေါ်လေးနှင်း ... နှစ်လကျော်

ကျော်နေပြီထင်တယ်"

"ငွေမှုံ မှန်မှန်ဖြေနော် ... ဟိုညကလေ မောင်ချိုသာမူးလာ

တဲ့ညက ငွေမှုံလေးနဲ့ လွန်ကျူးခဲ့တယ်မဟုတ်လား"

"ဟင်"

"အဲဒါကြောင့် သမီးမှာလေ ကိုယ်ဝန်ရှိပြီထင်တယ်"

"ရှင်"

ဒေါ်လေးနှင်းစကားကြောင့် ငွေမှုံခေါင်းတွေ မိုက်ခနဲပြာဆင်း

သွားကာ လဲပြိုကျမတတ် ယိုင်ချိုသွားသည်။ ဟုတ်တယ် ... ဖြစ်နိုင်

တယ်။ ငွေမှုံ ဘယ်လိုလုပ်ရမလဲ။ ဓားချွေးတွေပင် ပျံချင်လာ၏။

အချုပ်ခန်းရဲ့ သံတိုင်ကို တင်းကျပ်စွာဆုပ်ကိုင်ထားမိသည်။

"ငွေမှုံ ဘယ်လိုလုပ်ရမလဲ ဒေါ်လေးနှင်း ... ငွေမှုံကံကိုက

ဆိုးဝါးနေတာပါ။ ဒီကိစ္စ ဦးချိုသာ မသိပါစေနဲ့ ငွေမှုံ့ကြောင့် ဦးချို

သာတို့မိသားစုဘဝလေး အပြိုကွဲမခံနိုင်ပါဘူး ... ဒေါ်လေးနှင်း

ကတိပေးပါ၊ ဦးချိုသာကို လုံးဝမပြောပါဘူးလို့ ... တကယ်လို့

ဦးချိုသာ သိသွားရင်လည်း ငွေမှုံ ငြင်းမှာပဲ၊ နောက်ဆုံး ငွေမှုံအသေခံ

ပဲ အသေခံပြစ်လိုက်မယ်"

"ငွေမှုံလေးရယ်"





ကံဆိုးမလေးရဲ့အဖြစ်ကို ဒေါ်နှင်း မကြည့်ရက်အောင်ဖြစ်

နေသည်။ သနားလွန်းရ၏။ မောင်ချိုသာကိုလည်း အသိပေးချင်

ငွေမှုံလေးဆန္ဒအတိုင်းပါပဲဟု ကတိပေးလိုက်သည်။

"ကျေးဇူးတင်လိုက်တာ ဒေါ်လေးနှင်းရယ် ... ဦးချိုသာ

ရင်သွေးလေးကို ငွေမှုံမွေးမှာပါ၊ မဖြစ်မနေရအောင် မွေးမယ် ...

ငွေမှုံ အပြစ်ဒဏ်ခံရတဲ့အချိန် ထောင်ထဲမှာပဲမွေးပြီးရင် ဦးလေးကြွေ

နဲ့ဒေါ်လေးနှင်းတို့လက်ထဲ အပ်ပါ့မယ် ... မွေးပေးပါ ... ဦးချိုသာ

မေးရင်လည်း နောင်နဲ့မှားယွင်းမိလို့ ရတာပါလို့ ပြောပေးပါ"

"ကလေးရယ် ... အမှန်အတိုင်းပြောတော့လည်း ဘာဖြစ်

လဲ ... မောင်ချိုသာက တာဝန်ယူမှာပါကွယ်"

"ဟင့်အင်း ... ဟင့်အင်း ... ငွေမှုံ လက်မခံနိုင်ပါဘူး

ဦးချိုသာ စိတ်ထဲမှာ လုံးဝကို အနှောက်အယှက်အဖုအထစ် မရှိစေ

ချင်လို့ပါ ... ငွေမှုံ အပြစ်ဒဏ်ခံရပြီး ထောင်ကနေထွက်လာရင်

ဘဝသစ်ကို ကြိုးစားရုန်းကန်တည်ဆောက်ပါ့မယ်"

"ဒီကိစ္စတွေအတွက် စိတ်ချပါ ငွေမှုံလေးရယ်၊ ဒေါ်လေးနှင်း

တာဝန်ယူပါတယ် ... ကျန်းမာရေး ဂရုစိုက်ပါ၊ လိုအပ်တဲ့ပစ္စည်း

တွေ ဒေါ်လေးနှင်း ဝယ်ပို့ပေးမယ်နော်"

"ဟုတ်ကဲ့ ... ငွေမှုံအားတင်းနေပါ့မယ် ... အရမ်းကျေးဇူး

ဇမ်းသာတယ်၊ ငွေမှုံ သံယောဇဉ်တွယ်တာရတဲ့ ဦးချိုသာနဲ့ရင်သွေး



www.burmeseclassic.com

www.burmeseclassic.com



လေးကို မွေးဖွားခွင့်ရလို့လေ၊ ဒီလောက်ဆိုရင်ပဲ ငွေမှုံကျေနပ်ပါပြီ နော် ... ဦးချိုသာကိုတော့ လုံးဝအသိမပေးပါနဲ့"

"အေးပါကွယ် ... ငွေမှုံလေးသဘောဆန္ဒအတိုင်းပဲ ဖြစ်စေရပါ့မယ်၊ ကျန်းမာပျော်ရွှင်အောင်နေပါ"

ငွေမှုံ အားတက်သွားသည်။ ဒေါ်လေးနှင်း ပြန်သွား၏။ ငွေမှုံ ပျော်ရွှင်နေမိသည်။ ဦးချိုသာရဲ့ရင်သွေးလေးက ငွေမှုံဆီမှာ ရှိနေ၏။ ပျော်လိုက်တာ ... ဟုတ်တယ် ငွေမှုံကျန်းမာအောင် နေထိုင်ရမယ်။ ရင်သွေးလေးကိုမွေးမယ်။ ထောင်ထဲမှာ မွေးရတဲ့ ကလေး ဘာဖြစ်လဲ။ မေမေ အစွမ်းကုန် ကြိုးစားပြုစုပျိုးထောင်မယ်။ ကျန်းမာရေးကို ဂရုစိုက်စောင့်ရှောက်နေထိုင်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဝေါ့ ... ဝေါ့ ... အား ... "

အချုပ်ကျနေစဉ်အတွင်း အမှုကိုရင်ဆိုင်ရင် ငွေမှုံသတိထားပြီး ရင်သွေးလေးကို စောင့်ရှောက်နေခဲ့သည်။

"ဦးချိုသာရယ် ... ငွေမှုံ အရမ်းပျော်ပါတယ် ... ရင်သွေးလေးကိုမွေးမှာပါ"

ဦးချိုသာရဲ့ အိမ်ထောင်ရေးကို အပျက်စီးမခံနိုင်၍ ရင်သွေးလေးအကြောင်း လုံးဝထုတ်ဖော်မပြောပြဖို့ ဆုံးဖြတ်ထားသည်။ တဖြည်းဖြည်းနှင့်ငွေမှုံကိုယ်ဝန်က ရင့်သထက်ရင့်လာ၏။ ဦးလေး





ကြွေ ပြောပြချက်အရ ဦးချိုသာရှေ့နေတွေ ငှားရမ်းပြီး အကောင်းဆုံးခုခံကာကွယ်ပေးနေသည်တဲ့။ ငွေမှုံ မတွေ့ချင်ဘူးတောင်းဆိုသဖြင့် ဦးချိုသာ လာရောက်တွေ့ဆုံခြင်း မပြုခဲ့ပေ။ နောက်ဆုံးတော့ မိန်းကလေးတစ်ယောက်၏ ခုခံကာကွယ်ပိုင်ခွင့်နှင့်ငွေမှုံ ထောင်ဒဏ် သုံးနှစ်ကျခံရသည်။

"ဒင်းမှာ ကိုယ်ဝန်တောင်ရှိနေပြီ ... အလိုတူအလိုပါဖြစ်ပျက်တာပဲ ... ဒင်းလိုအစေခံမနှင့် ကလေးရတာရှုံ့တယ်၊ အစေခံမရဲ့သွေးကိုလည်း လုံးဝတာဝန်မယူနိုင်ဘူး"

ဒေါ်သန္တာနီ အော်ကြီးဟစ်ကျယ်နှင့် မောက်မောက်မာမာပြောဆိုနေတာကို ငွေမှုံ မငြင်းဆန်ဘဲ ငြိမ်သက်နေလိုက်သည်။ ရှင်တို့သွေးကိုများ ငွေမှုံကလွယ်ထားမယ်ထင်နေလား။ ဝေးသေးတယ် ... ကျွန်မ ခန္ဓာကိုယ်ထဲကနေ ဖောက်ထုတ်ပြစ်မှာ အခုကျွန်မလွယ်ထားရတဲ့ ရင်သွေးလေးက ကျွန်မချစ်မြတ်နိုးပြီးသံယောဇဉ်တွယ်တာရတဲ့ ဦးချိုသာရဲ့သွေးပါ။ ကျွန်မ တာန်ဖိုးထားရတဲ့ ရင်သွေးလေးပါ။

"ငွေမှုံလေးအား မလျှော့နဲ့နော် ... ကလေးမွေးခါနီးနေပြီ မိဘ်ကိုတင်းထားပါကွယ်"

"ငွေမှုံ့ကို စိတ်ချပါ ဒေါ်လေးနှင်းရယ် ... ဦးချိုသာကိုတော့ လုံးဝမပြောပြပါနဲ့နော် ... ငွေမှုံ ကျေနပ်ပါတယ်"

"ဖြစ်မှဖြစ်ရလေ ကလေးရယ် ... သနားစရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနော်၊ ရင်ကျိုးရပါတယ် ... ရိုးသားဖြူစင်တဲ့ ငွေမှုံလေး
ကံကောင်းပါစေ"

ငွေမှုံ ကိုယ်ဝန်ကြီး မွေးလုမွေးခင်ဖြစ်နေ၍ ထောင်ဆေးရုံ
မှာပဲနေရသည်။ သတ္တိတွေအပြည့်နှင့် ရင်သွေးလေးဘေးမသီရန်မခ
မွေးဖွားနိုင်ရန် ငွေမှုံ စိတ်တင်းထားရ၏။ ဘဝဝဋ်ကြွေးအတွက်
ပေးဆပ်ရတာပဲ ငွေမှုံ ကျေနပ်သည်။

"ဦးချိုသာလည်း ငွေမှုံ့လိုပဲ ဦးလေးတစ်ယောက်ရဲ့
သံယောဇဉ်တွေ ဆုံးရှုံးခံရပြီး နာကျင်ကြေကွဲနေခဲ့ရတာပါ ... ခုထိ
လည်း ငွေမှုံ့ကြောင့်ပဲ အိမ်ထောင်ရေး မတည်မငြိမ်မှုတွေနဲ့ စိတ်
သောကတွေ ခံစားနေခဲ့ရတာပါပဲလေ"

ဦးချိုသာကို လွမ်းနေမိသည်။ ငွေမှုံ့ကို အစေခံတန်းလျား
မှာထားလည်း ငွေမှုံ မမုန်းမိ ကျေနပ်စွာပေးဆပ်လိုခဲ့၏။ အရက်
တွေမူးလာတဲ့ညကလည်း ငွေမှုံကိုယ်တိုင် အလိုတူ အလိုပါ လက်ခံ
ခဲ့၍ဖြစ်သည်။

"ဦးချိုသာက ငွေမှုံ့ကိုချစ်နေတယ်တဲ့လေ၊ ငွေမှုံ တကယ်
မယုံနိုင်ပါဘူး၊ အရမ်းမုန်းတီးနာကြည်းနေမယ်လို့ ထင်ထားမိခဲ့တာ
ပါ"

ထိုညက ငွေမှုံ အပျော်ကြီးပျော်ရွှင်ကျေနပ်ခဲ့မိသည်။ ဒီကိ
တွေကို ဦးချိုသာအား လုံးဝအသိမပေးခဲ့ပေ။ ရင်သွေးလေးကိုမွေ
ပြီးတာနှင့် ဦးလေးကြွေတို့လက်ထဲ အပ်လိုက်ရန် ဆုံးဖြတ်ထားမိ





သည်။

"အား ... ကျွတ် ... ကျွတ် ... အား"

"ဘာဖြစ်လို့လဲ ငွေမှုံချယ်"

"အား ... အမလေး ... ကျွန်မ ဗိုက်နာလာပြီထင်တယ်
အား ..."

"ကလေးမွေးတော့မယ်ထင်တယ် ... ကဲ ကဲ လာ ... အား
တင်းထားနော်၊ ညည်းဘဝလေးကလဲဟယ် သနားစရာကောင်း
လိုက်တာ တကယ့်ကို ငယ်ငယ်ချောချောလေးပဲ"

"အား ... အီအီ ... ကျွန်မ အရမ်းညှစ်ချင်လာပြီ"

ကလေးရယ် မေမေဗိုက်ထဲကနေ အရမ်းထွက်ချင်နေပြီလား
ကွယ်။ တိုးထွက်နေပါလား။ သူမအား မွေးခန်းထဲခေါ်သွားပြီး မွေး
ခုတင်ပေါ်တင်လိုက်သည်နှင့် ချောမောစွာ မွေးဖွားနိုင်ခဲ့သည်။

"ဟယ် ... ယောက်ျားလေး ... ချစ်စရာကောင်းလိုက်တာ
နော်၊ ပေါင်လည်းပြည့်တယ် ငွေမှုံချယ် ... သမီးမွေးတာ ယောက်ျား
လေး"

"ဟုတ်လား ... အမလေး ဝမ်းသာလိုက်တာ ငွေမှုံ
သားလေးမွေးတာနော်"

"ထောင်ထဲမှာမွေးတဲ့ ထောင်မင်းသားလေးဆိုပေမယ့်
ညည်း လွတ်သွားရင် လူလိမ်မာလေးဖြစ်အောင် ဂရုတစိုက်ကျွေး



www.burmeseclassic.com

www.burmeseclassic.com



မွေးစောင့်ရှောက်နော် ငွေမှုံချယ် ... ညည်းလေးမတတ်နိုင်ရင်လည်း သူ့အဖေ အသိုင်းအဝန်းလက်ထဲ ထည့်လိုက် ကြားလား။ ကလေးရဲ့ အနာဂတ်အတွက်လေ ... သူ့အဖေ မရှိတော့ပေမယ့် အသွားကချမ်းသာတာပဲ"

"သူ့အဖေ ရှိပါတယ် မသေပါဘူး"

"ဟင် ... ညည်းလေး သတ်လိုက်တာ သူ့အဖေဆို"

"ဩော် ... အင်း ဟုတ်တယ် ... "

ကျွန်မရင်သွေးလေးရဲ့အဖေက လူကြီးလူကောင်းတစ်ယောက်ပါ။ အရမ်းခန့်ညားချောမောတယ်။ သားလေးနဲ့တူလိုက်တာ။ ခဏနေတော့ ငွေမှုံ အိပ်ပျော်သွားသည်။

✥

BURMESE CLASSIC

အခန်း ( ၂၀ )

"ငွေမှုံ ရင်သွေးလေးကို သေသေချာချာ ကျွေးမွေးစောင့်ရှောက်ပေးပါနော် ... ဦးလေးကြွေ ဒေါ်လေးနှင်းရောပဲ၊ ငွေမှုံ စိတ်ချပါတယ် ... နောက်ထပ် ထောင်ဝင်စာ လာမတွေ့ပါနဲ့တော့၊ သားလေးကိုလည်း ခေါ်မလာပါနဲ့၊ ငွေမှုံပဲ ထွက်လာခဲ့ပါ့မယ်"

"အေးပါကွယ် ... စိတ်ချလက်ချနေပါ၊ သားလေးကိုစောင့်ရှောက်ဖို့ ငွေမှုံ ကျန်းမာနေဖို့ လိုမယ်နော်"

"ဟုတ်ကဲ့ပါ ပြန်ကြတော့နော် ... "

ဦးလေးကြွေနှင့်ဒေါ်နှင်းတို့သားလေးကို ချီပွေ့ပြီးပြန်ထွက်လာခဲ့ကြသည်။ မျက်ရည်တွေလိမ့်ဆင်းကျလာရ၏။ သနားစရာကောင်းလိုက်တဲ့ ငွေမှုံစံ ... ဘဝရဲ့ဝဋ်ကြွေးက ကြီးမားလွန်းသည်။

"မောင်ချိုသာတို့ အိမ်ထောင်ရေးလည်း ပြိုကွဲသွားပြီ ငွေမှုံဆန္ဒအတိုင်း ကလေးကိစ္စ ဘာမှမပြောဘဲ ရောင့်ရှုတ်ပိတ်နေကြမယ်၊ ငွေမှုံ ပြန်ထွက်လာမှ သူ့သဘောအတိုင်းပဲဖြစ်ပါစေ"

ဗိုးလမြည်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို မောင်ချိုသာ ပေးထားတဲ့တိုက်ခန်းသို့ခေါ်ဆောင်လာခဲ့သည်။ ချစ်စရာကောင်းလိုက်တာ ... ဖြူဖွေးဝတုတ်တုတ်လေး။ မောင်ချိုသာနှင့်ပင် ဆင်ဆင်တူနေသေး၏။ မောင်ချိုသာရဲ့ အထောက်အပံ့နှင့် ငွေကြေးကပြည့်စုံသဖြင့် စိတ်မပူရပေ။ ဦးကြွေတို့ဇနီးမောင်နှံ ဂရုတစိုက်နှင့် ကျွေးမွေးစောင့်ရှောက်ထားသည်။

"ခေါက် ... ခေါက်"

အပြင်မှတံခါးခေါက်သံကြောင့် ဦးကြွေ တံခါးထဖွင့်ပေးလိုက်ရာ ဒေါ်သန္တာနီ ဖြစ်နေသည်။

"ဟင် ... ခင်ဗျား ဘာကိစ္စလာတာလဲ ခင်ဗျားလာပတ်စရာ ဘာအကြောင်းမှ မရှိဘူး ထွက်သွားပါ ... "

"ကျွန်မမြေးကို လာခေါ်တာပါ"

"ဘာပြောတယ် ... အစေခံမသွေးဆို မပေးနိုင်ဘူး ... ထွက်သွားပါ"

"ကျွန်မသား သေပြီပဲ ... ကျွန်မသားသွေးက ကျန်ခဲ့တယ်လေ၊ ဘာပဲဖြစ်ဖြစ် သွေးတော်စပ်နေတာပဲ၊ အစေခံမသွေးကို ဆေးကျောပြစ်ဖို့ လာတောင်းတာပဲ"

"မပေးနိုင်ဘူး ... ခင်ဗျားတို့ ကင်းကင်းရှင်းရှင်းနေကြပါ။ အစေခံမသွေးက အစေခံမသွေးပဲ ဆေးကြောလို့မရဘူး၊ သူ့အမေထောင်ကထွက်လာမှ လာခေါ်ကြ"

"ကြီးကျယ်မနေကြနဲ့ ... ကျုပ်ကလည်း ခေါ်ချင်လို့မဟုတ်ဘူး၊ ကျုပ်သားသွေးစပ်နေလို့"

"ဘာသွေးမှမစပ်ဘူး၊ ထွက်သွားနော် ... ကျုပ်လူထပ်သတ်မိလိမ့်မယ်"

ဦးကြွေ ဓားကိုထဆွဲသဖြင့် ဒေါ်သန္တာနီ ထွက်ပြေးသွားသည်။

"တောက် ... ရာရာစစကွာ"

"ကိုကြွေ ရှင့်စိတ်ကိုထိန်းပါ ... စကားတွေများမယ်နော်"

"အေးပါကွာ"

ကလေးသုံးလအရွယ်တွင် မောင်ချိုသာက ဦးကြွေတို့ဆီရောက်လာသည်။

"ငွေမှုံကလေးတစ်ယောက်မွေးတယ်ဆို ... ပြောစမ်းပါ၊ ဦးလေးကြွေ ဒီကလေးက ဘယ်သူ့ကလေးလဲ နောင့်ကလေးလုံးဝ မဖြစ်နိုင်ဘူး ... ကျွန်တော်နဲ့ငွေမှုံတို့ မှားယွင်းခဲ့ကြတာ သေချာတယ်၊ အမှန်ကိုပြောပြပါ ... "

သူ သတင်းတစ်ခု ကြားလာသည်။ နောင်နှင့်ရတဲ့ရင်သွေးကို ငွေမှုံ မွေးလိုက်သည်တဲ့။ ကလေးကို ဒေါ်သန္တာနီ သွားတောင်းသည်ဟုပင်။ သူ့စိတ်ထဲမှာ မတင်မကျဖြစ်ရတာက သူနှင့်ငွေမှုံတို့ လွန်ကြူးမိသွားတာပဲဖြစ်၏။ ငွေမှုံက ငြင်းဆန်သည်။

"ပြောကြပါ ... ကျွန်တော့်ဘဝကို ကယ်တင်ပေးကြပါ၊ သားလေးက ဘယ်သူ့သားလဲ ဘယ်သူ့သွေးလဲ ... "

"မောင်ချိုသာက ဦးလေးကြွေတို့ရဲ့ ကျေးဇူးရှင်ပါကွယ်၊






www.burmeseclassic.com

www.burmeseclassic.com



ငွေမှုံ ကတိတောင်းထားလို့ပါ၊ ဦးလေးကြွေတို့ ဘာအကြောင်းမှ မပြောပါနဲ့လို့ မင်းသိချင်ရင် ငွေမှုံ ပြန်လွတ်လာမှ မေးပါလား"

ဦးလေးကြွေတို့က သစ္စာရှိသည်။ ပေးထားတဲ့ ကတိတစ်ခုကို အပျက်ခံမှာမဟုတ်။ ကလေးကိုကြည့်လိုက်တော့ သူနှင့်တစ်ထပ်တည်းတူနေတာကို တွေ့ရသည်။ သူ့ရင်သွေးလေးပါ။ သူနှင့် ငွေမှုံတို့ ငြိစွန်းခဲ့သည်ဟု အမြဲတမ်း သံသယဝင်နေခဲ့၏။ ဦးကြွေ လက်ထဲမှ ကလေးကို ပွေ့ချီလိုက်သည်။

"ဒီကလေးက ဘယ်သူ့ကလေးပဲဖြစ်နေပါစေ ကျွန်တော်ပဲ စောင့်ရှောက်မယ် ဦးကြွေ ... သူ့အမေ လွတ်လာတဲ့အထိပေါ့"

မောင်ချိုသာက သူ့ခြံနှင့်တိုက်ကိုလည်း ခရမ်းပြာကိုပေးလိုက်ရသည်။ သူတို့တရားဝင်ကွာရှင်းပြတ်စဲပြီးပြီ။ ငွေမှုံနှင့်ပဲနေထိုင်တော့မည်ဖြစ်၏။ သားလေးက သူ့သားလေးပဲ၊ လုံးဝယုံကြည်လျှက် ဂရုတစိုက် ပြုစုစောင့်ရှောက်ပေးခဲ့သည်။

"ကျွန်တော်ကတော့ သားလေးကို လောလောဆယ်သည်းဦးလေးလို့ ခေါ်မယ် ... သူ့အမေ ပြန်လွတ်လာမှ တခြားမှည့်ချင်တာ မှည့်ပါစေ"

"အမလေး ... ဒုက္ခပါပဲ မောင်ချိုသာရယ်၊ ငွေမှုံက မင်းမသိပါစေနဲ့တဲ့ ... ဦးကြွေတို့ဖော်တာ မဟုတ်ဘူးနော်"

"ဟုတ်တယ် ဒေါ်လေးနှင်းလည်း ကတိပျက်ပြီထင်တယ်"

"ဘာမှစိတ်ပူမနေကြနဲ့၊ သားလေးက ကျွန်တော့်သွေးဆိုတာ မျက်နှာလေးကြည့်တာနဲ့သိတယ်"





ဒေါ်လေးနှင်းလည်း ဝမ်းသာမိသည်။ ထောင်ထဲမှာတွေ့ရတဲ့ကလေးဘဝ ကံဆိုးမှုတွေနှင့်ထပ်ပြီး မဆုံစေချင်တော့ပေ။ ခြံနှင့်တိုက်ကို ဆုံးရှုံးလိုက်ရပေမယ့် မောင်ချိုသာက အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ဖြစ်၍ ငွေကြေးရှာဖွေနိုင်လေသည်။ ငွေမှုံချယ် အပြစ်ဒဏ်ခံရပြီး လွတ်မြောက်မယ့်နေ့တွင် သားလေးက သုံးနှစ်ပြည့်ပြီဖြစ်၏။ မောင်ချိုသာနှင့် ဦးကြွေတို့သားလေးနှင့်အတူတူ သွားကြိုကြသည်။

"ဟော ... ဟိုမှာ ငွေမှုံလေး ထွက်လာပြီ၊ သားလေးရေ ဟိုမှာသားမေမေ တွေ့လား ..."

"ဘယ်မှာလဲ"

"ဟုတ်သားပဲ ဒေါ်နှင်းရယ် သားလေးက အမေကိုမှမမြင်ဘူးတာပဲ လာပါ ... ကျွန်တော်တို့ အနီးကပ်သွားကြိုကြမယ်"

မိသားစုတွေ ဂိတ်တံခါးပေါက်ကြီးနားအထိ တိုးကပ်ဆီးကြိုကြသည်။

"ငွေမှုံ"

"ဟင် ... ဦးချိုသာ၊ ဘယ်ကနေဘယ်လို ငွေမှုံကိုလာကြိုရတာလဲ၊ မမခရမ်းပြာရောဟင် ... ဒါ ... ဒါ ငွေမှုံ့သားလေးလား"

"ဟုတ်တယ် ... ကိုယ်တို့သားလေးပဲ"

"ဘာရှင့်"

"ကဲပါ ... ကားပေါ်တက်ကြပါ၊ အိမ်ရောက်မှ စကားပြောကြတာပေါ့"



BURMESE CLASSIC

www.burmeseclassic.com

ချိုသာက မပြောမဆိုနှင့် ငွေမှုံ့လက်လေးကိုဆွဲပြီး ကားပေါ်တက်စေသည်။ ငွေမှုံချယ်က တစ်ခွန်းမှ စောဒက မတက်နိုင်ခင် ဦးကြွေအား ကားမောင်းထွက်ခိုင်းလိုက်သည်။

"သားလေး ... ဒါ သားမေမေပဲ"

"ဟင့်အင်း ... ဟုတ်ပါဘူး။ ဒီမှာက သားဖေဖေ"

ငွေမှုံချယ် မျက်စိမျက်နှာပျက်ပြီး ချိုသာ့ကိုလည်း ဒေါသတကြီး ကြည့်သည်။

"ရှင် ... ရှင်က သားလေးဖေဖေဖြစ်နေရတာလဲ ဦးချိုသာ၊ အဓိပ္ပာယ်မရှိတာပဲ ... ဦးချိုသာ ကလေးမဟုတ်ပါဘူး။ ဦးလေးကြွေ ဒေါ်လေးနှင်း ..."

"ဒေါ်လေးနှင်းတို့ကို အထင်မလွဲနဲ့နော်၊ သူ့ရုပ်နဲ့တူတယ်ဆိုပြီး သူ့သားအတင်းလုပ်တာပါ"

"ဟုတ်တယ်လေ ငွေမှုံ ... သားလေးကိုကြည့်စမ်း၊ ကိုယ်နဲ့ ဘယ်လောက်တူလဲ၊ မငြင်းပါနဲ့ကွာ၊ သားလေးက ကိုယ့်သွေးပါ ကိုယ် ဒီအင်န်အေ စစ်ဆေးပြီးပါပြီ၊ ကိုယ့်သားမှ ကိုယ့်သားအစစ်ပဲ"

"ငွေမှုံလေးရယ် အမှန်တွေကို လက်ခံပေးလိုက်ပါ၊ သားလေးဘဝမှာ ကံကောင်းခြင်းလက်ဆောင်တွေပဲ ပေးကြရအောင်ပါ"

ငွေမှုံလည်း ဆက်မငြင်းလိုတော့ပါဘူး။ သားလေးအဖေဟာ ဦးချိုသာပဲဟာ။ ဒါပေမယ့် မမခရမ်းက လက်ခံပါ့မလား။ သူတို့ တိုက်ခန်းပြန်ရောက်တဲ့အထိ စိတ်ပူနေမိသည်။



"ဦးချိုသာလည်း ဒီမှာပဲအတူတူနေတယ် ငွေမှုံ ဘာဖြစ်လို့လဲဆိုတော့ ခရမ်းပြာ တောင်းသလောက်စည်းစိမ်ဥစ္စာတွေပေးပြီး ကွာရှင်းလိုက်တယ်"

"ဦးချိုသာရယ် ... ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ၊ ငွေမှုံကြောင့် ဦးလေးရင်းတစ်ယောက်ကို လက်လွှတ်ခဲ့ရတယ်၊ အခုလည်း ငွေမှုံကြောင့် ဦးချိုသာတို့မိသားစုဘဝလေး ပျက်စီးရပြီ၊ ငွေမှုံ လက်မခံနိုင်ဘူး"

"ငွေမှုံ"

"ဟင်"

"အိပ်ခန်းထဲကို လိုက်လာခဲ့ ကိုယ်ပြစရာတစ်ခုရှိတယ်"

"ဟင်"

ငွေမှုံ့လက်လေးကိုဆွဲပြီး အိပ်ခန်းထဲခေါ်လာခဲ့သည်။ ပြီးတော့မှ မေမေ့ဒိုင်ယာရီကို ဖတ်စေသည်။

"တကယ်တော့ ငွေမှုံတို့မိသားစုဘဝက ဦးချိုသာဖေဖေ့ကြောင့် အပြိုပြိုအကွဲကွဲဖြစ်ရတာပါ။ မေမေ့ဒိုင်ယာရီကို စိတ်နာပြီး မဖတ်ဘဲပြစ်ထားတာ၊ ကိုယ်မင်္ဂလာဆောင်ခါနီးမှ ဖတ်မိသွားတယ်လေ ငယ်ငယ်ထဲက အထင်လွဲပြီး ငွေမှုံ့ကို လက်စားချေမိတာပါ"

သူမြင်တွေ့ခဲ့ရတဲ့အဖြစ်အပျက်တွေနှင့် အညှိုးအတေးများအား ဖောက်စုံရှင်းပြလိုက်မိသည်။

"ကိုယ့်ကိုခွင့်လွှတ်ပေးပါ ငွေမှုံရယ် စိတ်မဆိုးပါနဲ့နော် ကိုယ်မှားသွားပါတယ် ... ကိုယ် အနူးအညွတ်တောင်းပန်ပါတယ်

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြာနော် ... ကိုယ့်ကို မုန်းချင်ရင်တောင်မှ ကိုယ့်သားလေးမျက်နှာ ထောက်ပြီး ခွင့်လွှတ်ပေးပါ"

ငွေမှုံ့ကို ဘယ်လိုဘဝမျိုးရောက်အောင်ပဲလုပ်လုပ် မမုန်းတီးနိုင်ပါဘူး။ ခွင့်လွှတ်ပြီးသားပါ ဦးချိုသာရယ်။ သားလေးမျက်နှာကြောင့် မဟုတ်ပါဘူး။ ဟိုအရင်ထဲကပါနော်။ ဦးချိုသာက သူ့မမေးစေ့လေးကိုဆွဲမော့လျှက် ကိုယ့်ကိုမုန်းလားဟု မေးစဉ် ငွေမှုံ့နှုတ်ခမ်းသားလေးတွေက အပြုံးတောက်တောက်တွေနှင့်ခေါင်းလေးခါရမ်းပြလိုက်လေသည်။

"ငွေမှုံ့"

"ရှင်"

"ကိုယ့်ကိုချစ်လား ခေါင်းညိတ်ပြမနေနဲ့နော်၊ ငွေမှုံ့နှုတ်ခမ်းလေးထဲကထွက်ကျလာတဲ့ စကားသံကိုပဲ ကြားချင်တယ် ... ဖြေလေ"

"အင်း ... ချစ်ပါတယ်၊ ဦးချိုသာက ငွေမှုံ့ကို မုန်းနေထဲကိုက ငွေမှုံ့ဘက်က ဦးချိုသာကို ချစ်နေခဲ့ရတာပါ"

ချိုသာ အရမ်းပျော်သွားကာ သူမြတ်နိုးခဲ့တဲ့ပန်းလေးတစ်ပွင့်ကို သူ့လက်တွေနှင့် ပွေ့ဖက်ထားလိုက်သည်။

ရှင်မြတ်နိုး

www.burmeseclassic.com